# သုတဓမ္မဂဝေသီ

## BA Part(1)

# မိလိန္ဒပဉှာ

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ
အချေအတင်ပြောဆိုချက်များ

ဆရာမကြီးဒေါ်ခင်လှတင်(ဓမ္မဗျူဟာ)၏ သင်ခန်းစာပို့ချမှုများအား
မှတ်စုအဖြစ် ရေးသားပူဇော်ပါသည်။

**Daw Moe Moe Swe**

မိလိန္ဒပဉှာ မှတ်စုကို

နောက်လာမည့် Batch တွင် ဖြေဆိုမည့်သူများ

- လွယ်ကူစွာ လေ့လာနိုင်စေရန် အတွက်သာ ရေးသားပြုစုထားပါသည်။
- မူရင်းပြဋ္ဌာန်းစာအုပ်ကိုသာ အကြိမ်ကြိမ်ဖတ်ရှု၍ မှတ်သားနာယူစေလိုပါသည်။
- မိမိတို့ကိုယ်ပိုင် မှတ်စု ထုတ်နိုင်စေရန် နိဒါန်း မာတိကာကဏ္ဍ တွင် မှတ်စု ခေါင်းစဉ်သေးများ ၊ ခေါင်းစဉ်ကြီးများ စသည်ဖြင့် သီးသန့် ဖော်ပြပေးထားပါသည်။
- အပိုင်း(၁၅၇)အထိ ကဏ္ဍများအားလုံးကို ဆရာမကြီးဒေါ်ခင်လှတင်(ဓမ္မဗျူဟာ)၏ သင်ကြားပို့ချမှုအတိုင်းသာ ကဏ္ဍခွဲ ပူဇော်ထားပါသည်။
- နောက်ဆုံးပိုင်းတွင်လည်း ကျက်မှတ်ရန်ခက်ခဲသော လက္ခဏာများကို ဇယားကွက် ဖြင့် မှတ်နိုင်ရန် သီးသန့် ထည့်ပေးထားပါသည်။
- မေးခဲ့ပြီးသော Batch_1 မေးခွန်းဟောင်း နှင့် မေးခဲ့သောခေါင်းစဉ်များကိုပါ ဖော်ပြထားသဖြင့် လေ့လာရလွယ်ကူ အဆင်ပြေကြပါလိမ့်မည်။
- မေးခွန်းနှင့်အဖြေ တိုက်ရိုက်ဖြေဆိုပြခြင်းကို မနှစ်သက်သဖြင့် မိမိတို့ဉာဏ်ရှိသလို ပူဇော်ဖြေဆိုနိုင်ရန် အဖြေခေါင်းစဉ်သာ ဖော်ပြထားခြင်းအား လက်ခံပေးကြမည် ဟုလည်း မျှော်လင့်မိပါသည်။

*BA Part(1) ဓမ္မမိတ်ဆွေများအားလုံး လွယ်ကူစွာ ဖြေဆိုပူဇော်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။*

**ဒေါ်မိုးမိုးဆွေ**

**ချမ်းမြေ့ဂုဏ်ဝေစာပေ**

**ပညာဘူမိတက္ကသိုလ်**

**အုပ်ချုပ်ရေးနှင့်ပညာရေးအဖွဲ့**

## သုတစမ္မဂဝေသီ စာမေးပွဲ

**၁၃၈၆ခုနှစ်၊ နယုန်လပြည့်ကျော် ၂ရက် (၂၃-၆-၂၀၂၄) တနင်္ဂနွေနေ့**

**B.A (Part-1) တန်း ။ ။ မိလိန္ဒပဥှာမေးခွန်း**

**ဖြေဆိုချိန်။ ။နေ့လည်(၁)နာရီမှ(၄)နာရီအထိ**

---

၁။ မိလိန္ဒပဥှာကျမ်းကို မည်သူပြုစုခဲ့ပြီး မည်သည့်အခါ ပိဋကတ်စာရင်းတွင် ထည့်သွင်းခဲ့ပါသနည်း ဖြေဆို၍ ၊ မိလိန္ဒမင်း၏ ဇာတိဒေသနှင့် ပညာအရည်အချင်း တို့ကို ရေးသားခဲ့ပါ။

၂။ တစ်ဦးနှင့်တစ်ဦးဆွေးနွေးကြသည့်အခါ အတုယူသင့်သည့် ပညာရှိတို့၏ဆွေးနွေးပုံကို ရှင်းပြ၍၊ သေဆုံးပြီးနောက် အဘယ်သူသည် ပြန်လည်မွေးဖွား၍ အဘယ်သူသည် ပြန်လည်မွေးဖွားခြင်း မရှိပါသနည်း။

၃။ ကုသိုလ်စိတ် လျော့ကျမသွားအောင် ဝီရိယက အထောက်အကူပြုပုံကို ဥပမာဖြင့် ရှင်းပြ၍ သမ္မပ္ပဓာနဝီရိယ၏ ကြိုးစားအားထုတ်မှုလေးရပ်ကို အကျဉ်းချုပ်ဖော်ပြပါ။

၄။ ဉာဏအသိနှင့် ပညာအသိ ကွဲပြားခြားနားပုံကို ရှင်းပြ၍၊ အသိဉာဏ်ဖြစ်လာသည့်အခါ တွေဝေခြင်းမောဟ မည်သည့်နေရာ ရောက်နေပါသနည်း။

၅။ ရဟန္တာပုဂ္ဂိုလ် ခံစားရသည့်ဒုက္ခနှင့် မခံစားရသည့်ဒုက္ခတို့ကို ဖော်ပြ၍ ၊ အဘယ်ကြောင့် ခံစားရသည်၊ အဘယ်ကြောင့် မခံစားရသည်ကို ရှင်းပြပါ။

၆။ ဤဘဝရုပ်နာမ်ဖြင့် ပြုလုပ်အပ်သော အကုသိုလ်၏အကျိုးကို အဘယ့်ကြောင့် နောက်ဘဝ ရုပ်နာမ်က ခံရပါသနည်း။ ဥပမာဖြင့် ထင်ရှားအောင် ရှင်းပြပါ။

၇။ ရုပ် ဆိုတာ ဘာလဲ ၊နာမ် ဆိုတာ ဘာလဲ၊ ဘာကြောင့် ရုပ်နာမ်နှစ်ခု အတူဖြစ်ကြပါသလဲ ဆိုတဲ့ မိလိန္ဒမင်းကြီး၏အမေးကို ရှင်နာဂသေနက မည်သို့ ဖြေဆိုခဲ့ပါသနည်း။

၈။ ပုရိမာ ကောဋိ နပညာယတိ အရ သံသရာ၏အစကို မသိနိုင်ဘူးဆိုရာ၌ မသိနိုင်ပုံကို လောကဥပမာ ဖြင့် ရှင်းပြပါ။

၉။ လူ့ခန္ဓာမှာရှိသည့် မျက်စိ၊ နား၊ နှာ စသော အင်္ဂါရုပ်များသည် တစ်မျိုးတည်းသော ကံ၏ အကျိုးလား သို့မဟုတ် အမျိုးမျိုးသောကံ၏အကျိုးလား ဥပမာဖြင့် ရှင်းပြပါ။

၁၀။ ကမ္ဘာတည်နေပုံနှင့် ပတ်သက်၍ လေထုပေါ်မှာ ရေထု၊ ရေထုပေါ်မှာ မြေထု တည်ရှိသည် ဟူသောအဆိုကို လက်မခံသော မိလိန္ဒမင်းကြီးအား လက်ခံအောင် ရှင်နာဂသေနက မည်သည့် အရာဖြင့် သက်သေပြခဲ့ပါသနည်း။ အသင်ကော လက်ခံပါသလား?။

မာတိကာ (အပိုင်းအလိုက် ခေါင်းစဉ်ကြီးများ)

- မိလိန္ဒပဉှာ
- မိလိန္ဒမင်းကြီး

အပိုင်း(၁)

- အဘိဓမ္မာဆိုင်ရာ သိမှတ်စရာမေးခွန်းများ
  (ပညတ်၊ စေတသိက်၊ စိတ်၊ နိဗ္ဗာန်)

အပိုင်း(၂)

- ဝေဒဂူဆိုင်ရာ သိမှတ်စရာမေးခွန်းများ

အပိုင်း(၃)

- ပဋိစ္စသမုပ္ပါဒ် ဆိုင်ရာ သိမှတ်စရာများ

အပိုင်း(၄)

- ပဋိသန္ဓေဆိုင်ရာသိမှတ်စရာများ

အပိုင်း(၅)

- ဗုဒ္ဓဆိုင်ရာ သိမှတ်စရာများ

အပိုင်း(၆)

- ရဟန်းဆိုင်ရာ သိမှတ်စရာများ

အပိုင်း(၇)

- ဗဟုသုတဆိုင်ရာ သိမှတ်စရာများ

ဆရာမကြီးဒေါ်ခင်လှတင်(ဓမ္မဗျူဟာ)၏ သင်ခန်းစာပို့ချမှုများအတိုင်း တူရာအခန်းများစု၍ ရေးသားပူဇော်ပါသည်။

# မိလိန္ဒပဉှာ

## မိလိန္ဒပဉှာကျမ်းကြီး

- ပိဋကတ်စာပေများတွင် စတင်ဖော်ပြခဲ့သည့်ကာလ **(Batch-1 OQ No-1)**
- ရှေးဦးမှတ်တမ်းတင်ခဲ့သည့် ပုဂ္ဂိုလ်အမည် **(Batch-1 OQ No-1)**
- ဗျာဒိတ်ပေးသည့်အနေနှင့် ရေးသားချက်
- "ပဉှာ"၏ အဓိပ္ပာယ်
- မိလိန္ဒပဉှာကျမ်းကြီးတွင် ပါရှိသည့် မေးခွန်းအရေအတွက်
- မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် သင်္ဂါယနာတင်ပွဲများ
- မိလိန္ဒမင်းနှင့်ရှင်နာဂသေနတို့၏ပေါ်ထွန်းခဲ့သည့်ကာလ
- ရှင်မဟာဗုဒ္ဓဃောသတို့ပေါ်ထွန်း ခဲ့သည့် ကာလ
- ရှင်မဟာဗုဒ္ဓဃောသက အဋ္ဌကထာ၏ နိဒါန်းတွင် ဖော်ပြထားသည့် ကျမ်းများ
- မြန်မာနိုင်ငံ ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတင်သည့်အခါတွင် ခုဒ္ဒကနိကာယ်ကျမ်း စာရင်း တွင် တိုးလာသည့် ကျမ်း(၃)ကျမ်း
- အချေအတင် ဆိုသည်မှာ

## မိလိန္ဒမင်းကြီး

- မွေးဖွားရာအရပ်ဒေသ
- ထီးနန်းစံရာဒေသ
- ပညာနှင့်ဆိုင်သောအရည်အချင်းများ **(Batch-1 OQ No-1)**
- မိလိန္ဒမင်းကြီး ၏စကားပြောစွမ်းရည်
- ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ဂုဏ်ရည်တူသည့်/ အရည်အချင်းမီသည့် ပုဂ္ဂိုလ်မရှိခြင်း
- ပစ္စည်းဥစ္စာနှင့် စစ်အင်အား
  - မိလိန္ဒနှင့် ပုရာဏကဿပဂိုဏ်းခေါင်းဆောင်
  - မာက္ခလိဂေါသာလကို မေးမြန်းခြင်း
  - အာယုပါလမထေရ်နှင့် တွေ့ဆုံခြင်း
  - စိတ်လှုပ်ရှားမှုကြောင့် ပြောင်းလဲမှုထင်ဟပ်သော နေရာများ

# အပိုင်း(၁)

# အဘိဓမ္မာဆိုင်ရာ သိမှတ်စရာမေးခွန်းများ

### (ပညတ်၊ စေတသိက်၊ စိတ်၊ နိဗ္ဗာန်)

## ပညတ်ပိုင်းဆိုင်ရာ

၁။(က) မေးခွန်း(၁) ပညတ္တိပဥှာ (အမည်နာမအားဖြင့် တကယ်ရှိသလား?)

- မိဘများပေးထားသောအမည်
- နာဂသေနအမည်ပညတ်
- မိလိန္ဒမင်း၏ ပြစ်တင်ပြောဆိုချက်
    - ကောင်းမှုအနေဖြင့်
    - မကောင်းမှုအနေဖြင့်
    - အားကြီးသော ဂရုကံများ
- သတ္တဝါဆိုသည့် ပညတ်
    - (၃၂)ကောဋ္ဌာသ အနေဖြင့်
    - ခန္ဓာငါးပါးအနေဖြင့်
- ရထားပညတ်
- သမ္မုတိသစ္စာ
    - ပညတ်၏ပြောင်းလဲတတ်သော ဥပမာများ
    - ပညတ်၏ ခွဲခြမ်းစိတ်ဖြာလိုက်လျှင်ပျောက်ကွယ်တတ်သော ဥပမာများ
    - ဝဇီရာထေရီ၏ ပညတ်ခွဲခြားမှု

၁။(ခ) မေးခွန်း(၂) ဝဿဂဏန ပဥှာ (ခုနစ်ဝါဟူသည် အဘယ်အရာကို ဆိုပါသနည်း)

## စေတသိက်ပိုင်းဆိုင်ရာ

### ဖဿ

- စေတသိက် (၇) ပါး
- မနော ဝိညာဏ်စိတ်ဖြစ်သောအခါ ဖဿ၊ ဝေဒနာများဖြစ်ပါသလား။
- စိတ်
- စိတ်ဖြစ်တိုင်းပါသော စေတသိက် လက်တံ (၇) ခု

မေးခွန်း (၃၃) ဖဿလက္ခဏာပဥှာ

- ဖဿ အမှတ်အသား လက္ခဏာ

### ဝေဒနာ

မေးခွန်း (၃၄) ဝေဒနာ လက္ခဏာပဥှာ

- ဝေဒနာ၏ အမှတ်လက္ခဏာ
    - *ရှင်နာဂသေန၏ ဥပမာများ*
    - *ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ*

မေးခွန်း(၂၁)ဝေဒနာပဥ္စာ

- အဘိဓမ္မာနည်း အရ နာမ်တရား သုံးမျိုး
- သုခဝေဒနာသည် အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာပေးတတ်သောကုသိုလ်နှင့် သက်ဆိုင် သလား။ (သို့) အပြစ်ရှိပြီး မကောင်းတဲ့အကျိုးကို ပေးတတ်သောအကုသိုလ် နှင့် သက်ဆိုင် သလား။ (သို့) နှစ်မျိုးစလုံးနှင့် မဆိုင်သည့် တရားလား။
- ကာမဂုဏ်အာရုံများကို အမှီပြုပြီး ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာများ
  - ဂေဟနိဿိတ
  - နေက္ခမ္မ နိဿိတ
- စိတ်ခံစားမှု – ဝေဒနာ (၁၀၈) မျိုး
- အကြောင်းကို အမှီပြု၍ ဖြစ်သော စိတ်ခံစားမှုဝေဒနာ
- ကုသိုလ်၊ အကုသိုလ် တစ်ပိုင်းစီ

မေးခွန်း (၃၅) သညာလက္ခဏာ ပဥ္စာ

- သညာ၏ အမှတ်အသားလက္ခဏာ
  - ရှင်နာဂသေန၏ ဥပမာ
  - ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ

**စေတနာ**

မေးခွန်း (၃၆) စေတနာလက္ခဏာ ပဥ္စာ

- စေတနာ
  - သဟဇာတစေတနာ
  - နာနာက္ခဏိက စေတနာ
- စေတနာ၏ လက္ခဏာ
- စေတနာ၏ တွန်းအား
  - ရှင်နာဂသေန ဥပမာ
  - ရှင်မဟာဗုဒ္ဓဃောသ ဥပမာ
- မေးခွန်း (၄၂) ပဉ္စာယတန ကမ္မနိဗ္ဗတ္တ ပဥ္စာ **(Batch-1 OQ No-9)**
- (မျက်စိ၊ နား၊ နှာ ၊ လျှာ၊ ကိုယ်ဆိုသော) အာယတနငါးမျိုးသည် ကံအမျိုးမျိုးကြောင့် ဖြစ်တာလား။ (သို့) တူညီသော တစ်ခုတည်းသောကံကြောင့် ဖြစ်တာလား။

မေးခွန်း(၄၃) ကမ္မနာနာကရဏာပဥ္စာ

- လူချင်းတူသော်လည်း ကံကြောင့် မတူကွဲပြားမှုဖြစ်ရခြင်း
- စူဠကမ္မဝိဘင်္ဂသုတ်အရ ကံကခွဲခြားသတ်မှတ်ခြင်း
- စူဠကမ္မဝဘင်္ဂသုတ်အရ ကံအကြောင်းတရားများ

မေးခွန်း (၅၇) ကမ္မဖလ အတ္တိဘာဝပဥှာ

- ကံတရားများတည်ရှိရာ
- စိတ်ဖြစ်စဉ်
- ကမ္မဝါဒီ
    - အကိရိယဝါဒ
    - နတ္တိကဝါဒ
    - အဟေတုကဝါဒ

မေးခွန်း (၇၇) ပါပပုညာနံ အပ္ပါနပ္ပဘာဝပဥှာ

- ကုသိုလ်နှင့်အကုသိုလ် မည်သည့်အရာက ပိုများပါသနည်း?
    - အကုသိုလ်တရား မတိုးပွားပုံ
    - ကုသိုလ်တရားတိုးပွားပုံ

မေးခွန်း(၇၈) ဇာနန္တာ ဇာနန္တ ပါပကရဏပဥှာ

- သိ၍လုပ်မိသည့် မကောင်းမှု၊ မသိ၍ လုပ်မိသည့် မကောင်းမှု မည်သည့် အရာက ပိုဆိုးပါ သနည်း?

## ဝိတက္က

မေးခွန်း (၃၈) ဝိတက္ကလက္ခဏာ ပဥှာ

- ဝိတက္က၏ အမှတ် လက္ခဏာ

## ဝိစာရ

မေးခွန်း (၃၉) ဝိစာရ လက္ခဏာ ပဥှာ

- ဝိစာရ၏ အမှတ်လက္ခဏာ
    - ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ

မေးခွန်း(၄၀)ဖဿဒိဝိနိဗ္ဘုဇန ပဥှာ

- စိတ်တစ်ခုဖြစ်သည့်အခါ ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊ဝိတက်၊ဝိစာရ တို့အတူဖြစ်လာသည် တစ်ခု စီခွဲ၍ ရလား?)

## သီလ

မေးခွန်း (၉) သီလလက္ခဏာပဥှာ

- သီလ၏ လက္ခဏာ
    - ရှင်နာဂသေန၏ ဥပမာများ
- သီလကို အခြေခံပြီး တိုးပွားအောင်ပြုလုပ်ရမည် အရည်အချင်းများ
- မြတ်စွာဘုရားရှင်ဟောကြားခဲ့သော သာသနာတော်တွင်အရေးပါသည့် တည်ရာမှီရာကြီး တစ်ခု

## သဒ္ဓါ

- သီလကို အခြေခံပြီး တိုးတက်အောင် လုပ်ရမည့်အရည်အချင်း (၅)မျိုးမှ သဒ္ဓါ၏ လက္ခဏာ (သို့) သဒ္ဓါ၏ စွမ်းဆောင်ချက်

မေးခွန်း(၁၀) သမ္ပသာဒနလက္ခဏာပဥှာ

- သဒ္ဓါ၏ လက္ခဏာ နှစ်မျိုးမှ စိတ်ကို ကြည်လင်စေသော အမှတ်လက္ခဏာ ကို မေးမြန်းခြင်း
- သဒ္ဓါက ဖယ်ရှားနိုင်သော အဆိုးတရားများ
    - ဗောဓိပက္ခိယ အကျဉ်း (၇)ပါး
    - အကျယ် (၃၇)ပါး

မေးခွန်း (၁၁) သမ္မက္ခန္ဒန လက္ခဏာ ပဥ္စာ

- သဒ္ဓါ၏ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း လက္ခဏာ
- သဒ္ဓါ၏ အဓိမောက္ခလက္ခဏာ (သမ္ပက္ခန္ဒနလက္ခဏာ)
    - ▪ သဒ္ဓါ၏ ဗိုလ်/ ဗလ
    - ▪ သဒ္ဓါ၏စွမ်းအား

ဝီရိယ

- မေးခွန်း (၁၂) ဝီရိယလက္ခဏာပဥ္စာ (Batch-1 OQ No-3)
- မြတ်စွာဘုရားရှင်ဟောသော ဝီရိယရှိသူ
- သမ္မပ္ပဓာန် လေးပါး (ဝီရိယ၏ စွမ်းဆောင်မှု ၄ ချက်)

မေးခွန်း(၄၄)ဝါယာမ ကရဏ ပဥ္စာ

- မလာသေးသည့်ဆင်းရဲဒုက္ခအတွက် ကြိုးပမ်းမှု၏ အကျိုး
- ဗုဒ္ဓဒေသနာတော် ကိုးကား၍ ကြိုတင်လုပ်ရခြင်း၏ အကျိုးကျေးဇူး

မေးခွန်း(၇၃)ဒုက္ခပ္ပဟာနဝါယာမပဥ္စာ

- မလာသေးသည့် အနာဂါတ်ဆင်းရဲဒုက္ခ ကို ဖယ်ရှားရန် ကြိုးပမ်းအားထုတ်နေခြင်းကို မေးမြန်းခြင်း

သတိ

မေးခွန်း (၁၃) သတိလက္ခဏာ ပဥ္စာ

- သတိ၏လက္ခဏာ
- အပိလာပနလက္ခဏာ (သတိကပေါ်လာစေခြင်း လက္ခဏာ)
- ဥပဂ္ဂဏှန လက္ခဏာ (ချီးမြှောက်ထောက်ကူပေးခြင်း/ မြှင့်တင်ပေးခြင်း လက္ခဏာ)
    - ▪ စကြာဝတေးမင်း၏ သားကြီးရတနာဥပမာ
- သတိ+သမ္ပဇည
    - ▪ အချိန်မရွေး အလိုရှိအပ်သော သတ္တိ

မေးခွန်း (၆၉) စိရကတသရဏ ပဥ္စာ

- ယယ်ရှယ်စဉ်ကလုပ်ခဲ့သည့်အရာများကို မည် သည့်အရာဖြင့် အမှတ်ရခြင်းဖြစ်ပါသနည်း?

မေးခွန်း (၇၀) အဘိဇာနန္တသတိပဥ္စာ

- သတိအားလုံး မွေးရာပါ ပင်ကိုယ်အသိရှိပြီး မှတ်မိတာလား။ တစ်ဦးဦးက သတိရစေလို့ အမှတ်ရတာလား

မေးခွန်း (၇၁) သတိဥပ္ပဇ္ဇနပဥ္စာ

- သတိဖြစ်ခြင်းအကြောင်းများ
    - ▪ ကိုယ်တိုင်သိခြင်းဖြင့် တိုက်ရိုက်ပါရမီ

မေးခွန်း (၇၂) ဗုဒ္ဓဂုဏသတိ ပဋိလာဘပဥ္စာ

- သေခါနီးတွင် မြတ်စွာဘုရား၏ဂုဏ် ကို အာရုံပြု၍သေခြင်း
- မြတ်စွာဘုရားရှင်ကိုယ်တိုင်
- ကုသိုလ်နှင့် အကုသိုလ်အစွမ်းသတ္တိ (၂)ခု

## သမာဓိ

### မေးခွန်း (၁၄) သမာဓိပဥ္စာ

- သမာဓိ (သံ+ အာဓိ)
- သတိနှင့် သမာဓိ ကွာခြားချက်
- သမာဓိ၏ အမှတ်လက္ခဏာ
- သမာဓိကစုစည်းထားသည့် ကုသိုလ်တရားများ
- သမာဓိနှင့်ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောကြားချက်
- သမာဓိထူထောင်သောအခါ ရလာသောအကျိုးများ

## ပညာ

### မေးခွန်း (၁၅) ပညာလက္ခဏာပဥ္စာ

- ပညာ၏ အဓိပ္ပာယ်
- ပညာ၏ အမှတ်အသားလက္ခဏာ
    - အသိစိတ်ထဲ ပညာဉာဏ်ဖြစ်လာလျှင်
    - တရားဓမ္မကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်တစ်ဦး ဝိပဿနာအလုပ်လုပ်လျှင်

### မေးခွန်း (၁၉) ဉာဏပညာ ပဥ္စာ

- ဉာဏ်ဖြစ်သည့်ပုဂ္ဂိုလ်တွင် ပညာဖြစ်ပါသလား **(Batch-1 OQ No-4)**
- တွေဝေမှု ဖြစ်တတ်သောနေရာ
- တွေဝေမှုကင်းသော နေရာ/အချိန်
    - မောဟ
    - ဉာဏ်ဖြစ်လာလျှင် မောဟ ချုပ်ပျောက်သောနေရာ **(Batch-1 OQ No-4)**
- ပညာချုပ်ပျောက်သောနေရာ
    - ဥပမာ

### မေးခွန်း (၆၇) ပညာပတိဋ္ဌာန ပဥ္စာ

- အမေးအဖြေလေ့လာရခြင်းအကျိုး (မေးခွန်း-၆၇ နိဒါန်းပိုင်း)
- မြတ်စွာဘုရားရှင်၏ တရားတော်များ ဂုဏ်ရည် (မေးခွန်း-၆၇ နိဒါန်းပိုင်း)
- မေးခွန်းမေးခြင်း၏ အကျိုး (မေးခွန်း-၃၂ နိဒါန်းပိုင်း/P 293)
- မြတ်စွာဘုရားရှင် ပညာကြီးရခြင်းအကြောင်း (မေးခွန်း-၃၂ နိဒါန်းပိုင်း/P 294)
- ပညာတည်ရှိရာနေရာ

### မေးခွန်း (၇၆) ဗောဇ္ဈင်္ဂပညာ

- ဗောဇ္ဈင်္ဂ
- ဗောဇ္ဈင် (၇)ပါး
- ဗောဇ္ဈင်(၇)ပါးအနက် သိသောဗောဇ္ဈင်

### မေးခွန်း (၈၄) သဗ္ဗသုခုမ ပဥ္စာ

- အလွန်သိမ်မွေ့သည့်အရာကို ဖြတ်တောက်၍ရနိုင် ပါသလား?

မေးခွန်း (၇) ယောနိသော မနသိကာရပဉှာ

- ယောနိသော မနသိကာရ
- ပြန်မမွေးတော့သော ပုဂ္ဂိုလ်သည် ယောနိသောမနသိကာရ အစွမ်းကြောင့် ပြန်မမွေး တာလား
- ကိလေသာများ ငြိမ်းစေရန်

မေးခွန်း (၈) မနသိကာရ လက္ခဏာပဉှာ

- မနသိကာရ၏ လက္ခဏာ
    - ဥပမာ
- ပညာ၏လက္ခဏာ

မေးခွန်း (၁၆) ကေကိစ္စ အဘိနိပ္ဖါဒနပဉှာ

- သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစသော ကုသိုလ်တရားများ သည် တစ်ခုနှင့်တစ်ခု သဘာဝချင်း မတူသော်လည်း တူညီသော အကျိုးတစ်ခုကို ပြီးစေနိုင်ပါသလား။
- မဂ္ဂင် (၅)ပါး ပူးပေါင်းလုပ်ဆောင်ခြင်း ရလာဒ်အကျိုး
  (သို့) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ ပူးပေါင်းအလုပ်လုပ် သောရလာဒ်

## စိတ်ပိုင်းဆိုင်ရာ

မေးခွန်း(၃၇)ဝိညာဏလက္ခဏာပဉှာ

- ဝိညာဏ
- အမှတ်အသား လက္ခဏာ
- သိခြင်းနှင့် ပတ်သက်သော အသိ (၃)မျိုး

မေးခွန်း (၃၂) စက္ခုဝိညာဏဒိပဉှာ

- အာယာတန (၁၂)ပါး ဖြစ်ပေါ်ပုံ (မေးခွန်း-၃၂ နိဒါန်းပိုင်း)
- စိတ်ဖြစ်စဉ် (ဝီထိစိတ်) (မေးခွန်း-၃၂ နိဒါန်းပိုင်း)
- စက္ခုဝိညာဏ်စိတ်ဖြစ်သည့်အခါ မနောဝိညာဏ် စိတ်ဖြစ်ပါသလား?
- စက္ခုဝိညာဏ်မြင်သိစိတ်က အရင်ဖြစ်၍ မနောဝိညာဏ်စိတ်က နောက်မှ ဖြစ်ပါသလား? (သို့) မနောဝိညာဏ်စိတ်က အရင်ဖြစ်ပါသလား?
- စက္ခုဝိညာဏ်စိတ်(မြင်သိစိတ်)က မနောဝိညာဏ်ကို ငါဖြစ်တဲ့နေရာမှာ မင်းဖြစ်ရမယ်လို့ အမိန့်ပေး သလား?
- သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားခြင်းမရှိပဲနှင့် စက္ခုဝိညာဏ်စိတ် ဖြစ်ပြီး နောက်တွင် မနောဝိညာဏ်စိတ် ဘာကြောင့်ဖြစ်ပါသလဲ?
    - ဥပမာများ

မေးခွန်း(၈၅)ဝိညာဏနာနတ္တပညာ

- ဝိညာဏ၊ ပညာ၊ ခန္ဓာမှာရှိသော ဇီဝ သုံးမျိုးသည် စကားလုံးကွဲပြားသလို အနက်အဓိပ္ပါယ် ကွဲပြားပါသလား။

မေးခွန်း(၈၆)အရူပဓမ္မဝတ္ထာနဒုက္ကရပညာ

- မြတ်စွာဘုရားရှင်လုပ်သော အလုပ်တွေထဲတွင် အခက်ခဲဆုံး အလုပ်

## နိဗ္ဗာန်ဆိုင်ရာသိမှတ်စရာ

မေးခွန်း(၄၇)နိရောဓနိဗ္ဗာနပညာ

- ချုပ်ငြိမ်းမှုဟာ နိဗ္ဗာန်လား။ ဘယ်လို ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်ဖြစ်ပါသလဲ။
- ပဋိစ္စသမုပ္ပါဒ်
- နိဗ္ဗာန သုခနှင့် ပတ်သက်သော ရှင်သာရိပုတ္တရာအဖြေ

မေးခွန်း (၄၉) နိဗ္ဗာနသုခဇာနပညာ

- နိဗ္ဗာန် မရသေးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟာ ချမ်းသာသည်ဟု သိနိုင်ပါသလား။

မေးခွန်း (၄၈) နိဗ္ဗန လဘန ပညာ

- သတ္တဝါအားလုံး နိဗ္ဗာန်ရကြသလား

# အပိုင်း(၂)
# ဝေဒဂူဆိုင်ရာ သိမှတ်စရာမေးခွန်းများ

မေးခွန်း (၃၁) ဝေဒဂူပဥှာ

- ပါဠိစာပေမှ ဝေဒဂူအဓိပ္ပါယ်
- မိလိန္ဒမင်းကြီး၏ ဝေဒဂူ/ (ဇီဝ/ အတ္တ/ ဝေဒဂူ)
- မြတ်စွာဘုရားရှင် လက်ထက်က သာတိရဟန်း၏ အတ္တအယူဝါဒ
- ရှင်နာဂသေန၏ ဝေဒဂူ ရှင်းပြချက်
  - ရှင်နာဂသေန၏ ဒွါရ ၅ ပေါက် ရှင်းလင်းချက် ဥပမာများ
  - ဝေဒဂူ ဆိုသော (ဇီဝ/ အတ္တ) သည် သတ္တဝါတွေ၏ သန္တာန်တွင် လုံးဝမရှိကြောင်း အဘိဓမ္မာ ရှုထောင့် မှ ရှင်းလင်းချက်
  - ရုပ်နာမ် သဘာဝကို အဘိဓမ္မာနည်းအရ ဆင်ခြင်စဉ်းစားခြင်းဖြင့်

မေးခွန်း (၅၅) ဝေဒဂူ ပဥှာ

- ဝေဒဂူကို အစစ်အမှန်အားဖြင့် ရနိုင်ပါသလား။

မေးခွန်း(၈၅)မှ ဇီဝ (ဝိညာဏ၊ ပညာ၊ ခန္ဓာမှာရှိသော ဇီဝ သုံးမျိုး သည် စကားလုံး ကွဲပြားသလို အနက်အဓိပ္ပါယ်ကွဲပြားပါသလား)

- ခန္ဓာကိုယ်တွင် ဇီဝ ဆိုသည့်အရာမရှိပါ
- အတ္တဝါဒီတို့၏ အယူအဆ

# အပိုင်း(၃)
# ပဋိစ္စသမုပ္ပါဒ် ဆိုင်ရာ သိမှတ်စရာများ

မေးခွန်း (၂၆) အဒ္ဓါနမူလပဥှာ

- အဒ္ဓါဆိုသည့် ရှည်ကြာသည့် ကာလသုံးမျိုး (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်)၏ အကြောင်းရင်း
- ပဋိစ္စသမုပ္ပါဒ် လာ သံသရာအစ
- မသိခြင်း(အဝိဇ္ဇာ)ကြောင့် ဖြစ်လာသောနာမ်ရုပ်များ
- အဒ္ဓါနကာလတစ်ခုဖြစ်ပေါ်လာပုံ (သို့) ပဋိစ္စသမုပ္ပါဒ် (ဘဝအကြောင်း)

မေးခွန်း (၂၇) ပုရိမ ကောဋိပဥှာ **(Batch-1 OQ No-8)**

- (ကာလ၏အစ) ရှေ့ပိုင်းအစကို မသိနိုင်ခြင်း
    - ဥပမာများ

မေးခွန်း (၂၈) ကောဋိ ပညာယန ပဥှာ

- မသိနိုင်သည့် ရှေ့ပိုင်းအစ
- သိနိုင်သောအစ
- အစအဆုံးနှစ်ခုလုံး ပြတ်ပျောက်သွားခြင်း

မေးခွန်း (၂၉) သင်္ခါရဇာယမာန ပဥှာ

- ဖြစ်ဆဲသင်္ခါရများ
- ပိဋ္ဌိလောမ နည်းအရ
- ဖြစ်လာသောသင်္ခါရတရားများ

မေးခွန်း (၃၀) နိဒါန်းပိုင်း

- **Philosophy** နှင့် ဗုဒ္ဓအဆုံးအမကွာခြားချက်
- ဓမ္မ ဆိုသည်
- ဓမ္မ၏ အဓိပ္ပါယ်

မေးခွန်း(၃၀) ဘဝန္တသင်္ခါရဇာယမာနပဥှာ

- ဆိုင်ရာအခြေခံအကြောင်းတရားမရှိပဲ သင်္ခါရ ဖြစ်/ မဖြစ်
    - ဥပမာများ
    - စန္ဒြကန္တကျောက်နှင့်လရောင်

# အပိုင်း(၄)

# ပဋ္ဌိသန္ဓေဆိုင်ရာသိမှတ်စရာများ

ပဋ္ဌိ သန္ဓိ = တဖန်ပြန်ဆက်ခြင်း

ပဋ္ဌိ သန္ဓ = ပြန်မွေးခြင်း

မေးခွန်း (၆) ပဋ္ဌိသန္ဓိပဉှာ

- ပဋ္ဌိ သန္ဓိ
- သေပြီးနောက် ပြန်မမွေးတဲ့သူရှိလား **(Batch-1 OQ No-2)**
- ရှင်နာဂသေနအား ကိုယ်တော်ရော ပြန်မွေးဦးမှာလား မေးသောအခါ
    - အခြားဘာသာနှင့်ဗုဒ္ဓဘာသာ
- လူဝင်စားခြင်း
- ရဟန္တာဖြစ်ခြင်း

မေးခွန်း (၂၃) ထေရပဋ္ဌိသန္ဓဟန အပဋ္ဌိသန္ဓဟန ပဉှာ

- ရှင်နာဂသေနရော ပြန်လည်မွေးဖွားဦးမည်လားဟု မေးသောအခါ
    - ဝိနည်းသိက္ခာပုဒ်ရှောင်တိမ်းရခြင်း
    - အရိယာပုဂ္ဂိုလ်တို့၏စိတ်ထား
    - အပ္ပိစ္ဆ (၃)မျိုး

မေးခွန်း (၇) ယောနိသော မနသိကာရပဉှာ

မေးခွန်း (၈) မနသိကာရ လက္ခဏာ ပဉှာ

- ဘဝတစ်ခုတွင် ပြန်မမွေးရခြင်း အကြောင်းများ
- နောက်ဘဝပြန်မဖြစ်အောင် ရှိရမည့် အခြားလောကီကုသိုလ်များ
    - ယောနိသောနှင့်ပညာ ထူးခြားချက်

မေးခွန်း (၁၈) ပဋ္ဌိသန္ဓဟန ပဉှာ

- နောင်ဘဝပြန်မမွေးမည့်ပုဂ္ဂိုလ်သည် ပြန်မမွေးတော့ပြီကို သိပါသလား
- ပြန်လည်မွေးဖွားရခြင်းအကြောင်းနှစ်မျိုး
    - ဥပမာ

မေးခွန်း (၂၀)ပဋ္ဌိသန္ဓ ဟန ပုဂ္ဂလဝေဒနိယ ပဉှာ

- နောက်ဘဝပြန်လည်မွေးဖွားခြင်းမရှိသောပုဂ္ဂိုလ်သည်တစ်စုံတစ်ခုသောဒုက္ခမျိုးကိုခံစားရပါ သလား။ **(Batch-1 OQ No-5)**
- ပုထုဇဉ် (မြား ၃ ချက်)
- ကာယိကဒုက္ခခံစားရသော်လည်း ပရိနိဗ္ဗာန်မစံခြင်း

မေးခွန်း (၁၇) ဓမ္မသန္တိပဥ္စာ

- ပြန်လည်မေးဖွားသူ၏ ဓမ္မသဘာဝဖြစ်စဉ်
    - ဥပမာများ

မေးခွန်း (၂၄) နာမရူပ ပဋိသန္ဓဟနပဥ္စာ (နာမ်၊ ရုပ် ပြန်မွေးဖွားခြင်း)

- ပြန်မွေးဖွားရာ၌ နာမ်ရုပ် (၂)မျိုးစလုံး မွေးဖွားရခြင်း **(Batch-1 OQ No-7)**
    - ကြက်မကြက်ဥ ဥပမာ

မေးခွန်း (၂၂) နာမရူပ ဧကတ္တနာနတ္တ ပဥ္စာ **(Batch-1 OQ No-6)**

- သေပြီးနောက်ဘဝပြန်မွေးရာ၌ နာမ်ရုပ်သည် ယခင်နှင့်တစ်ခုထဲလား
- သရက်ပင်နှင့်သရက်သီး ဥပမာ (မီးဥပမာ/ ပုခက်တွင်းမိန်းကလေးဥပမာ)

မေးခွန်း (၅၆) အညကာယသင်္ကမနပဥ္စာ

- ယခုဘဝလက်ရှိခန္ဓာကြီးပျက်စီးသွားလျှင် အခြားကာယတစ်ခုသို့ ပြောင်းသွားသော သတ္တဝါများရှိပါသလား?
- တိဗက်ဗုဒ္ဓဘာသာ

မေးခွန်း (၅၄) အသင်္ကမနပဋိသန္ဓဟနပဥ္စာ

- ဘဝကူးခြင်း

# အပိုင်း(၅)
# ဗုဒ္ဓဆိုင်ရာ သိမှတ်စရာများ

မေးခွန်း (၅၀) ဗုဒ္ဓသာအတ္တိနတ္တိဘာဝပဥှာ

- ကိုယ်တိုင်လည်း မမြင်ခဲ့၊ ဆရာတွေလည်း မမြင်ခဲ့ဘူးဆိုလျှင် ဗုဒ္ဓရှိခဲ့/မရှိခဲ့ သိနိုင်ပါသလား?

မေးခွန်း (၅၁) ဗုဒ္ဓသာ အနုတ္တရဘာဝ ပဥှာ

- ဗုဒ္ဓသည်အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း

မေးခွန်း (၅၁) ဗုဒ္ဓသာ အနုတ္တရဘာဝ ဇာနနပဥှာ

- ဗုဒ္ဓသည် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း သိနိုင်သောနည်းလမ်း

မေးခွန်း (၅၉) ဗုဒ္ဓနိဒဿန ပဥှာ (နိဒဿန = မြင်ခြင်း)

- ဗုဒ္ဓရှိရာအရပ်ကို ညွှန်ပြနိုင်ပါသလား

မေးခွန်း (၆၁) သဗ္ဗညုဘာဝ ပဥှာ

- ဗုဒ္ဓသည် အရာခပ်သိမ်းသိသော်လည်း သိက္ခာပုဒ်ကို တစ်ခါတည်း ပညတ်ခြင်း မရှိသည့်အကြောင်း

မေးခွန်း (၆၂) မဟာပုရိသလက္ခဏာပဥှာ

- မြတ်စွာဘုရားရှင်၏ ရူပကာယတော်သည် မိဘများနှင့် မတူရခြင်း

မေးခွန်း (၆၃) ဘဂဝတော ဗြဟ္မစာရီပဥှာ

- ဗုဒ္ဓသည် ဗြဟ္မစာရီ ဖြစ်/မဖြစ်

-

# အပိုင်း(၆)
# ရဟန်းဆိုင်ရာ သိမှတ်စရာများ

မေးခွန်း (၅) ပဗ္ဗဇ္ဇပဥှာ

မေးခွန်း (၆) ပဋိသန္ဓိပဥှာ

- ရဟန်းပြုခြင်းအကြောင်းနှင့် အမြင့်ဆုံးရည်ရွယ်ချက်

မေးခွန်း (၅၃) ဓမ္မဒိဋ္ဌပဥှာ

- အရှင်ဘုရား၊ တရားကို ကိုယ်တိုင်သိမြင်ပြီးပြီလား?

မေးခွန်း (၆၀) ကာယပိယာယနပဥှာ

- ရဟန်းများသည် ကိုယ်ကာယကို မြတ်နိုးခင်မင်မှု ရှိကြလား?

# အပိုင်း(၇)

# ဗဟုသုတဆိုင်ရာ သိမှတ်စရာများ

မေးခွန်း (၃) ဝီမံသနပဉှာ ( ဉာဏ်စမ်းမေးခွန်းထုတ်ခြင်း) **(Batch-1 OQ No-2)**

မေးခွန်း (၄) အနန္တကာယပဉှာ (အနန္တကာယအမတ်ကြီး၏ လေသည် အသက်လား?)

မေးခွန်း (၈၁) အဿာသ ပဿာသပဉှာ (ထွက်လေဝင်လေအား တကယ်ပင် ရပ်တန့်ချုပ်ငြိမ်းသွားအောင် လုပ်၍ ရပါသလား?)

မေးခွန်း (၂၅)အဒ္ဓါနပဉှာ (ရှည်ကြာသောကာလ ဆိုသည်မှာ )

မေးခွန်း (၆၈) သံသာရပဉှာ ( သံသရာဆိုသည်မှာ မည်သည့်အရာ ဖြစ်ပါလဲ? )

မေးခွန်း (၄၁) နာဂသေနပဉှာ (မိလိန္ဒမင်းကြီး၏ ဉာဏ်ရည်ဉာဏ်သွေးအား ပြန်၍မေးမြန်းခြင်း)

မေးခွန်း (၄၅) နေရယိကဂ္ဂိဥဏှာဘာဝပဉှာ (ပကတိမီးနှင့် ငရဲမီးတွင် ငရဲမီးသည် ပို၍ပူပြင်းရခြင်းမှာ?)

မေးခွန်း (၄၆) ပထဝီသန္ဓာရကပဉှာ (ကမ္ဘာမြေကြီး တည်နေပုံနှင့် မြေကြီးကို မည်သို့ဆွဲဆောင် ထားပါသလဲ?) **(Batch-1 OQ No-10)**

မေးခွန်း (၅၈) ဥပ္ပဇ္ဇတိဇာနနပဉှာ (ဖြစ်သူကိုယ်တိုင်က သူဖြစ်လိမ့်မည်ကို သိပါသလား?)

မေးခွန်း (၆၅) အသုဘောသဇ္ဈာ ဘောသဇ္ဈပဉှာ (သေ၍ငိုသူ၏မျက်ရည်၊ တရားထူးတရားမြတ်ရသဖြင့် ဝမ်းသာလွန်း၍ငိုသူမျက်ရည်၊မည်သည်ကဆေးဖြစ်သလဲ)

မေးခွန်း (၆၆) သရာဂ ဝီတရာဂ နာနာကရဏပဉှာ (ရာဂရှိသူ၊ ရာဂကင်းသူ နှစ်ဦး၏ကွဲပြား ခြားနားချက် က မည်သို့ဖြစ်ပါသလဲ?)

မေးခွန်း (၇၄) ဗြဟ္မလောကပဉှာ (လူ့ပြည်မှ ဗြဟ္မာ့ပြည် မည်မျှဝေးပါသနည်း?)

မေးခွန်း (၇၅) ဒိန္န လောကုပ္ပန္နာနံ သမကဘာဝပဉှာ (ဗြဟ္မာဖြစ်သူနှင့်ကသ္မီရအရပ်၌ဖြစ်သူ မည်သည် က ပို၍ အချိန်ကြာသနည်း?)

မေးခွန်း (၇၉) ဥတ္တရကုရုကာဒိ ဂမနပဉှာ (ဥတ္တရကုရုကျွန်းသွားနိုင်သူ၊ ဗြဟ္မာ့ပြည်နှင့်တစ်ခြားကျွန်း ဒေသ သွားနိုင်သူ တစ်စုံတစ်ယောက် ရှိပါသလား?)

မေးခွန်း (၈၀) ဒီဃဋ္ဌိပဉှာ (သတ္တဝါတို့၏ အရိုးရှည်သည်မှာ ဟုတ်ပါသလား?)

မေးခွန်း (၈၂) သမုဒ္ဒပဉှာ ((ပင်လယ်ရေကို) သမုဒ္ဒဟု ဘာကြောင့် ခေါ်ပါသနည်း?)

မေးခွန်း (၈၃) သမုဒ္ဒ ဧကရသပဉှာ (ဘာကြောင့် သမုဒ္ဒရာရေများ ငန်ရခြင်းဖြစ်ပါသလဲ?)

## နိဒါန်းပိုင်း

- မိလ္လာပညာ
- မိလ္လာမင်းကြီး

# မိလိန္ဒပဉှာ

## မိလိန္ဒပဉှာကျမ်းကြီး

**ပိဋကတ်စာပေများတွင် စတင်ဖော်ပြခဲ့သည့်ကာလ** **(Batch-1 OQ No-1)**

မူလက ပိဋကတ်သုံးပုံ စာရင်းတွင် မပါဝင်ခဲ့သော်လည်း မြန်မာနိုင်ငံ ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတွင် မိလိန္ဒပဉှာကျမ်းကို ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်ထဲတွင် ထည့်သွင်းခဲ့၍ ယခုခေတ် ပိဋကတ်သုံးပုံစာရင်းထဲတွင် မိလိန္ဒပဉှာကျမ်း ပါဝင်လာပါသည်။

**ရှေးဦးမှတ်တမ်းတင်ခဲ့သည့် ပုဂ္ဂိုလ်အမည်** **(Batch-1 OQ No-1)**

သီရိလင်္ကာနိုင်ငံ ဒေါဏိမြို့တွင်နေသည့် "ဒေါဏိ" အမည်ရှိ မထေရ်က ထိုမိလိန္ဒပဉှာကျမ်းကို သူကြားဖူးသည့်အတိုင်း ရေးသားပြီး မှတ်တမ်းပြုထားခြင်း ဖြစ်ပါသည်။

**ဗျာဒိတ်ပေးသည့်အနေနှင့် ရေးသားချက်**

မိလိန္ဒပဉှာကျမ်းတွင် မြတ်စွာဘုရားက ဗျာဒိတ်ပေးသည့်အနေနှင့် ရေးသားချက်ရှိပါသည်။ "မမ ပရိနိဗ္ဗာနတော ပဉ္စဝဿသတေ အတိက္ကန္တေ ဧတေ ဥပ္ပဇ္ဇိဿန္တိ"။ မိလိန္ဒမင်း၊ ရှင်နာဂသေန တို့ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း (၅၀၀)ကျော်သည့်အခါတွင် ပေါ်ပေါက်ကြလိမ့်မည်ဟု ရေး သားဖော်ပြပါသည်။

**"ပဉှာ"၏ အဓိပ္ပာယ်ကို ဖော်ပြပါ။ မိလိန္ဒပဉှာကျမ်းကြီးတွင် ပါရှိသည့် မေးခွန်းအရေအတွက်။ ပုဂ္ဂိုလ်နှစ်ဦး၏ ပညာ။**

"ပဉှာ" ဆိုသည်မှာ သိချင်သည့် မေးခွန်းများကို မေးခွန်းထုတ်ခြင်း ဖြစ်ပါသည်။ မေးခွန်းပေါင်း (၃၀၄) မျိုးကို မိလိန္ဒပဉှာကျမ်းကြီးတွင် ဖော်ပြထားသည်ဟု ဆိုပါသည်။ [မိလိန္ဒမင်းကြီးက ပညာကြီးပါပေသည်၊ ရှင်နာဂသေနကလည်း အလွန့်ကို ပညာရှိပါပေသည်ဟု ဖော်ပြထားပါသည်။]

**မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် သင်္ဂါယနာတင်ပွဲများ**

ပဥ္စမသင်္ဂါယနာ နှင့် ဆဋ္ဌသင်္ဂါယနာ တင်ပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ပေါ်ထွန်းခဲ့သည့် ကာလနှင့် ရှင်မဟာ ဗုဒ္ဓဃောသတို့ ပေါ်ထွန်းခဲ့သည့် ကာလ**

မိလိန္ဒမင်း၊ ရှင်နာဂသေနတို့သည် ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း (၅၀၀) ကျော်သည့်အခါတွင် ပေါ်ထွန်းခဲ့ပါသည်။ ရှင်မဟာဗုဒ္ဓဃောသမှာ သာသနာနှစ် (၁၀၀၀)မှ ပေါ်ခြင်းဖြစ်ပါသည်။ နှစ်ပေါင်း ၅၀၀ ခန့်ကွာခြားပါသည်။

**ရှင်မဟာဗုဒ္ဓဃောသက အဋ္ဌကထာ၏ နိဒါန်းတွင် ဖော်ပြထားသည့် ကျမ်းများ**

ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ ထေရဂါထာ၊ ထေရီဂါထာ၊ အပဒါနစသည့် မိလိန္ဒပဉှာ မပါသော (၁၅)ကျမ်းကိုသာ ဖော်ပြထားသည်။

**မြန်မာနိုင်ငံ ပဉ္စမသင်္ဂါယနာ နှင့် ဆဋ္ဌသင်္ဂါယနာ တင်သည့်အခါတွင် ခုဒ္ဒကနိကာယ် ကျမ်းစာရင်းတွင် တိုးလာသည့် ကျမ်း(၃)ကျမ်း**

နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာ (၃) ကျမ်းတို့ ဖြစ်ပါသည်။

**အချေအတင် ဆိုသည်မှာ**

တစ်ဖက်က အပြစ်တင်လိုက်ခြင်းကို တစ်ဖက်က ချေပပြောဆိုခြင်း ဖြစ်သည်။
တစ်ဖက်က အပြစ်တင် ထောက်ပြသည်။ ဒီလို မဖြစ်သင့်ဘူးလား၊ ဘာကြောင့် ဒီလိုဆိုရတာလဲ ဆိုသည့် စောဒကတက်ခြင်းကို "အတင်"ဟု ခေါ်သည်။ ထို ပြစ်တင်ပြောဆိုသည့် အချက်များကို တစ်ဖက်က အကြောင်းအကျိုးပြပြီး ပြန်လည်ချေပသည်၊ ထို "အတင်" ဆိုသည့်စကားနှင့် "ချေပသည် ဆိုသည့် စကားနှစ်ရပ်ကို ပေါင်းစပ်ပြီး အချေအတင်ဟု သုံးသည်။ မိလိန္ဒပဉှာပါဠိစာပေမှာ ဖော်ပြထားသည်။

## မိလိန္ဒမင်းကြီး

**မွေးဖွားရာအရပ်ဒေသ** **(Batch-1 OQ No-1)**

မိလိန္ဒမင်းကြီးသည် ယောနကတိုင်းနှင့်မိုင်ပေါင်း၁၀၀၀-ကျော်ဝေးသော ဂရိနိုင်ငံ Alexander ကျွန်း ကလသိ ဆိုသည့်ရွာတွင် မွေးဖွားခဲ့သူ ဖြစ်သည်ဟု ဆိုလိုသည်။

**ထီးနန်းစံရာဒေသ**

မိလိန္ဒမင်းကြီးသည် မြတ်စွာဘုရားရှင် ပရိတ်နိဗ္ဗာန်စံပြီး နှစ်ပေါင်း (၅၀၀)ကျော်တွင် ယောနကတိုင်း၊ သာဂလမြို့တွင် ထီးနန်းစိုးစံပြီး နေသည်။ တူရကီနိုင်ငံ တည်ရှိရာဒေသကို ရှေးတုန်းက ယောနက ဟု ခေါ်သည်။

**ပညာနှင့်ဆိုင်သောအရည်အချင်းများ** **(Batch-1 OQ No-1)**

**ပဏ္ဍိတော** - အရာရာတွင် စဉ်းစားဉာဏ်နှင့် လုပ်တတ်ခြင်း။

**ဗျတ္တော** - ကျွမ်းကျင်ခြင်း၊ ထက်မြက်ခြင်း။

**မေဓာဝီ** - လျင်လျင်မြန်မြန် သိနိုင်စွမ်းရှိသည့် ပညာရှိခြင်း။

စာပေကျမ်းဂန်မြောက်များစွာသင်ယူထားပြီး သင်ယူထားသောကျမ်းပေါင်း (၁၉)ကျမ်း ရှိသည်ဟု ဖော်ပြထားပါသည်။

တိုင်ပင်ဆွေးနွေး လုပ်ရေးကိုင်ရေး ကိစ္စများတွင် အတိတ်က အကြောင်းအရာပဲဖြစ်စေ၊ အနာဂတ် အကြောင်းအရာပဲဖြစ်စေ၊ ပစ္စုပ္ပန်ကိစ္စပဲဖြစ်စေ စီမံခန့်ခွဲသည့် နေရာတွင် အလွန် ကျွမ်းကျင်သည်။

အလုပ်လုပ်ပြီ ဆိုလျှင်လည်း အရမ်းမလုပ်၊ အင်မတန်မှ စေ့စပ်သည်။ ဟုတ် မဟုတ် သူကိုယ်တိုင် လေ့လာပြီးမှ ဆုံးဖြတ်သည်။

**မိလိန္ဒမင်းကြီး၏စကားပြောစွမ်းရည်**

**ဝိတဏ္ဍဝါဒီ** - သူများအပြစ်ကို ထောက်ပြီး ဆန့်ကျင်ဘက်ပြောသည့်နေရာတွင် ကျွမ်းကျင်သူ

**ဒုရာသဒေါ** - သူနဲ့ယှဉ်ပြိုင်ရန်၊ သူ့အနားကပ်ရန်ခက်သည်

**ဒုပ္ပသဟော** - သူစကားတစ်လုံး သွင်းလိုက်လျှင် ခံနိုင်ရည်ရှိရန် ခက်သည်

**ပုထုတိတ္ထကရာနံ အဂ္ဂမက္ခာယတိ** -အယူဝါဒရေးရာ စကားလုံးတီထွင်သည့်နေရာ၊ ဝါဒတီထွင် သည့် နေရာ၊ ပေါ်လစီချမှတ်သည့်နေရာတွင် သူ အတော်ဆုံးဖြစ်သည်

**ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ဂုဏ်ရည်တူသည့်/ အရည်အချင်းမီသည့် ပုဂ္ဂိုလ်မရှိခြင်း**

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် မိလိန္ဒမင်းကြီးနှင့် ဂုဏ်ရည်တူသည့်/သူ့အရည်အချင်းကို မီသည့် ပုဂ္ဂိုလ် မရှိပါဟု ဖော်ပြထားသည်။

**ထာမ** – စွမ်းအားသတ္တိရှိခြင်း

**ဇဝ** – လျင်မြန်ဖျတ်လတ်ခြင်း

**သူရ** – ရဲစွမ်းသတ္တိ ရှိခြင်း

**ပညာ** – စဉ်းစားဉာဏ်ရှိခြင်း တို့တွင် သူ့ကို ဘယ်သူမှ မမီနိုင်ပါဟု ဆိုကြပါသည်

**ပစ္စည်းဥစ္စာနှင့် စစ်အင်အား**

**အဍ္ဎ** – သိမ်းဆည်းမြှုပ်နှံထားတဲ့ ငွေကြေးဓနကလည်း အလွန်များခြင်း

**မဟဒ္ဓန** – နေ့စဉ်သုံးသည်လည်း များခြင်း

**မဟာဘောဂ** – အသုံးအဆောင်ပစ္စည်းများ အများကြီးရှိခြင်း

**အနန္တဗလဝါဟနော** – အလွန်များပြားလှသည့် စစ်သည်ဗိုလ်ပါ၊ စစ်သုံးယာဉ်များဖြင့် စစ်အင်အား တောင့်တင်းခြင်း

**မိလိန္ဒနှင့် ပုရာဏကဿပဂိုဏ်းခေါင်းဆောင်**

**လောကကြီးကို ဘာက စောင့်ရှောက်ထားပါသလဲ?**

**ပုရဏကဿပဂိုဏ်းခေါင်းဆောင်၏ အယူအဆ**

မြေကြီးက လောကကြီးကို စောင့်ရှောက်ထားပါသည်။

သာမန်ကြည့်မယ်ဆိုလျှင် မြေကြီးက လောကသားတွေကို စောင့်ရှောက်ထားသည်။

အဝီစိငရဲ ကျသောသူများကို ဘာကြောင့် မြေကြီးက မတားနိုင်ပါသနည်း? သတ္တဝါများ သေပြီး အဝီစိငရဲ ရောက်၊ မြေကြီးအောက် ရောက်သွားကြသည်၊ မြေကြီးက ဘာလို့ မစောင့်ရှောက်ပါသလဲ?

**မာက္ခလိဂေါသာလကို မေးမြန်းခြင်း**

**ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုး ဆိုတာ ရှိသလား"? (မက္ခလိဂေါသာလ၏ အယူအဆ)**

ကုသိုလ် အကုသိုလ်ဆိုတာ မရှိပါ။ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတရား ဆိုတာလည်း မရှိပါ။ "ယခုဘဝ မင်းမျိုးတွင် ဖြစ်လျှင် နောက်ဘဝရောက်ရင်လည်း မင်းမျိုးပင်၊ ပုဏ္ဏားမျိုး ဆိုလျှင် လည်း ပုဏ္ဏားမျိုးပင်၊ ကုန်သည်မျိုး ဆိုလျှင်လည်း ကုန်သည်မျိုးပင်၊ သူဆင်းရဲမျိုးဆိုလျှင်လည်း သူဆင်းရဲမျိုးပင် ဖြစ်မည်။ ကုသိုလ် အကုသိုလ်ကံ၏ အခွင့်အရေးဆိုတာ မရှိပါ။

ကုသိုလ်/အကုသိုလ်ကံ မရှိ၊ ကုသိုလ်/အကုသိုလ်ကံ၏ အကျိုးလဲမရှိပါ၊ ယခုဘဝ လက်ပြတ် သည့်သူလည်း နောင်ဘဝ လက်ပြတ်၊ ခြေပြတ်သည့်သူလည်း ခြေပြတ်၊ နားရွက်ပြတ် သည့်သူလည်း နားရွက်ပြတ်ပဲ ဖြစ်လာလိမ့်မည်။

**အာယုပါလမထေရ်နှင့် တွေ့ဆုံခြင်း**

**ဘုန်းကြီးဘာကြောင့်ဝတ်ခြင်း? ဘုန်းကြီးဝတ်ခြင်း၏ အမြင့်ဆုံး အကျိုးကျေးဇူးကို မေးမြန်းခြင်း?**

- တရားကျင့်ရန် မှန်ကန်သော အကျင့်များကျင့်ရန် ဓမ္မစရိယ၊ သမစရိယ ကျင့်သုံးရန်
- အမြတ်ဆုံး အကျိုးမှာ အရဟတ္တဖိုလ် ရရန်ဖြစ်သည်

**လူဝတ်ကြောင်များ ဓမ္မကို ကျင့်သုံးနိုင်ပါသလား?**

မြတ်စွာဘုရား ဓမ္မစကြာတရား ဟောသောအခါတွင် ဗြဟ္မာပေါင်း (၁၈) ကုဋေ၊ နတ်ပေါင်း အသင်္ချေ ကျွတ်တန်းဝင်ရသည်။ မဟာသတိပဋ္ဌာနသုတ်၊ ရာဟုလောဝါဒသုတ်၊မဟာမင်္ဂလသုတ်များ နာကြားရသည့်အခါ နတ်၊ဗြဟ္မာများ မရေတွက်နိုင်အောင် ကျွတ်တန်းဝင်ကြသည်။အားလုံးသည် လူဝတ်ကြောင်များဖြစ်၍ ရဟန်းများ မဟုတ်ကြပါ။

**လူဝတ်ကြောင်များပင်လျှင် ဓမ္မကို ကျင့်သုံးနိုင်သည်ဟု ဆိုပါလျှင်**

(၁) ဘုန်းကြီးဖြစ်ရသည်မှာ အတိတ်က မကောင်းတာတွေ လုပ်ခဲ့၍ ဖြစ်မည်

(၂) လူဝတ်ကြောင်တွေပင် တရားထူးတရားမြတ် ရနေလျှင် ဘာကြောင့် ဘုန်းကြီးဝတ်မည်နည်း

(၃) အတိတ်ဘဝတုံးက သူများအစားအစာများကို လုယက်ပြီး စားသောက်ခဲ့၍ ယခုတစ်ထပ်ထဲ စားနေကြရသည် ညစာမစားရခြင်း ဖြစ်မည်

(၄) လွင်ပြင်မှာ နေရခြင်းသည်လည်း အတိတ်ဘဝက သူများအိမ်များ ဖျက်စီးခဲ့၍ မြို့ရွာများကို လုယက်ဖျက်ဆီး မီးရှို့ခဲ့၍ အိမ်မရှိ ယာမရှိ နေရခြင်း ဖြစ်လိမ့်မည်။

(၅) ဘုန်းကြီးများသည် အတိတ်ဘဝတုန်းက မကောင်းမှု အကုသိုလ် လုပ်ခဲ့သဖြင့် ယခုလို ဒုက္ခခံရ ခြင်းဖြစ်မည်

ဟူ၍ မိလိန္ဒမင်းကြီးက သူ့အမြင်ကို ပြောပြခဲ့ပါသည်။

**ဝါဒရေးရာနှင့်ပတ်သက်ပြီး အချေအတင် ပြောဆိုနိုင်စွမ်း**

လျင်မြန်ခြင်း၊ ဖျက်လတ်ခြင်း၊ ကျွမ်းကျင်ခြင်း၊ ရဲရင့်ခြင်း၊ ဗဟုသုတကြွယ်ဝခြင်း ဆိုသော အရည်အချင်းများရှိသည့် ပုဂ္ဂိုလ်မျိုးသာလျှင် ဝါဒရေးရာများနှင့်ပတ်သက်ပြီး အချေအတင် ပြောနိုင်စွမ်း ရှိကြပါသည်။

**စိတ်လှုပ်ရှားမှုကြောင့် ပြောင်းလဲမှု ထင်ဟပ်သော နေရာများ**

စိတ်နှလုံးထဲတွင် ဖြစ်ပေါ်သောအရာသည် မျက်နှာတွင် ပုံရိပ်ပေါ်နေတတ်သည်။ စိတ်နှလုံး ရှုပ်ထွေးပွေလီနေသော မျက်နှာမှာ မျက်ခုံးများ မျက်မှောင်များကျုံ့ပြီး ပေါ်နေတတ်သည်။ စိတ်အလိုမကျသော မျက်နှာတွင် တင်းမာနေသော အနေအထားများ ပေါ်နေတတ်ပါသည်။

မျက်နှာတွင် ထပ်ဟပ်ပေါ်လွင်သော စိတ်၏ လှုပ်ရှားမှုများကို အကဲခတ်လျှင် အထူးသဖြင့် မျက်လုံးထဲတွင် ပေါ်လွင်နေတတ်ပါသည်။

# အပိုင်း(၁)

# အဘိဓမ္မာဆိုင်ရာ
# သိမှတ်စရာမေးခွန်းများ

(ပညတ်၊ စေတသိက်၊ စိတ်၊ နိဗ္ဗာန်)

# ပညတ်ပိုင်းဆိုင်ရာ

## ၁။(က) မေးခွန်း (၁) ပညတ္တိ ပဥှာ (အမည်နာမအားဖြင့် တကယ်ရှိသလား?)

**မိဘများပေးထားသောအမည်**

နာဂသေန = ဆင်၊ နဂါးတို့ကဲ့သို့ အစွမ်းရှိသော

သူရသေန = ရဲရင့်သောစစ်တပ်ရှိသူ

ဝီရသေန = ကြိုးစားအားထုတ်လုံ့လဝီရိယကောင်းသော စစ်တပ်ရှိသူ

သီဟသေန = ခြင်္သေ့ကဲ့သို့ ရဲရင့်သော စစ်တပ်ရှိသူ

**နာဂသေနအမည်ပညတ်**

သီတင်းသုံးဖော်၊ အတူနေသံဃာများက နာဂသေန ဟု ခေါ်ကြ နှုတ်ဆက်ကြပါသည်။

နာဂသေန ဆိုသည်မှာ ပညတ်အားဖြင့်

_ ဆံပင် ၊မွေးညှင်း ၊ခြေသည်း၊လက်သည်း စသည့် ၃၂ ကောဋ္ဌာသ ကို အစွဲပြု၍ငင်း ၊

- ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခန္ဓာငါးပါးကို အစွဲပြု၍ငင်း၊

- ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးကို အစွဲပြု၍ငင်း

- နာဂသေနဟု ခေါ်စရာအမည်ပညတ် တစ်ခုမျှသာ ဖြစ်ပါသည်။ အစစ်အမှန်အားဖြင့် ပုဂ္ဂိုလ်ဟူ၍ ရှာတွေ့မည် မဟုတ်ပါ။

**မိလိန္ဒမင်း၏ ပြစ်တင်ပြောဆိုချက်**

နာဂသေန ဆိုသည် ပုဂ္ဂိုလ်သတ္တဝါအနေနှင့် မရှိဘူးဆိုလျှင်

- ကိုယ့်တော့်အား

  ပစ္စည်းလေးပါး ဘယ်သူလှူတာလဲ ၊ ပစ္စည်းလေးပါး ကို ဘယ်သူက သုံးစွဲတာလဲ

- သီလစောင့်တာ ၊ တရားအားထုတ်တာ ဘယ်သူပြုလုပ်ပါသလဲ

**ကောင်းမှုအနေဖြင့်**

- မဂ်ဖိုလ်နိဗ္ဗာန်ကို ဘယ်သူရသလဲ၊ နိဗ္ဗာန်ကို ဘယ်သူမျက်မှောက်ပြုပါသလဲ

**မကောင်းမှုအနေဖြင့် (ငါးပါးသီလ)**

- ပုဂ္ဂိုလ်မရှိဘူးဆိုလျှင်

  သတ္တဝါများကို သတ်ခြင်း၊ ခိုးခြင်း၊ ကာမကိစ္စ မှားယွင်းပြုကျင့်ခြင်း၊ မှားယွင်းသောစကား ပြောခြင်း၊ အရက်သောက်ခြင်း စသည်တို့ကို ဘယ်သူပြုလုပ်ပါသလဲ

**အားကြီးသော ဂရုကံများ**

- အဖေသတ်၊ အမေသတ်၊ ရဟန္တာသတ်၊ သံဃာသင်းခွဲ စသော ပဥ္စာနန္တရိယကံများကို ဘယ်သူ ကျူးလွန်ပါသလဲ
- ကုသိုလ်ဆိုတာလည်း မရှိ အကုသိုလ်ဆိုတာလည်း မရှိ
  ကုသိုလ်/အကုသိုလ် လုပ်သူလည်းမရှိ၊ လုပ်ခိုင်းတဲ့သူလည်း မရှိ၊ အကျိုးဆိုတာလည်း မရှိနိုင်ပါ။
- ပုဂ္ဂိုလ်မရှိလျှင် တစ်ယောက်ယောက်က လာသတ်လျှင်ပင် လာသတ်သော ပုဂ္ဂိုလ်မှာ ပါဏာတိပါတကံ မထိုက်ပါ။
- ဥပဇ္ဈာယ်ဆရာလည်း မရှိ၊ ရဟန်းလည်း မဖြစ်နိုင်တော့ပါ။

## သတ္တဝါဆိုသည့် ပညတ်

### (၃၂ ကောဋ္ဌာသ)အနေဖြင့်

- ခေါင်းပေါ်ပေါက်သောဆံပင်က နာဂသေနလား
- မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ ခေါင်း၊ လက်၊ ခြေစသော (၃၂) ကောဋ္ဌာသ လူ့ခန္ဓာကိုယ် ရှိသမျှ အစိတ်အပိုင်းအားလုံးက နာဂသေနလား

### ခန္ဓာငါးပါးအနေဖြင့်

- ရုပ်ခန္ဓာက နာဂသေနလား
- ဝေဒနာ ၊ သညာ ၊ သင်္ခါရ ၊ဝိညာဏ် များက နာဂသေနလား
- ထိုရုပ်ခန္ဓာ ၅ပါး ပေါင်းစပ်ထားသော အစုအဝေးအား နာဂသေန ဟု ခေါ်ဝေါ်ခြင်းလား
  အရှိက ခန္ဓာငါးပါး၊ မရှိတာက သတ္တဝါဟုခေါ်သော အရာဖြစ်သည်။
- နာဂသေနဆိုတဲ့ စကားလုံးက နာဂသေနလား
  တစ်ကိုယ်လုံး စစ်မေးလိုက်သောအခါ နာဂသေန ဆိုတာ မရှိ ဖြစ်နေပါသည်။
  အားလုံးမေးသမျှ တစ်ခုစီအား မဟုတ်ပါဘူူးဟုသာ ရှင်နာဂသေနက ဖြေဆိုပါသည်။

## ရထားပညတ်

ရထားဆိုသည်မှာလည်း ရထားသံ ၊ ဝင်ရိုး၊ ဘီး၊ ရထားအိမ် ၊ ရထားတွင် တပ်ဆင်ထားသော အခြား တံပိုး၊ ရထားကြိုး၊ နှင်တံကြာပွတ် စသည်တို့ ရထားအစိတ်အပိုင်းများ အကုန်ပေါင်းစပ်ပြီး ခေါ်စရာလေးတစ်ခု အဖြစ်သတ်မှတ်ထားသော အရာသာဖြစ်သည်။ တစ်ခုစီ ခွဲစိပ် ကြည့်လျှင် ရထားဆိုတာ ရှာလို့မတွေ့ပဲ အမည်ပညတ်မျှသာ ဖြစ်ပါသည်။

**သမ္မုတိသစ္စာ**

(၁) အမည်နာမတစ်ခုကိုစွဲပြီး၊ တစ်ခုခုကိုအကြောင်းပြုပြီး အားလုံးက အသိအမှတ်ပြု သဘော တူ လက်ခံထားသော အရာဖြစ်သည်။ (ဥပမာ – ပုဆိုး ၊ လုံချည်၊ ထမီ ၊ စကပ် )

(၂) ပညတ်တစ်ခုခုကိုစွဲပြီးခေါ်သော သမ္မုတိသစ္စာ သည်ပင်လျှင် အသိဉာဏ်နှင့်ခွဲခြားစိတ်ဖြာ လျှင်(သို့)ပျက်ယွင်းသွားလျှင် လည်း ပြောင်းလဲသွားတတ်သည်။

ထိုသို့ ပညတ်၏ သဘာဝသည် အပြောင်းအလဲ ရှိပါသည်။

**ပညတ်၏ပြောင်းလဲတတ်သော ဥပမာများ**

**မြေအိုးဥပမာ ။** ။ မြေကို အိုးသဏ္ဍာန်လုပ်ပြီး မီးဖုတ်လိုက်သောအခါ အိုးဖြစ်သည်။ တစ်ခါ ပြန်ရိုက်ခွဲလိုက် လျှင် အိုးခြမ်းကွဲ၊ အမှုန့်ထောင်း လိုက်သောအခါ မြေဟူ၍ ပြန်ဖြစ်သွားသည်။

**ဝါဂွမ်းဥပမာ ။** ။ ဝါဂွမ်းကို စနစ်တကျ အမျှင်လေးများ လုပ်လိုက်သောအခါ ချည်၊ ထိုချည်ကို ယက်ကန်းစင် တင်ပြီး ယက်လုပ်လိုက်သောအခါ အထည်၊ ထိုအထည်ကိုမှ သင်္ကန်း၊ ထမီ၊ ပုဆိုး၊ လိုက်ကာ စသည် ဖြင့် ပြောင်းလဲသွားပါသည်။

**စားပွဲ ။** ။ မြန်မာပြည်တွင် ကျွန်းပင်ပေါများ၍ ကျွန်းသားနှင့် စားပွဲလုပ်ကြသည်။ ကျွန်းပင်ကို လှဲလိုက် လျှင် သစ်တုံး၊ ခွဲလိုက်သောအခါ သစ်သား၊ ပရိဘောဂဆိုင်ရောက်သောအခါ ကုလားထိုင်၊ စားပွဲ လုပ် လိုက်သောအခါ စားပွဲ၊ စားပွဲကျိုးလို့ ထင်းစိုက်လျှင် ထင်း၊ ထို့နောက် ပြာ စသည်ဖြင့် ပုံသဏ္ဍာန် အမျိုးမျိုး ပြောင်းလဲသွားပါသည်။

**ပညတ်၏ ခွဲခြမ်းစိတ်ဖြာလိုက်လျှင်ပျောက်ကွယ်တတ်သော ဥပမာများ**

**သစ်ပင်ပညတ်**

သစ်ပင်တစ်ပင်ကို အသီး၊ အပွင့်၊ အရွက်၊ အကိုင်းအခက်၊ ပင်စည်ကြီး၊ အခွံအခေါက်၊ အမြစ် စသည်ဖြင့် သစ်ပင် တစ်ပင်လုံးကို လိုက်ပြီး လျှင် တစ်ခုစီ ခွဲခြမ်းစိတ်ဖြာ ခေါ်လိုက်သောအခါ သစ်ပင်ဆိုတာ **လုံးဝပျောက်သွားပါသည်။** အားလုံးကို ပေါင်းစပ်ထားကာ လူအများခေါ်စရာနေရာနှင့် သစ်ပင်ဟုသာ သတ်မှတ်ထား ခြင်းဖြစ်ပါသည်။

**ကားပညတ်**

ဘီး၊ ကားဘော်ဒီ၊ အင်ဂျင်၊ ဘက်ထရီ၊ ဒရိုင်ဘာ စသည်ဖြင့် လူတို့သတ်မှတ်ထားသော အခေါ်အဝေါ်များကို ခွဲခြမ်းစိပ်ဖြာလိုက်လျှင် ကားဆိုတာ ရှာမတွေ့တော့ပါ။

ထိုသို့ အများကလက်ခံပြီး ခေါ်ဝေါ်နေသောအခေါ်မျှသာဖြစ်ပြီး အသိဉာဏ်နှင့်ခွဲခြား စိတ်ဖြာ လိုက်လျှင် ပျောက်သွား၊ ပြောင်းသွားသောသဘောတရား၊ မတည်မြဲသောသဘောတရားကို သမ္မုတိသစ္စာဟု ခေါ်ပါသည်။

**ဝဇီရာထေရီ၏ သမ္မုတိနှင့်ပရမတ္ထ ခွဲခြမ်းစိတ်ဖြာခြင်း**

- ရထားဆိုသည့် အခေါ်အဝေါ်မှာ မြင်းလှည်း၊ မြင်းရထား ၊ နွားလှည်း ၊နွားရထား များကို ဆိုလိုသည်။
- အစိတ်အပိုင်းများအားလုံးကို ပေါင်းလိုက်မှ လှည်းဟု ခေါ်၍ရသည်။
- ထိုကဲ့သို့ပင် ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ဟု ဆိုသော ခန္ဓာငါးပါးပေါင်းစပ်ထားသောအခါ သတ္တဝါဆိုသည့် အခေါ်အဝေါ် ဖြစ်လာပါသည်။ တစ်ကယ်တော့ သတ္တဝါ မရှိပါ။ ခန္ဓာငါးပါးပဲ ရှိပါသည်။
- အရှိကခန္ဓာငါးပါး ၊ မရှိသည်က သတ္တဝါ ဟုခေါ်သော အရာသာဖြစ်သည်။
- ထိုသို့ မာရ်နတ်ကြီးအား ဝဇီရာထေရီမက ရှင်းလင်းဖော်ပြချက်အား ဝိသုဒ္ဓိမဂ်ကျမ်းကြီးတွင်လည်း အလေးပေး ဖော်ပြခဲ့ပါသည်။

**၁။(ခ) မေးခွန်း (၂) ဝဿ ဂဏန ပဉှာ (ခုနစ်ဝါဟူသည် အဘယ်အရာကို ဆိုပါသနည်း)**

အရှင်နာဂသေန ရဟန်းဖြစ်လာသော (၇)ဝါဟူသည်

ရဟန်းဖြစ်လာသည့် နှစ်အရေအတွက် ဂဏန်းကသာ (၇) ဖြစ်ပါသည်။ နာဂသေနက ဂဏန်း (၇) မဟုတ်ပါ။ နာဂသေနာကို အမှီပြုပြီး (၇) ဂဏန်းဆိုတာ ခေါ်ပါသည်။

ရှင်ဘုရင်ကြီးထိုင်နေသော နေရာတွင် ကြမ်းပြင်ပေါ်၊ အနီးနား ရေအိုးထဲ ရေခွက်ထဲ ပေါ်နေသော အရိပ်သည် မင်းကြီး မဟုတ်။ မင်းကြီးကို အစွဲပြုပြီး အရိပ်ထင်လာသကဲ့သို့ပင် ဖြစ်သည်။

# စေတသိက်ပိုင်းဆိုင်ရာ

## ဖဿ

**စေတသိက် (၇) ပါး**

(၁) ဖဿ
(၂) ဝေဒနာ
(၃) သညာ
(၄) စေတနာ
(၅) ဧကဂ္ဂတာ
(၆) မနသိကာရ
(၇) ဇီဝိတိန္ဒြေ

**မနော ဝိညာဏ်စိတ်ဖြစ်သောအခါ အာရုံနှင့်စိတ်ကို ဆက်သွယ်ပေးသော ဖဿ၊ အာရုံ၏ အရသာကို ခံစားသော ဝေဒနာများဖြစ်ပါသလား။**

မနောဝိညာဏ်စိတ်ဖြစ်လာလျှင်
ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ကြံစည်မှု ဝိတက်၊ အဖန်ဖန်အထပ်ထပ် အာရုံနှင့် ဆုံစည်းမှု ဝိစာရ များ အားလုံးဖြစ်ပေါ်ပါသည်။

**စိတ်** – အာရုံကိုရအောင် ယူခြင်းဖြင့် သိတတ်သောသဘော

**စိတ်ဖြစ်တိုင်းပါသော စေတသိက် လက်တံ (၇) ခု**

စိတ်တစ်ခုသည် အာရုံကို ရယူရန် လက်တံ (၇) ခုနှင့်သွားသည်။

ဖဿ = အာရုံကို ရယူပေးသည်
ဝေဒနာ = ဖဿက ယူပေးသော အာရုံ၏ အရသာကို ခံစားသည်
သညာ = အာရုံကို မှတ်သားသည်
စေတနာ = မိမိကိုယ်တိုင် စွမ်းဆောင်ပြီး တွန်းအားပေးသည်
ဧကဂ္ဂတာ = စိတ်ယူလိုက်သော အာရုံတစ်ခုထဲအပေါ်တွင် စိတ်တွေအားလုံး စုစည်းပေးသည်
မနသိကာရ = အာရုံဘက်စိတ်ကို လှည့်ပေးသည်
ဇီဝိတိန္ဒြေ = နာမ်တရားများ နောက်ထပ် ဆက်လက်ရှင်သန်နေရန် စောင့်ရှောက်ပေးသည်

## မေးခွန်း (၃၃) ဖဿလက္ခဏာပဥ္စာ(ဖဿ၏ လက္ခဏာကိုမေးမြန်းခြင်း)

**ဖဿ အမှတ်အသား လက္ခဏာ** – ဖဿ သည် **ထိတွေ့ခြင်း လက္ခဏာ** ရှိပါသည်။

**ဖဿ၏ဥပမာများ**

**(၁) သိုးနှစ်ကောင် ဥပမာ**

မျက်စိနှင့်တူသော ပထမသိုးတစ်ကောင်၊ အဆင်းရူပါရုံနှင့်တူသော ဒုတိယသိုးတစ်ကောင် တို့ ခေါင်းချင်းတိုက်ခွေ့ကြသကဲ့သို့ မျက်စိနှင့်အဆင်းအာရုံ ပေါင်းဆုံထိုခိုက်မှုကို ဖဿဟု မှတ်ရပါမည်။

မျက်စိနှင့်အဆင်းအာရုံ၊ နားနှင့်အသံအာရုံ၊ နှာခေါင်းနှင့်အနံ့အာရုံ၊ လျှာနှင့်အရသာအာရုံ၊ ခန္ဓာကိုယ်နှင့်အထိအတွေ့အာရုံ ပေါင်းဆုံမှု ဆုံစည်းမှုကို ဖဿဖြစ်သည် ဟု ဆိုကြသည်။ (အာရုံနှင့် ဝတ္ထုဆုံစည်းမှု)

**(၂) လက်ခုပ်ဥပမာ**

လူတို့ လက်ခုပ်တီးကြသောအခါ စက္ခုပသာဒ(မျက်လုံး)နှင့်တူသော ပထမလက်ဖဝါးနှင့် အဆင်းအာရုံနှင့်တူသော ဒုတိယလက်ဖဝါး ဆုံမိခြင်း သည် ဖဿနှင့် တူသည်။

**(၃) လင်းကွင်းဥပမာ**

လင်းကွင်းဆိုသည် အပေါ်တစ်ခုအောက်တစ်ခုတီးမှသာ အသံမြည်ပါသည်။ စက္ခုပသာဒနှင့် တူသော အောက်ကလင်းကွင်းနှင့် အဆင်းအာရုံနှင့်တူသောအပေါ်ကတီးသည့်လင်းကွင်း ၂ခု ဆုံစည်းခြင်း သည် ဖဿဖြစ်ပုံနှင့်တူပါသည်။

# ဝေဒနာ

## မေးခွန်း (၃၄) ဝေဒနာ လက္ခဏာပဥ္စာ(ဝေဒနာလက္ခဏာမေးမြန်းခြင်း)

**ဝေဒနာ၏ အမှတ်လက္ခဏာ**

**ဝေဒယိတ လက္ခဏာ** – အာရုံနှင့်စပ်၍ အတွေ့အကြုံကို ရသွားခြင်း၊ အာရုံကို ခံစားခြင်း

**အနုဘဝန လက္ခဏာ** – အာရုံ ကို သိခြင်း

**ရှင်နာဂသေန၏ ဥပမာများ**

**(၁) သုခဝေဒနာဥပမာ**

လူတစ်ယောက်ဘုရင်ကို ကျေးဇူးပြုသောအခါ ရှင်ဘုရင်က ကျေနပ်၍ ဆုတော်လာဘ်တော်များ ချသောကြောင့် ကာမဂုဏ်အာရုံများ ပြည့်ဝစွာခံစားရရှိပါသည်။

အဆင်ပြေသွား၍ စဉ်းစားကြည့်သောအခါ ဘုရင်ကြီးကို ငါကကူညီပေးလိုက်၍ ဘုရင်ကြီးက တုန့်ပြန်ချီးမြှင့်လိုက်သော ဆုလာဘ်ကို အကြောင်းပြုပြီး ချမ်းသာနေရသည်ဟု သိခြင်းသည်

ကျေးဇူးပြုတယ်ဆိုသည်ကိုအကြောင်းပြုပြီး စိတ်ခံစားမှုပေါ်လာခြင်းသည် ဝေဒနာနှင့်တူပါသည်။

**(၂) ကုသိုလ်ကောင်းမှုအကျိုးဥပမာ**

လူတစ်ယောက်လက်ရှိဘဝတွင် ကုသိုလ်ကောင်းမှုများ လုပ်သောကြောင့် နတ်ပြည်ရောက်သွားသော အခါတွင် ကောင်းတာများလုပ်ခဲ့သော အကျိုးကျေးဇူးကို ခံစားရသည်။

ထိုသူသည် ကုသိုလ်လုပ်ခဲ့၍ ချမ်းသာများကို ခံစားရတာပဲဟု ပြန်စဉ်းစားပြီး ဝမ်းသာမှုဖြစ်ခြင်းသည်

ဖြစ်ပေါ်လာသော အခြေအနေ တစ်ခုအပေါ်တွင် ပြန်လည်တွေးတောဆင်ခြင်ပြီး စိတ်ခံစားမှုအာရုံ ကို ဖြစ်စေသော ဝေဒနာနှင့် တူပါသည်။

**ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ**

**စားတော်ကဲဥပမာ**

ဘုရင့်စားတော်ချက်သည် ပွဲပြင်ပြီးသောအခါ အဆိပ်ခတ်ခြင်းကင်းစေရန် ချက်သမျှအစားအစာများ ကို ဘုရင့်ရှေ့တွင် အကုန်မြည်းပြပြီးမှ ဘုရင်ကြီးက စားသောက်ဖွယ်ရာများကို အဝစားရသကဲ့သို့

လူတို့၏ သန္တာန်တွင် ဖြစ်ပေါ်လာသော စိတ်စေတသိက်များသည် ခံစားမှုသာရှိကြ၍ အာရုံ၏ အရသာကိုမူ ဝေဒနာက သာ အပြည့်အဝခံစားရပါသည်။

## မေးခွန်း (၂၁) ဝေဒနာပဉ္စာ (သုခဝေဒနာသည် အပြစ်ကင်းသည့်ကုသိုလ်? အပြစ်ရှိသည့် အကုသိုလ်? ကုသိုလ်/အကုသိုလ် အခြားလား?)

**အဘိဓမ္မာနည်း အရ နာမ်တရား သုံးမျိုး**

**ကုသလ** – အပြစ်ကင်း၍ ကောင်းကျိုးချမ်းသာ ပေးတတ်သော

**အကုသလ** – အပြစ်ရှိပြီး ဆိုးကျိုးကို ပေးတတ်သော

**အဗျာကတ** – ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်သောတရား

**သုခဝေဒနာသည် အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာပေးတတ်သောကုသိုလ်နှင့် သက်ဆိုင်သလား။ (သို့) အပြစ်ရှိပြီး မကောင်းတဲ့အကျိုးကို ပေးတတ်သောအကုသိုလ် နှင့် သက်ဆိုင်သလား။ (သို့) နှစ်မျိုးစလုံးနှင့် မဆိုင်သည့် တရားလား။**

သုခဝေဒနာသည် တစ်ချို့က ကုသိုလ်နှင့် သက်ဆိုင်သည်။

တစ်ချို့က အကုသိုလ်နှင့် သက်ဆိုင်သည်။

တစ်ချို့က ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံး မဆိုင်သော အရာဖြစ်သည်။

**ဥပမာ**

ယောကျ်ားတစ်ယောက်၏ လက်တစ်ဖက်ထဲ ရဲရဲတောက်ပူနေသော သံလုံးကြီးထည့်၊ နောက်တစ်ဖက်ကို အေးစက်နေသောရေခဲတုံးကြီး ထည့်လိုက်သောအခါ နှစ်ဖက်စလုံး အအေး လောင်ခြင်းနှင့် အပူလောင်ခြင်း ဖြစ်ပေါ်ပါမည်။ တစ်ဖက်က အအေး၊ တစ်ဖက်က အပူဖြစ်သော်လည်း နှစ်ဖက်လုံး လောင်ခြင်း ဖြစ်ကြပါသည်။

**ဂေဟ** – စိတ်၏ နေထိုင်ရာဖြစ်သော ကာမဂုဏ်အာရုံများ

**ကာမ** – ကျေနပ်စရာကောင်း၍ လိုချင်စရာ ကောင်းသော

**ဂုဏ** – စိတ်ကို နှောင်ဖွဲ့တတ်သော အရာ

**ကာမဂုဏ်အာရုံများကို အမှီပြုပြီး ဖြစ်ပေါ်လာသော ခံစားမှုဝေဒနာများ**

**ဂေဟနိဿိတ**

**ဂေဟ နိဿိတ သောမနဿ** –ကာမဂုဏ်နှစ်သက်စရာအာရုံများကိုအမှီပြုပြီးဝမ်းသာမှု အလိုကျမှု

**ဂေဟနိဿိတ ဒေါမနဿ** –ကာမဂုဏ်နှစ်သက်စရာအာရုံများကိုအမှီပြုပြီးဝမ်းနည်းအလိုမကျမှု

**ဂေဟနိဿိတ ဥပေက္ခာ** – ကာမဂုဏ် နှစ်သက်စရာ အာရုံများအပေါ်တွင် ဝမ်းနည်း ဝမ်းသာ မဖြစ်ပဲ အသင့်အတင့် ခံစားမှု

**နေက္ခမ္မ နိဿိတ**

**နေက္ခမ္မ နိဿိတ သောမနဿ** –ကာမဂုဏ်အာရုံများကို စွန့်လွှတ်ကြိုးစားအားထုတ်၍ ဈာန်အာရုံကို အမှီပြုပြီး ဝမ်းသာမှု

**နေက္ခမ္မ နိဿိတ ဒေါမနဿ** – ကာမဂုဏ် အာရုံများကို စွန့်လွှတ်ကြိုးစားအားထုတ် နေစဉ် ဈာန်အာရုံများ လက်လွှတ်ဆုံး ရှုံးရ၍ ဝမ်းနည်းမှု

**နေက္ခမ္မ နိဿိတ ဥပေက္ခာ** – ကာမဂုဏ်အာရုံများကို စွန့်လွှတ်ကြိုးစားအားထုတ် နေစဉ် ဝမ်းနည်းမှု ဝမ်းသာမှု မထင်ရှား သော ဥပေက္ခာ

**စိတ်ခံစားမှု – ဝေဒနာ (၁၀၈) မျိုး**

**သောမနဿ**

ကာမဂုဏ်အာရုံများကို အမှီပြုပြီး
ဝမ်းသာမှု = ဂေဟနိဿိတသောမနဿ x အာရုံ ၆ ပါး = ၆
ကာမဂုဏ်အာရုံများမှ စွန့်လွှတ်
ဈာန်အာရုံကို အမှီပြုပြီး ဝမ်းသာမှု = နေက္ခမ္မ နိဿိတ သောမနဿ x အာရုံ ၆ ပါး = ၆

**ဒေါမနဿ**

ကာမဂုဏ်အာရုံများကို အမှီပြုပြီး
ဝမ်းနည်းမှု = ဂေဟနိဿိတ ဒေါမနဿ x အာရုံ ၆ပါး = ၆
ဈာန်အာရုံများလက်လွှတ်
ဆုံးရှုံးရ၍ ဝမ်းနည်းမှု = နေက္ခမ္မနိဿိတဒေါမနဿ x အာရုံ ၆ပါး = ၆

**ဥပေက္ခာ**

ကာမဂုဏ်အာရုံများကို အမှီပြုပြီး
ဝမ်းနည်း၊ ဝမ်းသာမထင်ရှားသည့် ဥပေက္ခာ
= ဂေဟနိဿိတဥပေက္ခာ x အာရုံ ၆ပါး = ၆
ဈာန်အာရုံကို အမှီပြုပြီး
ဝမ်းနည်း ဝမ်းသာမထင်ရှားသည့် ဥပေက္ခာ
= နေက္ခမ္မနိဿိတ ဥပေက္ခာ x အာရုံ ၆ပါး = ၆

---------------------------

ပေါင်း = ၃၆ပါး

(အတိတ် x ပစ္စုပ္ပန် x အနာဂတ်) ကာလ ၃ပါး x ၃

---------------------------

**စုစုပေါင်း = ၁၀၈ ပါး**

**အကြောင်းကို အမှီပြု၍ ဖြစ်သော စိတ်ခံစားမှုဝေဒနာ**

- စိတ်ခံစားမှုဝေဒနာများသည် အကြောင်းကို အမှီပြု၍ ဖြစ်ကာ တစ်ခုနှင့်တစ်ခု မတူကြပါ။
- ကုသိုလ်ဆိုသည်မှာလည်း ဒုက္ခဖြစ်နိုင်ပါသည်။
- မြတ်စွာဘုရားရှင်သည် (၂၄) ပစ္စည်းတွင် ကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ဖြစ်နိုင်သလို၊ အကုသိုလ်လည်း ဖြစ်နိုင်သည်။
- အကုသိုလ်ကို အကြောင်းပြုပြီးလည်း အကုသိုလ်ဖြစ်နိုင်သလို ကုသိုလ်လည်း ဖြစ်နိုင်သည်။

**ဥပမာ**

ကရုဏာဒေါသော ဟု ပြောလျှင် ကရုဏာသည် ကုသိုလ်၊ ကရုဏာကို အခြေခံပြီး ဒေါသဖြစ်လျှင် ဒေါသသည် အကုသိုလ်ဖြစ်သည်။

**ကုသိုလ်၊ အကုသိုလ် တစ်ပိုင်းစီ**

- သတ္တဝါများကိုသတ်ပြီး ဘုရား၊သံဃာများကို ဆွမ်းလှူလျှင် သတ်ခြင်းက အကုသိုလ်၊ ဆွမ်းကပ်တာ က ကုသိုလ်ဖြစ်သည်။
- အကုသိုလ်က ကုသိုလ်ဖြစ်စေခြင်း ဖြစ်သည်။ ကုသိုလ်က ကုသိုလ်၊ အကုသိုလ်က အကုသိုလ် သူ့အပိုင်း နှင့် သူပင်ဖြစ်သည်။
- မြတ်စွာဘုရားရှင်၏ တရားတော်၌ ပါဏာတိပါတကံနှင့် ပတ်သက်၍ ခြွင်းချက်မရှိပါ။
- ပါဏာတိပါတကံသည် ငရဲ၌ ဖြစ်စေနိုင်သည်ဟု ဟောတော်မူခဲ့သည်။
- ပါဏာတိပါတ လုပ်သူတိုင်း ငရဲကျသည်ဟု ပြောတာမဟုတ်၊ ငရဲ၌ <u>အကျိုးပေးတတ်သည်</u>။ <u>ငရဲမှာလည်း ဖြစ်ချင်မှ ဖြစ်မည်</u>။ အခြားအကြောင်းအရာများကိုလည်း ထည့်စဉ်းစားရမည်။
- လောကီဥပဒေတွင်မူ ပါဏာတိပါတကံ ပြုတိုင်း အပြစ်ခံရသည် မဟုတ်ပဲ ဆုလာဘ်များ ရကြသည်လည်း ရှိပါသည်။ စစ်တိုက်ရာတွင် ရန်သူကို ချေမှုန်း အနိုင်ယူကာ ပြန်လာလျှင် ဘွဲ့ထူးဂုဏ်ထူးများ ဆုချီးမြှင့်ခံရခြင်းရှိ၍ အကုသိုလ်မှ ကောင်းကျိုးပေးခြင်းလည်း ရှိပါသည်။ *(မြတ်စွာဘုရားရှင်နှင့် တစ်ခေတ်တည်းပေါ်သော ဂိုဏ်းဘုရား (နိဂဏ္ဌနာဋပုတ္တ)သည် ပါဏာတိပါတ လုပ်သူမှန်သမျှ အပါယ်ငရဲကျမည်ဟု ဟောသည်။)*

## မေးခွန်း (၃၅) သညာလက္ခဏာ ပဥှာ (သညာလက္ခဏာမေးမြန်းခြင်း)

**သညာ၏ အမှတ်အသားလက္ခဏာ**

သညာ ဆိုသည် **မှတ်သားခြင်း၊ အမှတ်အသားဖြင့် သိခြင်း** လက္ခဏာ ရှိပါသည်။

(သံ + ညာ) **သံ** = မှတ်သားထားသည့်အတိုင်း၊ **ညာ**= သိခြင်း

**ရှင်နာဂသေန၏ ဥပမာ**

**အရောင်နှင့်ခွဲခြားမှတ်သားပြီး သိခြင်း**

ဘဏ္ဍာတော်ထိန်းတစ်ဦးသည် ဘဏ္ဍာတိုက်ကိုဖွင့်ပြီး ဘုရင့်ဘဏ္ဍာတိုက်တွင် ရှိသော ပစ္စည်းများ ကို အရောင်နှင့်ခွဲခြား မှတ်သားထားသည့်အတိုင်း သိခြင်းသည် သညာနှင့် တူပါသည်။

**ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ**

**လက်သမား ဥပမာ**

လက်သမား တစ်ဦးသည် သစ်သားများကို ဖြတ်တောက်သောအခါ အမှတ်အသားလုပ်၍ ထို အမှတ်အသားကို ပင်ကြည့်ပြီး ပြန်ဆက်ပါသည်။

လက်သမားဆရာသည် မှတ်သားပြီး ထားသည့်အတိုင်း သိခြင်းသည် သညာ၏ သဘောနှင့် တူပါသည်။

# စေတနာ

## မေးခွန်း (၃၆) စေတနာလက္ခဏာ ပဥှာ (စေတနာ၏ လက္ခဏာမေးမြန်းခြင်း)

**စေတနာ**

စေတနာဆိုသည်မှာ အဘိဓမ္မာတွင် စိတ်ကိုစွဲမှီပြီးဖြစ်သော စိတ်တိုင်းတွင် ပါဝင်သည့် စေတသိက်တရား ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် နိဗ္ဗေဓိကသုတ်တွင် စေတနာကိုကံဟု ဟောကြား၍၊(၂၄) ပစ္စည်းတွင် ကမ္မပစ္စယောဟု ဟောကြားခဲ့ပါသည်။

**သဟဇာတစေတနာ**

မိမိဖြစ်နေသည့်အခိုက်အတူတကွဖြစ်သော တရားများကို အထောက်အကူပြုသော စေတနာ

**နာနာက္ခဏိက စေတနာ**

ကုသိုလ်၊ အကုသိုလ်စိတ်တို့တွင် ယှဉ်သောစေတနာ

ကုသိုလ်၊ အကုသိုလ်ဆိုသည် အခုဖြစ် အခုအကျိုးပေးသည် မဟုတ်ပါ။

စေတနာဆိုသောကံတရား ဖြစ်ပေါ်လာမှုအခိုက်အတန့်က **ခဏ** တစ်ခု၊

အကျိုးထုတ်လုပ်သော အခိုက်အတန့်က **ခဏ** တစ်ခုဖြစ်သည်။

**စေတနာ၏ လက္ခဏာ**

**စေတယိတ လက္ခဏာ** – စေ့ဆော်သော၊ ဆော်ဩသော၊ တိုက်တွန်းသော လက္ခဏာရှိသည်။

**အဘိသန်ရဏ လက္ခဏာ** – အကျိုးတရားများကို ပြင်ဆင်ပြုလုပ်တတ်သော လက္ခဏာ

**စေတနာ၏ တွန်းအား**

လူတို့၏ သန္တာန်တွင် ကောင်းတာ၊ မကောင်းတာ လုပ်ရန် စိတ်ထဲတွင် ဖြစ်ပေါ်လာသော တွန်းအားဖြစ်သည်။

ထိုတွန်းအားကြောင့် လူတို့သည် စိတ်ကူးဖြစ်သွားသည်။ နှုတ်ကလည်း ထုတ်ပြောဖြစ်သည်။ ကိုယ်ထိလက်ရောက်လည်း လုပ်ဖြစ်သွားသည်။

မြတ်စွာဘုရားရှင်ကလည်း လူတို့သည် စိတ်ထဲတွင် ဖြစ်ပေါ်လာသော တွန်းအားအလျောက် ကိုယ်ထိလက်ရောက်လုပ်သည်။ နှုတ်နှင့်ပြောဆိုသည်။ စိတ်နှင့်လည်း ကြံတွေးသည်ဟု ဟောကြားထားခဲ့ပါသည်။

**ရှင်နာဂသေန ဥပမာ**

**အကုသိုလ်စေတနာ ဥပမာ**

လူတစ်ယောက်သည် အကုသိုလ်အလုပ်ကို

- မိမိကိုယ်တိုင်လည်း လုပ်သည်
- သူတစ်ပါးကိုလည်း လုပ်ဖို့ တိုက်တွန်းသည်
- မိမိကိုယ်တိုင်လုပ်သဖြင့် ထိုအကိုသိုလ်၏ အကျိုးကို ခံစားရသည်
- နောင်ဘဝရောက်သည့်အခါတွင် အပါယ်လေးဘုံတွင် ခံရသည်။
- သူတိုက်တွန်း၍ အကုသိုလ်အမှုပြုသူများလည်း အပါယ်ဘုံ ရောက်ပြီး ဆင်းရဲဒုက္ခခံကြရသည်။

*ဥပမာ* – လူတစ်ဦးသည် အဆိပ်ကိုဖော်စပ်ပြီး သူလည်းသောက်၊ အခြားသူများလည်း သောက်ရန် တိုက်တွန်းသကဲ့သို့

**ကုသိုလ်စေတနာဥပမာ**

လူတစ်ယောက်သည် ကုသိုလ်စေတနာ တွန်းအားကြောင့်

- ကောင်းမှုကို ကိုယ်တိုင်လည်း လုပ်သည်
- ကောင်းရာသုဂတိရောက်ပြီး ချမ်းသာသည်
- သူတစ်ပါးကိုလည်း တိုက်တွန်းသဖြင့် ကုသိုလ်ပြုလုပ်သူများ ချမ်းသာကြသည်
- စေတနာသည် တိုက်တွန်းနှိုးဆော်၊ ဖန်တီးသော အဓိပ္ပာယ်ရှိသည်။

*ဥပမာ* – ထောပတ်ပျားရည်များရောမွှေပြီး မိမိလည်းသောက် သူတစ်ပါးကိုလည်း သောက်ခိုင်းသဖြင့် ကိုယ်တိုင်ရော တခြားသူပါ ချမ်းသာသုခရသကဲ့သို့

**ရှင်မဟာဗုဒ္ဓဃောသ ဥပမာ**

**စေတနာ၏ တွန်းအား**

စေတနာတွန်းအားသည်

- အာရုံတစ်ခုခုပေါ်တွင် အလုပ်လုပ်ကြသည့်အခါ
- စေတနာကိုယ်တိုင်ကလည်း အလုပ်လုပ်သည်
- အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရားများကိုလည်း အလုပ်လုပ်စေသည်။

**(၁) လယ်ပိုင်ရှင် ဥပမာ**

လယ်ပိုင်ရှင်သည် လူအင်အား (၅၀)ခန့် ခေါ်ပြီးလျှင် ကိုယ်တိုင်လည်း လုပ်သည်။ တခြားသူများ ကိုလည်း ဘယ်နေရာ ဘယ်သူစပါးရိတ် စသည်ဖြင့် ခိုင်းခြင်း၊ တိုက်တွန်းခြင်းသည် စေတနာ၏ သဘောပင်ဖြစ်သည်။

**(၂) ခေါင်းဆောင်တပည့်ဥပမာ**

ကိုယ်တိုင်လည်းလုပ်သည်၊ သူများကိုလည်း တိုက်တွန်းသည် ဆိုသော စေတနာသည် အလုပ်နှစ်ခုကို လုပ်သည်။ ဆရာထံစုပေါင်းပြီး သင်ကြသော တပည့်များထဲမှ တပည့်ကြီး သည် ဆရာ့လက်ထောက်လုပ်ပြီး ကိုယ်တိုင်လည်းသင်ယူ၊ သူများကိုလည်း သင်ယူရန် နှိုးဆော်သကဲ့သို့ပင် ဖြစ်သည်။

**(၃) လက်သမားဆရာဥပမာ**

လက်သမားဆရာသည် ကိုယ်တိုင်လည်း လုပ်၊ နောက်လိုက် လက်သမားများကိုလည်း လုပ်စေသကဲ့သို့ဖြစ်သည်။

**(၄) စစ်ဗိုလ် ဥပမာ**

စစ်ဗိုလ်တစ်ယောက်သည် တိုက်ပွဲဝင်ပြီဆိုသည့်အခါ သူကိုယ်တိုင်လည်း တိုက်၊ ကျန်သူများ ကိုလည်း ချီတက်တိုက်ခိုက်ရန် အမိန့်ပေး တိုက်တွန်းသကဲ့သို့

**မေးခွန်း (၄၂) ပဉ္စာယတန ကမ္မနိဗ္ဗတ္တ ပဉှာ** **(Batch-1 OQ No-9)**

**(အာယတနငါးပါး၏ ဖြစ်ကြောင်းကံကို မေးမြန်းခြင်း)**

**(မျက်စိ၊ နား၊ နှာ ၊ လျှာ၊ ကိုယ်ဆိုသော) အာယတနငါးမျိုးသည် ကံအမျိုးမျိုးကြောင့် ဖြစ်တာလား။ (သို့) တူညီသော တစ်ခုတည်းသောကံကြောင့် ဖြစ်တာလား။**

- မတူညီသော ကံအသီးသီး ကြောင့် ကံတစ်မျိုးစီမှ နေ၍ အင်္ဂါရပ် တစ်ခုစီ ကို ဖန်တီးခြင်း ဖြစ်ပါသည်။
- မျက်စိဆိုသည် အဆင်းအာရုံကို မြင်နိုင်စွမ်းရည် စက္ခုပသာဒရုပ်
  နားဆိုသည် အသံကို ဖမ်းယူနိုင်သော သောတပသာဒရုပ်
  နှာခေါင်းဆိုသည် အနံ့ကို ဖမ်းယူနိုင်သော ဃာနပသာဒ ရုပ်
  လျှာ ဆိုသည် အရသာကို သိနိုင်သော ဇိဝှါပသာဒရုပ်
  ကိုယ်ကာယဆိုသည် အထိအတွေ့ကို ဖမ်းယူနိုင် သော ကာယပသာဒရုပ်
- မတူညီသော ကံတရားက မတူညီသော စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ သူ့မျိုးစေ့နှင့် သူဖြစ်လာသည်။ သူ့ကံနှင့်သူဖြစ်လာပါသည်။

**ဥပမာ** – မြေကွက်တစ်ကွက်ထဲတွင် မျိုးစေ့များ စိုက်ပျိုးသောအခါ သရက်စေ့ဆိုလျှင် သရက်ပင်၊ သရက်သီး ပိန္နဲစေ့စိုက်လျှင် ပိန္နဲပင်/ပိန္နဲသီး၊ ထိုကဲ့သို့ မတူညီသော မျိုးစေ့သည် မတူညီသော အပင်ကို ဖြစ်စေသည်။

ထို့အတူပင် လူ့ခန္ဓာကိုယ်ကြီးတွင်
မျက်စိ ဖြစ်ဖို့ ကံတရားက မျက်စိကို ထုတ်လုပ်သည်
နား ဖြစ်ဖို့ ကံတရားက နားကို ထုတ်လုပ်သည်
နှာခေါင်း ဖြစ်ဖို့ ကံတရားက နှာခေါင်းကို ထုတ်လုပ်သည်
လျှာ ဖြစ်ဖို့ ကံတရားက လျှာကို ထုတ်လုပ်သည်
ကိုယ်ကာယ ဖြစ်ဖို့ ကံတရားက ကိုယ်ကာယကို ထုတ်လုပ်သည်
စသည်ဖြင့် ကံအသီးသီးက ထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။

## မေးခွန်း (၄၃) ကမ္မနာနာကရဏာပဥှာ (တစ်ဦးနှင့်တစ်ဦး လူချင်းတူသော်လည်း အသက်ရှည်/တို၊ ရုပ်ချော/ရုပ်ဆိုး၊ ဆူကြွံနိမ့်မြင့်ကွာခြားမှုမှာ ဘာကြောင့်လဲ?)

**လူချင်းတူသော်လည်း ကံကြောင့် မတူကွဲပြားမှုဖြစ်ရခြင်း**

- လောကလူသားများသည် လူချင်းတူသော်လည်း အသက်တိုခြင်း/ရှည်ခြင်း ၊ ရောဂါထူခြင်း/ကျန်းမာခြင်း၊ အရုပ်ဆိုးခြင်း/လှပခြင်း ၊ သြဇာရှိခြင်း/မရှိခြင်း၊ စည်းစိမ်ဥစ္စာ ရှားပါးခြင်း/များပြားခြင်း၊ မျိုးရိုးနိမ့်ခြင်း/မြင့်ခြင်း၊ အသိပညာ ထက်မြက်ခြင်း/နည်းပါးခြင်း စသည်ဖြင့် တစ်ယောက်နှင့် တစ်ယောက် မတူညီ ကွဲပြားခြားနားတတ်ကြသည်။
- မြေကြီးပေါ်ပေါက်သောအပင်ချင်းအတူတူပင်လျှင် ချဉ်ခြင်း၊ ငန်ခြင်း၊ ခါးခြင်း၊ စပ်ခြင်း၊ ဖန်ခြင်း၊ ချိုခြင်း မတူကြရခြင်းမှာ မျိုးစေ့မတူ၍ ပြောင်းလဲမှု ရှိကြခြင်း ဖြစ်ပါသည်။
- ထိုနည်းတူပင် လူတို့တွင်လည်း ကံခြင်းမတူကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် မတူကြခြင်းဖြစ်ပါသည်။

**စူဠကမ္မဝိဘင်္ဂသုတ်အရ ကံကခွဲခြားသတ်မှတ်ခြင်း**

သတ္တဝါတို့တွင်

- ကံဆိုသည့် ကိုယ်ပိုင်ဥစ္စာရှိကြသည်
- ကံပေးသောအမွေကို ခံယူကြရသည်
- ကံသာလျှင် အကြောင်းရှိသည်
- ကံဆိုသော ဆွေမျိုးရှိကြသည်
- ကံသာလျှင် အားကိုးရာရှိကြသည်
- အဆင့်အတန်းချင်းမတူအောင် ကံကခွဲခြားသတ်မှတ်ပေးနေသည်။

**စူဠကမ္မဝဘင်္ဂသုတ်အရ ကံအကြောင်းတရားများ**

- ပါဏာတိပါတကံ ကျူးလွန်ခဲ့လျှင် အသက်တိုသည်။
- ပါဏာတိပါတကံ ရှောင်လျှင် အသက်ရှည်သည်။
- သူတစ်ပါးနှိပ်စက်ခဲ့လျှင် ရောဂါများမည်။
- သူတစ်ပါး မနှိပ်စက်ပဲ မေတ္တာပွားလျှင် ရောဂါနည်းသည်။
- ဒေါသကြီးလျှင် အရုပ်ဆိုး၍ မေတ္တာပွားလျှင် ရုပ်အဆင်းလှသည်။

## မေးခွန်း (၅၇) ကမ္မဖလ အတ္တိဘာဝပဥှာ (ကံတရား တည်ရှိရာနေရာ မေးမြန်းခြင်း)

**ကံတရားများတည်ရှိရာ**

- ယခုဘဝရုပ်နာမ်နှင့် ကောင်းတာ/မကောင်းတာ၊ ကုသိုလ်/အကုသိုလ်လုပ်ကြသည်။ ထိုလုပ်သည့် ကံတရားများသည် အရိပ်ပမာ တကောက်ကောက် လိုက်နေကြပါသည်။
- ကံတရားများ ဘယ်မှာတည်ရှိသလဲ မေးလျှင် တချို့က ဦးနှောက်ထဲမှာ (သို့) နှလုံးသားထဲမှာ ဟု ဖြေကောင်းဖြေကြပါလိမ့်မည်။
- သို့သော် ဦးနှောက်ပျက်၊ နှလုံးသားပျက်လျှင် ကံများ ပျက်စီးမလား စဉ်းစားစရာဖြစ်သည်။
- ကံတရားများသည် ဦးနှောက်၊ နှလုံးသားတွင် တည်ရှိသည် မဟုတ် စိတ်ဖြစ်စဉ်တွင်သာ တည်ရှိပါသည်။

**စိတ်ဖြစ်စဉ်**

- ရှေ့စိတ်ပျက်သွားလျှင် နောက်စိတ်ပေါ်သည်။
- ရှေ့စိတ်၏ သတ္တိသည် နောက်စိတ်ပေါ်ရောက်သွားသည်။
- နောက်စိတ်၏ သတ္တိသည် နောက်အခြားစိတ်ပေါ်ရောက်သွားသည်။
- ထိုသို့ ပြောင်းလဲနေသော သဘောတရားများကြောင့် ကမ္မသတ္တိများ သည် စိတ်အစဉ်တွင်သာ တည်ရှိနေပါသည်။
- သစ်ပင်များတွင် အသီးမသီးကြသေးသဖြင့် အသီးဘယ်အနားရှိတယ်ဆိုတာ ပြလို့မရသကဲ့သို့
- ပြတ်စဲမသွားသည့်ဖြစ်စဉ်များ ရှိနေသည့်အတွက် ထိုကံများ မည်သည့်နေရာရှိသည်ကို ပြဖို့ရန် မဖြစ်နိုင်ပါ။
- သို့သော် ပြုလုပ်ထားခဲ့သည့် ကံများသည် အကျိုးပေးမှာ အလွန်သေချာပါသည်။

**ကမ္မဝါဒီ**

- ဗုဒ္ဓဘာသာဝင်တို့သည် ကံ၊ကံ၏အကျိုးကို အဓိကလက်ခံသည်။
- ကံရှိသည်ဟု ကံ၏အကျိုးတရားရှိသည်ဟု လက်ခံသည်။
- ကံကို လုပ်ရသည်ဟု လက်ခံထားကြသည်။

**အကိရိယဝါဒ**

- ကံကို လုပ်လို့မရပါ။ ကံကို ငြင်းပယ်သောအခါ ဝါဒဖြစ်သည်။

**နတ္ထိကဝါဒ**

- ကံ၏ အကျိုးမရှိ၊ ကံ၏ အကျိုးကို ငြင်းပယ်သည်။

**အဟေတုကဝါဒ**

- ကံ၊ ကံ၏ အကျိုး နှစ်ခုစလုံး မရှိ
- ကံ၊ ကံ၏ အကျိုး နှစ်ခုစလုံး ငြင်းပယ်သည်။

အပေါ်ယံယုံကြည်မှု

- ကံကိုငြင်းပယ်လျှင်
- ဒိဋ္ဌမင်္ဂလာ ၊ သုတမင်္ဂလာ၊ မုတ မင်္ဂလာ ဟုခေါ်သော လောကီ မင်္ဂလာကို လက်ခံယုံကြည်ကြလျှင် ဗုဒ္ဓဘာသာ မဖြစ်နိုင်ပါ။

*ဥပမာ*

- အိန္ဒိယနိုင်ငံတွင် မနက်စောစော ထ မြက်ခင်းစိမ်းစိမ်းမြင်ရ၊ နွားချေးစိုစို ကိုင်ရလျှင် မင်္ဂလာရှိသည် ယုံကြည်ကြခြင်း
- မြန်မာနိုင်ငံတွင် နေ့ချင်းညချင်း ကြီးပွားချင်၍ ဂျင်းစိုက်ခြင်း အကြံအစည်အောင်ချင်၍ ကြံစိုက်ခြင်း၊ ဘုရားကြံလှူခြင်း၊ အလုပ်ကြန့်ကြာမည်စိုး၍ ဘုရားတွင် ကြာပန်းမကပ်ခြင်း၊

## မေးခွန်း (၇၇) ပါပပုညာနံ အပ္ပါနပ္ပဘာဝပဥှာ (ကုသိုလ်နှင့်အကုသိုလ် မည်သည့်အရာက ပိုများပါသနည်း?)

**ကုသိုလ်နှင့်အကုသိုလ် မည်သည့်အရာက ပိုများပါသနည်း?**

ကုသိုလ်က များသည် အကုသိုလ်က နည်းသည်။

လူတို့သည် မကောင်းမှု အကုသိုလ်လုပ်ပြီး “ငါ မကောင်းမှု လုပ်မိသွားပြီ” ဟု နှလုံး မသာမယာ ဖြစ်တတ်သောကြောင့် အကုသိုလ်က မတိုးပွားပါ။

**အကုသိုလ်တရား မတိုးပွားပုံ**

- လူတော်လူကောင်းစိတ်ရှိသော ပုဂ္ဂိုလ်များသည် အကုသိုလ်လုပ်ပြီး စိတ်မကောင်း ဖြစ်ကြသည်။
- မကောင်းတာလုပ်ပြီးလျှင် ချက်ချင်းမဖြစ်သော်လည်း ဒုက္ခဖြစ်လာလျှင် လုပ်မိတာ မှားလေခြင်းဟု စိတ်နှလုံးမသာမယာ ဖြစ်တတ်သည်။
- တစ်ခါတစ်လေ မှားမှားယွင်းယွင်း လုပ်ပြီးလျှင်လည်း ပြန်တွေးမိလျှင် စိတ်မကောင်း ဖြစ်တတ်သည်။
- စိတ်ထဲတွင် ဝမ်းသာကြည်နူးမှု မဖြစ်ပါ။
- ထို့ကြောင့် အကုသိုလ်တရားသည် မတိုးပွားပါ။

**ကုသိုလ်တရားတိုးပွားပုံ**

- ကုသိုလ်ကောင်းမှုပြုလုပ်သောခါ နှလုံးသာယာမှုကို ဖြစ်စေသည်။
- ကုသိုလ်ကောင်းမှုပြုလုပ်ပြီးသူသည် ကိုယ့်လုပ်ရပ်ပေါ်တွင် ကျေနပ်သည်။
- ကျေနပ်ခြင်းကြောင့် ဝမ်းမြောက်သည်။
- ဝမ်းမြောက်သောအခါ ပီတိဖြစ်သည်။
- ပီတိဖြစ်လာလျှင် စိတ်နှလုံးငြိမ်းချမ်းမှု၊ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု သုခဖြစ်လာ၍ စိတ်တည်ငြိမ်သော သမာဓိကို ဖြစ်စေသည်။
- အမှန်အကန်ကို သိလာသည်။
- ထို့ကြောင့် ကုသိုလ်ကောင်းမှုက တိုးပွားပါသည်။

**ဥပမာ** – ခြေလက်ပြတ်နေသော ပုဂ္ဂိုလ်တစ်ဦး ကြာပန်းတစ်ပွင့် လှူလိုက်သော ကုသိုလ်ကြောင့် ၉၁ ကမ္ဘာအထိ အပါယ်ငရဲ မရောက်ပါ အကုသိုလ်က နည်း၍ ကုသိုလ်က များပါသည်။

## မေးခွန်း (၇၈) ဇာနန္တာ ဇာနန္တ ပါပကရဏပဉှာ (သိ၍လုပ်မိသည့် မကောင်းမှု၊ မသိ ၍ လုပ်မိသည့် မကောင်းမှု မည်သည့် အရာက ပိုဆိုးပါသနည်း?)

**သိ၍လုပ်မိသည့် မကောင်းမှု၊ မသိ၍ လုပ်မိသည့် မကောင်းမှု မည်သည့် အရာက ပိုဆိုးပါ သနည်း?**

မသိလိုလုပ်သော ပုဂ္ဂိုလ်၏ အကုသိုလ်က ပိုများပါသည်။

ဥပမာအနေဖြင့် ပူကျက်နေသော သံတုံးကြီးကို သိလျက် ကိုင်သောသူနှင့် မသိလို့ကိုင်မိသူ တွင် မသိသော ပုဂ္ဂိုလ်က ပိုလောင်မည်။ သိလျက်နှင့် ကိုင်ရသူက သတိထားပြီး ကိုင်ရသောကြောင့် လောင်တာ သက်သာပါသည်။

ထို့ကြောင့် အကုသိုလ်လုပ်မိလျှင်လည်း မသိလို့လုပ်မိသော အကုသိုလ်က ပို၍ များပါသည်။

## ဝိတက္က

### မေးခွန်း (၃၈) ဝိတက္ကလက္ခဏာ ပဥ္စာ (ဝိတက်လက္ခဏာ မေးမြန်းခြင်း)

**ဝိတက္က၏ အမှတ် လက္ခဏာ**

**အပ္ပနာလက္ခဏာ** – **စိတ်ကို အာရုံထဲ ထည့်သွင်းပေးခြင်း** လက္ခဏာ ရှိပါသည်။

**ရှင်နာဂသေန ဥပမာ**

လက်သမား ဆရာတစ်ယောက်သည် သစ်သား တစ်ခုနှင့်တစ်ခုစပ်ရန် သူထွင်းထားသည့် အထဲတွင် သစ်သားကို ထည့်သွင်းစရွေးသွင်းထားသကဲ့သို့

**ရှင်မဟာဗုဒ္ဓ ဃောသ၏ ဝိတက် အဓိပ္ပါယ်ဖွင့်ဆိုပုံ**

**အဘိနိရောပန လက္ခဏာ** – စိတ်ကို အာရုံပေါ်တင်ပေး၍ စိတ်နှင့်အာရုံဆုံတည်းပေးနေသည့် သဘောကို ဝိတက်ဟု ခေါ်သည်။

**ဥပမာ** – တောအရပ်တွင် နေထိုင်သော လူတစ်ယောက်သည် မရောက်ဖူးသော ဘုရင့်နန်းတော်ကို ဘုရင်နှင့် ရင်းနှီးသော ပုဂ္ဂိုလ်ကို အမှီပြုပြီး ဘုရင့်နန်းတော်သို့ ဝင်ရသကဲ့သို့

ယှဉ်ဖက်တရားများသည် ဝိတက်ကို အမှီပြုပြီး အာရုံပေါ် တက်ရောက်ရပါသည်။

## ဝိစာရ

### မေးခွန်း (၃၉) ဝိစာရ လက္ခဏာ ပဥ္စာ (ဝိစာရလက္ခဏာမေးမြန်းခြင်း)

**ဝိစာရ၏ အမှတ်လက္ခဏာ**

**အနုမဇ္ဇန လက္ခဏာ** – အာရုံအပေါ်တွင် အဖန်ဖန်အထပ်ထပ်ကြံစည်သုံးသပ်ခြင်း လက္ခဏာ

**ဥပမာ** – ကြေးမောင်း၊ ကြေးစည် တီးလိုက်သောအခါ ပထမဆုံး မြည်သောအသံသည် ဝိတက်နှင့် တူ၍ နောက်ထပ်ဆက်ပြီး ဟီနေသော အသံသည် ဝိစာရနှင့် တူပါသည်။

**ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ**

**ပိတုန်း ဥပမာ** – အိုင်ကြီး တစ်အိုင်ထဲတွင် ကြာပန်းများပွင့်လာ၍ ကြာပန်းအနံ့များ လွင့်ပျံနေစဉ် ကြာဝတ်ဆံပေါ် ပိတုန်းထိုးဆင်းလာခြင်းသည် ဝိတက်နှင့် တူ၍ ကြာပန်းပေါ်နား ဖို့ နေရာရှာရင်း ရစ်ဝဲနေခြင်းသည် ဝိစာရနှင့် တူပါသည်။

**ငှက် ဥပမာ** – ငှက်ကြီးတစ်ကောင် တောင်ပံခတ်ပြီး ပျံတက် သွားခြင်းသည် ဝိတက်နှင့်တူ၍ တောင်ပံ မခတ်တော့ပဲ ပျံဝဲနေခြင်းသည် ဝိစာရနှင့် တူပါသည်။

ဝိတက္က သည် လှုပ်ရှားမှု အပြည့်အဝနှင့် အာရုံဆီ ရောက်အောင် စိတ်ကူးသည်။

ဝိစာရ က ရောက်ပြီးသား အာရုံပေါ်တွင် ရစ်ဝဲပြီး ကြံစည် သုံးသပ်ပါသည်။

## မေးခွန်း (၄၀) ဖဿဒိ ဝိနိဗ္ဘုဇန ပဉှာ (စိတ်တစ်ခုဖြစ်သည့်အခါ ဖဿ၊ဝေဒနာ၊သညာ၊ စေတနာ၊ဝိတက်၊ဝိစာရ တို့အတူဖြစ်လာသည် တစ်ခုစီခွဲ၍ ရလား?)

**စိတ်တစ်ခုဖြစ်သည့်အခါ ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊ဝိတက်၊ဝိစာရ တို့အတူဖြစ်လာသည် တစ်ခုစီခွဲ၍ ရလား?)**

တစ်ခုစီ တစ်ခုစီ ခွဲရန် အလွန် ခဲယဉ်းသဖြင့် ခွဲခြားရန် မဖြစ်နိုင်ပါ။

သဘာဝတရားများသည် စုပေါင်းပြီးဖြစ်သည်ဟု အဘိဓမ္မာဒေသနာတော်တွင် ခွဲခြားပြခြင်းသည် စိတ်၏ သွင်ပြင်လက္ခဏာ ရှုထောင့်မှ ရှင်းပြခြင်းသာဖြစ်ပါသည်။

**ရှင်နာဂသေန၏ ဥပမာ**

စားဖိုသည်တစ်ဦးသည် အရသာစုံဟင်းတစ်ခွက်ချက်လိုက်ပြီးသောအခါ ဘယ်ဟာက ဘယ်အရာ၏ အရသာလဲဆိုတာ ပြောဖို့ ခဲယဉ်း၍ ဟင်းတစ်ခွက်လုံး၏ အရသာ သာဖြစ်၍ တစ်ခုစီ ခွဲပြော၍ မရနိုင်သည်နှင့်တူပါသည်။

**ရှင်မဟာဗုဒ္ဓဃောသ၏ ဥပမာ**

ပင်လယ်ရေတစ်ခွက်ကို ခပ်ယူလိုက်ပြီး ဒါကဂင်္ဂါမြစ်ရေ၊ ယမုံနာမြစ်ရေ၊ မဟီမြစ်၊ အစီရဝတီမြစ်ဟု ခွဲခြားပြီး ပြရန် ခဲယဉ်းသကဲ့သို့ စိတ်တစ်ခု ဖြစ်လာလျှင်လည်း စေတသိက်များကို တစ်ခုစီ ခွဲခြားပြဖို့ရန် မဖြစ်နိုင်ပါ။

# သီလ

## မေးခွန်း (၉) သီလလက္ခဏာပဉှာ (သီလ၏ လက္ခဏာကို မေးမြန်းခြင်း)

**သီလ၏ လက္ခဏာ**

- သီလဆိုသည် **တည်ရာအဖြစ်ကို ဆောင်ရွက်သော လက္ခဏာ** ရှိပါသည်။
- အလုံးစုံသောကုသိုလ်တရားများ ၊ အပြစ်ကင်းသောတရားများမှန်သမျှ သီလပေါ်တွင် တည်နေ ကြပါသည်။
- သတိပဋ္ဌာန်၊ (သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာန် ၊ဝိမောက္ခ ၊ သမာပတ္တိ ) စသော **ဗောဓိပက္ခိယ အဆင့်မြင့်တရားများအားလုံး** သီလပေါ်တွင် တည်ရှိပါသည်။
- ကုသိုလ်အားလုံး၏ တည်ရာဖြစ်၍ တည်ရာ လက္ခဏာ ရှိပါသည်။
- <u>ကုသိုလ်တရားများ ဆုတ်ယုတ်မသွားစေရန်</u> သီလပေါ်တွင် ရပ်တည်အမှီပြုပြီး (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ဆိုသော **ဣန္ဒြေငါးပါးစွမ်းအားများ** နှင့် ထိန်းရပါသည်။

**ရှင်နာဂသေန၏ဥပမာများ**

**(၁) မီးရာမြေကြီး ဥပမာ**

- လောကတွင် မျိုးစေ့၊ အပင် ဟူသမျှ မြေကြီးပေါ်တွင် ပေါက်ပြီး ကြီးထွားကြရသည်။
- ထိုနည်းတူ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာ ဆိုသော လူ၏ စွမ်းရည်၊ ထက်မြက်သော အရည်အချင်းအားလုံး သီလပေါ်တွင် မှီပြီး ဖြစ်ပေါ်ကြရသဖြင့် သီလသည် မှီရာမြေကြီးနှင့် တူပါသည်။

**(၂) ရပ်တည်ရသောမြေကြီး ဥပမာ**

- အားအင်နှင့် အလုပ်တစ်ခုလုပ်ရပြီဆိုလျှင် မြေကြီးပေါ်တွင် ရပ်တည်ပြီး လုပ်ကြရပါသည်။
- မြေကြီးပေါ်တွင် မရပ်တည်ပဲ ဘာမှလုပ်၍ မရပါ။
- ထိုနည်းတူ ယောဂီပုဂ္ဂိုလ်များသည်လည်း သီလပေါ်တွင် ရပ်တည်ပြီး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုသော အရည်အချင်းများ ရအောင် လုပ်ယူရပါသည်။
  (သီလပေါ်တွင် ရပ်တည်ပြီး ရယူရမည့် အရည်အချင်းများ)

**(၃) မြို့ပြတည်ဆောက်ခြင်း ဥပမာ**

- မြို့ပြတည်ဆောက်သောသူသည် ပထမမြို့ရာကို အရင်ရွေးချယ်ရသည်။
- မြို့ရာမြေကို ရှင်းလင်းသုတ်သင်
- ဆူးငြောင့်ခလုတ်များ ဖယ်ရှားပြီး မြေကြီးညီအောင်ညှိ
- လမ်း၊ လမ်းဆုံ၊ ရေဝပ်ဇရိယာ စသည်ဖြင့် မြို့ကွက်ကို မြေပေါ်တွင် စနစ်တကျ ပုံစံထုတ်ပြီး မြို့ပြတည်ဆောက်ရသည်။
- ထိုနည်းတူ သီလပေါ်တွင် အခြေခံပြီး အဆောက်အဦးများနှင့်တူသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့အား တိုးတက်လာအောင် ခိုင်မာလာအောင် တည်ဆောက်ရပါမည်။
  (သီလကို အခြေခံပြီး တည်ဆောက်ရမည့် အရည်အသွေးများ)

**(၄) ကျွမ်းဘားအတတ်ပညာပြသော ပုဂ္ဂိုလ်ဥပမာ (သို့မဟုတ်)**

**သီလကို အခြေခံပြီး တိုးပွားအောင်ပြုလုပ်ရမည် အရည်အချင်းများ**

- ကျွမ်းဘားအတတ်ပြသော ပုဂ္ဂိုလ်သည် ဆူးငြောင့်ခလုတ်များ အကုန်ဖယ်ရှားကာ မြေကြီး ညီအောင်လုပ်သည်။
- မြေကြီးပေါ်ကျလျှင် မနာအောင်လုပ်၍ ဘားကျွမ်းအတတ်ကို ပြသကဲ့သို့ သီလအပေါ်တွင် အခြေခံပြး သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ တိုးပွားအောင် ပြုလုပ်ရပါမည်။
- *ပင်ကိုယ်ဉာဏ် ထက်မြက်သော ပုဂ္ဂိုလ်သည် ကိုယ်ကျင့်သီလပေါ်တွင် ရပ်တည်၍ သီလကို အခြေခံပြီး သမာဓိနှင့် ပညာတိုးတက်အောင် ပြုလုပ်ရပါမည်။*

**မြတ်စွာဘုရားရှင်ဟောကြားခဲ့သော သာသနာတော်တွင် အရေးပါသည့် တည်ရာမှီရာကြီးတစ်ခု**

- မြေကြီးသည် သတ္တဝါများအားလုံး၏ ရပ်တည်ရာဖြစ်သကဲ့သို့ ကုသိုလ်တရားမှန်သမျှ သည်လည်း သီလပေါ်တွင် ရပ်တည်နေပါသည်။
- သီလဆိုသော မြင့်မြတ်သောတရားသည် ဗုဒ္ဓမြတ်စွာသာသနာတော်တွင် အရေးပါသော တည်ရာမှီရာကြီး တစ်ခုဖြစ်ပါသည်ဟု မြတ်စွာဘုရားရှင် ကိုယ်တိုင် ဟောကြားထားခဲ့ ပါသည်။

# သဒ္ဓါ

**သီလကို အခြေခံပြီး တိုးတက်အောင် လုပ်ရမည့်အရည်အချင်း (၅)မျိုးမှ**

**သဒ္ဓါ၏ လက္ခဏာ (သို့) သဒ္ဓါ၏ စွမ်းဆောင်ချက်**

**သမ္ပသာဒန လက္ခဏာ** - ရေကြည်နေသကဲ့သို့ စိတ်အစဉ်ကို ကြည်လင်သန့်ရှင်းသွားအောင် စွမ်းဆောင် နိုင်သော အမှတ်အသားရှိသည်။

**သမ္ပက္ခန္ဒန လက္ခဏာ** - အာရုံတစ်ခု ကိုတွန့်ဆုတ်ခြင်း မရှိဘဲနှင့် ဝင်ရောက်ပြီး လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ဝင်ရောက်နိုင်သော၊ ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်နိုင်၊ ဖြတ်ကူးနိုင်သော အမှတ်လက္ခဏာ ရှိပါသည်။

## မေးခွန်း (၁၀) သမ္ပသာဒန လက္ခဏာ ပဥှာ

**သဒ္ဓါ၏ လက္ခဏာ နှစ်မျိုးမှ စိတ်ကို ကြည်လင်စေသော အမှတ်လက္ခဏာ ကို မေးမြန်းခြင်း**

- လူတို့၏ သန္တာန်တွင် စိတ်ကိုမှီ၍ ဖြစ်သော
  သဒ္ဓါဖြစ်လာလျှင် **<u>စိတ်ကိုကြည်စေသော လက္ခဏာ</u>** ရှိသည်။
- ကြည်သည်ဆိုသော အဓိပ္ပါယ်မှာ စိတ်၏ အညစ်အကြေး ကင်းစင်ခြင်း
- လူ၏ စိတ်တွင် နောက်ကျုနေခြင်း မရှိပဲ ကြည်လင်နေခြင်း ဆိုသော အဓိပ္ပါယ်ရသည်။
- သဒ္ဓါဖြစ်ပေါ်နေချိန်တွင် နီဝရဏတရားများကို တွန်းထုတ်ဖယ်ရှားလိုက်သောကြောင့် လောဘ၊ ဒေါသ စသော စိတ်အနှောင့်အယှက်များ ဝင်မလာနိုင်တော့ပါ။
  ထို့ကြောင့် -

**သဒ္ဓါက ဖယ်ရှားနိုင်သော အဆိုးတရားများ**

**ကာမစ္ဆန္ဒ** – ပျော်စရာအာရုံများနှင့် ပျော်ချင်သည့်လောဘ

**ဗျာပါဒ** – ကိုယ်မကြိုက်သော အာရုံများပေါ်တွင် အလိုမကျခြင်း

**ထိနမိဒ္ဓ** – ကောင်းသောအလုပ်များ မလုပ်ချင်လောက်အောင် စိတ်ဓာတ်တွန့်ဆုတ်ခြင်း

**ဥဒ္ဓစ္စ** – စိတ်စုစည်းလို့ မရအောင် လွင့်ပျံ့နေခြင်း

**ကုက္ကုစ္စ** – စိတ်ထဲတွင် ပူလောင်နေခြင်း

**ဝိစိကိစ္ဆာ** – သံသယဖြစ်နေခြင်း

ထိုသို့ ကုသိုလ်စိတ်များ မဖြစ်ရအောင် ပိတ်ဆို့ထားတတ်သော အဆိုးတရား နီဝရဏ များကို သဒ္ဓါက ဖယ်ရှားပစ်နိုင်ပါသည်။

ထို့ကြောင့် သဒ္ဓါသည် စိတ်အစဉ်ကို ကြည်လင်စေတတ်သော စွမ်းအင် လက္ခဏာ ရှိပါသည်။

**စကြာဝတေးမင်းကြီး၏ ပတ္တမြား ဥပမာ**

- ရှေးခေတ်က စကြာဝတေးမင်းကြီးတွင် ပါရှိသော ရေကိုကြည်လင်စေသည့် ပတ္တမြားကို ထည့်လိုက်သောအခါ ရေကိုကြည်သွားစေပါသည်။
- ခပေါင်းရေကြည် အစေ့၊ ကျောက်ချဉ် စသည်တို့ ခပ်လျှင်လည်း ရေကိုကြည်စေသည်။
- ထိုဥပမာကဲ့သို့ ပတ္တမြား ရတနာနှင့်တူသော သဒ္ဓါဖြစ်ပေါ်လာလျှင် နီဝရဏတရားများကို ဖယ်ရှားပစ်နိုင်၍ စိတ်အစဉ်ကို ကြည်လင်စေတတ်သော အမှတ် လက္ခဏာရှိပါသည်။

**ဗောဓိပက္ခိယ အကျဉ်း (၇)ပါး**

**အကျယ် (၃၇)ပါး**

| | | |
|---|---|---|
| (၁) | သတိပဋ္ဌာန် | ------- ၄ |
| (၂) | သမ္မပ္ပဓာန် | ------- ၄ |
| (၃) | ဣဒ္ဓိပါဒ | ------- ၄ |
| (၄) | ဣန္ဒြေ | ------- ၅ |
| (၅) | ဗိုလ် | ------- ၅ |
| (၆) | ဗောဇ္ဈင် | ------- ၅ |
| (၇) | မဂ္ဂင် | ------- ၇ |
| (၈) | ဈာန် | ------- ဈာန်အင်္ဂါ |
| (၉) | ဝိမောက္ခ | ------- မဂ်၊ ဖိုလ် |
| (၁၀) | သမာပတ္တိ | ----- သမ္မအာဝါစာ/ ကမ္မန္တ/ အာဇီဝ |

## မေးခွန်း (၁၁) သမ္ပဇာနုနှန လက္ခဏာ ပညာ

**(သဒ္ဓါ၏ လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက်ဝင်ရောက်နိုင်စွမ်း လက္ခဏာကို မေးမြန်းခြင်း)**

### သဒ္ဓါ၏ ထိုးဖောက်ဝင်ရောက်နိုင်စွမ်း လက္ခဏာ

- ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီတစ်ဦးသည် သဒ္ဓါစိတ်နှင့် ကြိုးစားအားထုတ်လိုက်လျှင် ကိလေသာအညစ်အကြေးများမှ လွတ်မြောက်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားသည်ကို ကြားသိထားပါသည်။
- ထိုသို့ ကြားသိအားကျပြီး မရသေးတာများရရန်၊ မသိသေးတာများသိရန်၊ မျက်မှောက်မပြုနိုင်သေးသည်များ မျက်မှောက်ပြုနိုင်ရန် ယုံကြည်သဒ္ဓါစွမ်းအားဖြင့် ကြိုးစားလိုက်လျှင် ပေါက်ရောက်ကား တရားထူးတရားမြတ်များ ရသွားသည်။
- ထို့ကြောင့် သဒ္ဓါသည်
  ပေါက်ရောက်အောင်မြင်အောင် စွမ်းဆောင်နိုင်သော လက္ခဏာရှိသည်။ ယုံကြည်ချက်နှင့် ဆုံးဖြတ်လုပ်ကိုင်လျှင် ပြေးဝင်သွား၊ ပေါက်ရောက်အောင်မြင်သွားနိုင်သော လက္ခဏာရှိပါသည်။

**ဥပမာ** – တောင်ကျရေစီးဆင်း၍ မြစ်ရေစီးသန်သော တောင်ကျချောင်းကို ကျန်းမာသန်စွမ်းရဲစွမ်းသတ္တိရှိသူက ဖြတ်ကူး၍ တဖက်ကမ်းသို့ရောက်လျှင် နောက်လူတွေလည်း လိုက်ကူးကြသကဲ့သို့

### သဒ္ဓါ၏ အဓိကမောက္ခလက္ခဏာ (သမ္ပဇာနုနှနလက္ခဏာ)

- သဒ္ဓါကို အဓိမောက္ခဟု တစ်ခါတစ်ခါ စာပေကျမ်းဂန်က ဆိုပါသည်။
- ယုံကြည်ချက်၊ ဆုံးဖြတ်ချက်နှင့် ထိုးဖောက်ဝင်ရောက်နိုင်သည်။
- အောင်မြင်အောင် လုပ်နိုင်သည်။
- အမှန်အကန် ဆုံးဖြတ်နိုင်စွမ်းရှိသည်။

### သဒ္ဓါ၏ ဗိုလ်/ ဗလ

- သဒ္ဓါ၏စွမ်းအားသည် တောင်ကျရေသကဲ့သို့ အရှိန်ပြင်းစွာ စီးဆင်းနေသော ဒီလှိုင်းများကို ယုံကြည်ချက်နှင့် ဖြတ်ကူးနိုင်သကဲ့သို့
- သြဃဆိုသော အခက်အခဲများကိုလည်း ယုံကြည်ချက်နှင့် ဖြတ်ကူးနိုင်သည်။
- တရားထူးတရားမြတ်ရရန် အခက်အခဲများကို ကျော်လွှားရခြင်း ဖြစ်သည်။

**သဒ္ဓါ၏စွမ်းအား**

- ဆုံးဖြတ်ချက် ချနိုင်သည်။ ရဲဝံ့ပြတ်သားသည်။
- တွန်းအားက အလွန်ကြီးမားသည်။
- တစ်ခုခုကို အောင်မြင်ပေါက်ရောက်အောင်စွမ်းဆောင်နိုင်သည်။

**ဥပမာ** – သံသရာဝဋ်က လွတ်ချင်လျှင် သံသရာဝဋ်မှ လွတ်ကြောင်းတရားကို ယုံကြည်လက်ခံပြီး အားလုံးစွန့်လွှတ်ကာ ရဲဝံ့ ပြတ်သားစွာ လုပ်ဆောင်နိုင် ယုံကြည်မှုနှင့် ဖြတ်ကူးနိုင်ခြင်း ဖြစ်သည်။

# ဝီရိယ

## မေးခွန်း (၁၂) ဝီရိယလက္ခဏာပဥ္စာ (ဝီရိယ၏ လက္ခဏာမေးမြန်းခြင်း)

**(Batch-1 OQ No-3)**

**ဝီရိယ** – *ဝီရိယသည် စွမ်းအားကြီးသည်။ ရဲရင့်သူတို့၏ အလုပ်ကို ခေါ်သည်။*

**ဝီရိယ၏ လက္ခဏာ**

- <u>**အထောက်အကူပြုသော၊ ထောက်ပံ့ကူညီသော**</u> လက္ခဏာရှိသည်။
- ဝီရိယက ကူညီပေးလျှင် ၊ ဝီရိယက တွန်းအားပေးလျှင် ကုသိုလ်များ လျော့ကျမသွားနိုင်ပါ။

**ဥပမာ**

(၁) သစ်သားအိမ်တစ်အိမ် ယိုင်လာပြီဆိုလျှင် ကျားကန်ပေးရခြင်း

(၂) သစ်ပင်တစ်ပင် ယိုင်လဲလျှင် တုတ်ထောက်ပေးရခြင်း

(၃) စစ်ပွဲတပွဲတိုက်လျှင် စစ်အင်အားနည်းသည့်ဘက်က နောက်ဆုတ်နေရချိန်တွင် စစ်ကူရောက်ကာ တွန်းလှန်ပေးလျှင် အင်အားကြီးသောစစ်တပ်တုန့်ဆိုင်းသွားခြင်း

**မြတ်စွာဘုရားရှင်ဟောသော ဝီရိယရှိသူ**

- ဝီရိယနှင့် ကျားကန်ပေးထားလိုက်လျှင် ကုသိုလ်တရားများ ဆုတ်ယုတ်မသွားနိုင်ပါ။
- ဝီရိယရှိသောသူသည် မကောင်းသောစိတ်ကို ဖယ်ရှားနိုင်ပြီး ကောင်းသောစိတ်များ ဖြစ်ပွားစေနိုင်သည်။
- အပြစ်ရှိသောသဘာဝတရားများကို ဖယ်ရှားပြီး အပြစ်ကင်းသော သဘာဝတရားများ ကိုယ့်သန္တာန်တွင်ဖြစ်စေ နိုင်သည်။
- ကိုယ့်ရဲ့စိတ်ကို သန့်သန့်ပြန့်ပြန့်ရှိအောင် ဆောင်ရွက်နိုင်သည်

**သမ္မပ္ပဓာန် လေးပါး (ဝီရိယ၏ စွမ်းဆောင်မှု ၄ ချက်) (သမ္မာဝါယာမ) (Batch-1 OQ No-3)**

**(က) အကုသိုလ်ဖက်မှ မကောင်းတာဖယ်ရှားရန် ကြိုးစားမှု (၂)ရပ်**

(၁) **သံဝရ** – ကိုယ့်သန္တာန်တွင် မကောင်းသောစိတ် မဖြစ်အောင်၊ မကောင်းသောအတွေး မဝင်အောင် ဆို့ပိတ်ရန် ကြိုးစားခြင်း

(၂) **ပဟာန** – မကောင်းသောစိတ်များ၊ အတွေးများ မဆို့ပိတ်နိုင်လျှင် ဖယ်ရှားနိုင်ရန် ကြိုးစားရမည်။

**(ခ) ကောင်းသည့်ဖက်က တိုးမြှင့်ပေးသည့်အချက် (၂) ချက်**

(၁) **ဘာဝနာ** – ကိုယ့်သန္တာန်တွင် မေတ္တာစိတ် မဖြစ်သေးလျှင် ဖြစ်အောင်ကြိုးစား

(၂) **အနုရက္ခဏာ** – ဖြစ်လာသောမေတ္တာစိတ်ကို ထိန်းသိမ်းကာ ကောင်းသောစိတ်ဖြစ်ပွား တိုးတက် အောင် ကြိုးစားခြင်း

## မေးခွန်း (၄၄) ဝါယာမ ကရဏ ပဥ္စာ

**မလာသေးသည့်ဆင်းရဲဒုက္ခအတွက် ကြိုးပမ်း မှု၏ အကျိုး**

မဖြစ်သေးသောဒုက္ခများ မဖြစ်ရအောင်၊ ဖြစ်ပြီးဒုက္ခများ ချုပ်ငြိမ်းအောင် ကြိုတင် လုံ့လပြုခြင်း သည် အကျိုးရှိပါသည်။

တစ်ချိန်လိုချင်ပြီဆိုမှ ထလုပ်လျှင် မည်သည့်ကိစ္စမှ မပြီးနိုင်ပါ။ မည်သည့်ကိစ္စပင်ဖြစ်စေ ကြိုတင်လုပ်မှ အကျိုးဖြစ်၍ ရောက်လာမှလုပ်လျှင် အကျိုးမဖြစ်ပါ။

**ဥပမာ**

(၁) ရေသောက်ချင်လျှင် အဆင်သင့်ဖြစ်အောင် ရေတွင်း ရေကန် ကြိုတင်တူးထားရခြင်း

(၂) ဆာလျှင် စားနိုင်ရန် ကြိုတင်လယ်ထွန် စပါးစိုက်ခြင်း

(၃) နိုင်ငံတစ်နိုင်ငံတွင် စစ်ပွဲဖြစ်လျှင် အဆင်သင့်ရင်ဆိုင်နိုင်ရန် မြို့ရိုးတည်၊ ကျုံးဆောက်၊ စစ်ပညာသင်ထားခြင်း

**ဗုဒ္ဓဒေသနာတော် ကိုးကား၍ ကြိုတင်လုပ်ရခြင်း၏ အကျိုးကျေးဇူး**

(၁) ကိုယ့်အတွက် အကျိုးဖြစ်မည်ဟု သိထားသော အလုပ်ကို ကြိုတင်ပြီး လုပ်ရမည်။

(၂) လှည်းသမားအတွေးမတွေးပဲ၊ ပညာရှိသည်ပညာဖြင့် ကြိုတင်ပြင်ဆင်ထားရမည်။

(၃) နေ့စဥ်ဘဝတွင် အဓမ္မဆိုသောဒုစရိုက်လမ်းကြောင်း ရှောင်ပြီး ဓမ္မဆိုသောသုစရိုက် လမ်းကြောင်း ကို ရွေးချယ်ပြီးသွားရမည်။

## မေးခွန်း (၇၃) ဒုက္ခပ္ပဟာန ဝါယာမပဥှာ

**မလာသေးသည့် အနာဂါတ်ဆင်းရဲဒုက္ခ ကို ဖယ်ရှားရန် ကြိုးပမ်းအားထုတ်နေခြင်းကို မေးမြန်းခြင်း**

- ရဟန်းတော်တို့သည် ပြီးခဲ့သော အတိတ်ဒုက္ခကို ပယ်ရန် ကြိုးစားကြခြင်းလည်း မဟုတ်ပါ
- နောင်ဖြစ်လာမည့်ဒုက္ခများ ဖယ်ရှားရန် ကြိုးစားခြင်းလည်း မဟုတ်ပါ
- ယခုလက်ရှိ ဖြစ်နေဆဲ ဒုက္ခကို ဖယ်ရှားနိုင်ရန် ကြိုးစားခြင်းလည်း မဟုတ်ပါ
- အတိတ်ဒုက္ခဆိုသည် ပြီးခဲ့ပြီဖြစ်၍ ဖယ်ဖို့ကြိုးစားရန် မလိုတော့ပါ။
- အနာဂတ်ဒုက္ခဆိုသည်မှာလည်း မဖြစ်သေး၍ ဖယ်လို့မရပါ။
- ပစ္စုပ္ပန်ဒုက္ခဆိုသည်မှာ ဖြစ်နေဆဲဖြစ်၍ ဖယ်ရှား၍ မရပါ။
- ယခုလက်ရှိ ဒုက္ခငြိမ်းစေရန် ၊ တစ်ခြားဒုက္ခများလည်း ထပ်ပြီးမဖြစ်ပါစေရန် ဆိုသော ရည်ရွယ်ချက် ဖြင့် ကြိုးစားကြပါသည်။
- *ဖြစ်ပေါ်လာမည့် ဆင်းရဲဒုက္ခ၊ ယခုမရှိသေး/မဖြစ်သေးသော်လည်း ၊ နောင်တွင် ထိုဒုက္ခမျိုး မဖြစ်အောင်၊ ကြိုတင်ပြီး တရားကျင့်ကြံထားခြင်း၊ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။*

**ဥပမာ**

(၁) ဆန့်ကျင်ဘက်စစ်ပြုမည့် ရန်သူများ မလာခင်ကပင် မြို့ရိုးတည်၊ ကျုံးဆောက်၊ စစ်ပညာ သင်ထားရသကဲ့သို့

(၂) ရေမဆာမီကပင် နောင်ဆာလျှင် သောက်ရန် ရေတွင်းတူးထားသကဲ့သို့

(၃) ထမင်းမဆာသေးခင်ကပင် ဆာလျှင် စားရန် လယ်စိုက် ဆန်၊စပါး ဖြည့်ထားရသကဲ့သို့

# သတိ

## မေးခွန်း (၁၃) သတိလက္ခဏာ ပဥှာ (သတိရှိခြင်းလက္ခဏာ မေးမြန်းခြင်း)

**သတိ၏လက္ခဏာ**

(၁) **အပိလာပနလက္ခဏာ** - မြုပ်နေလျှင် ပေါ်လာစေအောင်လုပ်ခြင်း၊ အမှတ်ရစေခြင်း

(၂) **ဥပဂ္ဂဏှန လက္ခဏာ-** ချီးမြှင့်ပေးခြင်း လက္ခဏာများ ရှိပါသည်။

**အပိလာပနလက္ခဏာ (သတိကပေါ်လာစေခြင်း လက္ခဏာ)**

- လူတွေရဲ့စိတ်ထဲတွင် သတိဖြစ်ပေါ်လာလျှင် ကုသိုလ်၊ အကုသိုလ်ကို သတိပြုမိ၍ ပေါ်လာ သည်။ မိမိတို့၏ စိတ်ထဲတွင် ကောင်း/မကောင်း အပြစ်ရှိ/မရှိ ပေါ်လာသည်
- သတိပဋ္ဌာန်တရားလေးပါး၊ သမ္မပ္ပဓာန်တရားလေးပါး စသော ကောင်းသောအရာများ ကိုယ့်သန္တာန်တွင် ဖြစ်ပေါ်လာသည်။
- သမထကျင့်စဉ် ကျင့်ရန်၊ ဝိပဿနာကျင့်ရန် မှ စ၍ အဆင့်မြင့်သည့် တရားများထိအောင် သတိစွမ်းဆောင်မှုဖြင့် ပေါ်လွင်ထင်ရှားလာသည်။
- ထို့ကြောင့် သတိသည် <u>**ပေါ်လာစေခြင်း**</u> လက္ခဏာရှိပါသည်။

ဥပမာ

(၁) မှောင်နေသောအခန်းထဲတွင် မီးထွန်းလိုက်လျှင် မမြင်ရသော ပစ္စည်းများ ပေါ်လာ သကဲ့သို့

(၂) ဘဏ္ဍာစိုးမှ စာရင်းအင်းနှင့်တကွ ပစ္စည်းဘဏ္ဍာများ တင်ပြသောအခါ ဘုရင်ကြီးမှ သူ့ပစ္စည်းများ အပေါ် သတိထားမိလာသကဲ့သို့

**ဥပဂ္ဂဏှန လက္ခဏာ (ချီးမြှောက်ထောက်ကူပေးခြင်း/ မြှင့်တင်ပေးခြင်း လက္ခဏာ)**

- သတိဖြစ်လာလျှင် အကျိုးရှိသော၊ အကျိုးမရှိသော တရားအနေအထားများကို ရှာပေးတတ်သည်။
- ကမ္မဋ္ဌာန်းအားထုတ်သူဖြစ်စေ၊ ရောဂါရှိသူဖြစ်စေ ကိုယ့်အတွက် အကျိုးရှိ/မရှိ အမြဲတမ်းစိစစ်နေရန် လိုအပ်ပြီး၊ သတိမဲ့သွားလျှင် လွဲချော် ဒုက္ခရောက်စေသဖြင့် သတိ၏ ထောက်ကူမှုက အရေးကြီးလှသည်။
- မိမိတို့နေ့စဉ်ဘဝတွင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်သည့်အခါ အကြောင်းကို ပြန်ရှာဖို့လေ့ကျင့်နိုင်ခြင်းသည် သတိ၏ ချီးမြှောက် ထောက်ကူပြုမှုပင် ဖြစ်သည်။
- မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရားဟောသည့်အခါတွင်ပင် သတိသမ္ပဇဉ်ကို လေ့ကျင့်ပြီး mindfulness အမြဲတမ်း လုပ်ရန် လိုအပ်ကြောင်း ဟောကြားထားခဲ့သည်။

**စကြာဝတေးမင်း၏ သားကြီးရတနာဥပမာ**

- စကြာဝတေးမင်း၏ သားကြီးရတနာသည် ဘုရင်ကို အကြံပေးရှေ့ဆောင်ရသည်။ မကောင်းတာ ၊ အကျိုးမဖြစ်မည့်များကို ဖယ်ရှားပြီး အကျိုးဖြစ်မည်ကို လုပ်ဆောင်စေသည်။
- ထို့အတူယောဂီပုဂ္ဂိုလ်များ အတွက်လည်းသတိသည် အကျိုးဖြစ်စေရန် ထောက်ကူ ပေးပါသည်။

**သတိ+သမ္ပဇဉ**

- သတိက အာရုံကို ယူပေးသည်။ ပညာက အကျိုးရှိ/မရှိ သိစေသည်။
- သတိနှင့်ပညာမှာ အမြဲတွဲဖက်နေသည်။
- သတိမပါသော ပညာဆိုတာ မရှိ။
- သတိကယူပေးလိုက်လျှင် နောက်ကပညာဆိုတာ ဖြစ်လာ၍ စာပေကျမ်းဂန်များတွင် သတိမ္ပဇဉ ကို တွဲဖက်ထားသည်။
- သတိကယူမပေးလျှင် ပညာက ဘာမှသိ၍မရပါ။

**အချိန်မရွေး အလိုရှိအပ်သော သတိ**

- စိတ်အခြေအနေ နိမ့်ချိန်၊ မြင့်ချိန်၊ စိတ်ကြွနေစဉ်၊ စိတ်ဓာတ်ကျနေစဉ် မည်သည့်အချိန်ဖြစ်စေ ၊ စိတ်ဓာတ်အတိုးအဆုတ်အားလုံးသိနေ၍ သတိဆိုတာ ပိုတယ်မရှိပါ။
- *စိတ်အခြေအနေ မည်သို့ပင်ရှိရှိ အချိန်မရွေး သတိလိုအပ်သည် ဟု မြတ်စွာဘုရားရှင်ဟောကြား ခဲ့သည်။*

## မေးခွန်း (၆၉) စိရကတသရဏ ပဥာ

**ငယ်ရွယ်စဉ်ကလုပ်ခဲ့သည့်အရာများကို မည် သည့်အရာဖြင့် အမှတ်ရခြင်းဖြစ်ပါသနည်း?**

- လူတို့သည် ငယ်စဉ်က လုပ်ခဲ့သည်များကို သတိနှင့် ပြန်ပြီးအမှတ်ရ၊ သတိမှ အမှတ်ရပါသည်။
- အလုပ်တစ်ခု လုပ်ပြီးသည့်အခါ တစုံတစ်ခု မေ့သွားတာရှိတတ်ပါသည်။
- အလုပ်တစ်ခုလုပ်ရာတွင် မေ့နေသောအချိန်မှာ စိတ်ကင်းမဲ့နေခြင်းမဟုတ်၊ သတိသာလျှင် ထိုအချိန် တွင် မရှိခြင်းဖြစ်ပါသည်။
- သတိနှင့် အမှတ်ရသည်ဆိုသည်မှာ သင့်လျော်၍ ဖြစ်ပါသည်။

***မေ့သွားခြင်း***

- *မေ့သွားသည်ဆိုသည့်အချိန်တွင် သတိပဲမရှိနေကာ စိတ်ကတော့ အမြဲဖြစ်ပြီး အမြဲရှိနေပါသည်။ ဒေါသထွက်နေလျှင်၊ လောဘ၊ မောဟ ဖြစ်နေလျှင်လည်း စိတ်က ရှိနေသည်။ သို့သော် သတိမရှိတော့လျှင် မေ့သည်။*

## မေးခွန်း (၇၀) အဘိဇာနန္တသတိပဥာ

**သတိအားလုံး မွေးရာပါ ပင်ကိုယ်အသိရှိပြီး မှတ်မိတာလား။ တစ်ဦးဦးက သတိရစေလို့ အမှတ်ရတာလား**

- သတိအားလုံးသည် မွေးရာပါ ပင်ကိုယ်အသိ အဘိဇာနန္တိသတိ ရှိပြီး မှတ်မိတတ်သည်၊ တစ်ဦးဦးက သတိရစေလို့ ကဋ္ဌမိတာသတိနှင့် အမှတ်ရတတ်သည်။
- သင်ကြားမှတ်သားပြီး ဉာဏ်နှင့်နှိုင်းယှဉ်သိသော ကဋ္ဌမိတာ သတိမျိုး မရှိခဲ့လျှင် လောကတွင် အတတ်ပညာဆိုတာလည်း မလို၊ ပညာသင်ကျောင်းတွေလည်း တစ်ခုမှ မလိုအပ်တော့ပါ။

## မေးခွန်း (၇၁) သတိဥပ္ပဇ္ဇနပဥှာ (သတိဖြစ်ဖြင်း အကြောင်းဘယ်နှစ်မျိုး ရှိပါသလဲ)

**သတိဖြစ်ခြင်းအကြောင်း**

သတိဖြစ်ခြင်း၊ သတိဖြစ်ပေါ်လာခြင်း အကြောင်း **(၁၇) မျိုး** ရှိပါသည်။

| | |
|---|---|
| **(၁) အဘိဇာနန္တသတိ** | -မွေးရာပါအသိနှင့်အမှတ်ရနေသော ဇာတိဿရဉာဏ်နှင့်ဖြစ်သော သတိဖြစ်သည်။ ဇာတိဿရ ဆိုသည် အတိတ်ဘဝက အဖြစ်အပျက်များကို အမှတ်ရခြင်း ဖြစ်သည်။ |
| **(၂) ကဋုမိတာ သတိ** | - သင်ကြားမှတ်သားပြီး ဉာဏ်နှင့်နှိုင်းယှဉ်ကာ သိသောသတိ |
| **(၃) ဩဠာရိက ဝိညာဏတောပိ** | - စိတ်ထဲတွင် ဖြစ်ခဲ့သော ကောင်းသောအရာများကို ထင်ထင်ရှားရှားမှတ်သားစွဲလမ်းထား၍ ပြန်လည် သတိရခြင်း |
| **(၄) ဟိတဝိညာဏတောပိ** | - ချမ်းသာသုခ ခံစားခဲ့ရသည်များကို ပြန်ပြီး မှတ်မိတတ်ခြင်း |
| **(၅) အဟိတာ ဝိညာဏတောပိ** | - ဒုက္ခရောက်ခဲ့သည်များကို စွဲစွဲမြဲမြဲ မှတ်မိတတ်ခြင်း |
| **(၆) သဘာဂ နိမိတ္တ တောပိ** | - ပုံစံတူ အာရုံတစ်ခုကို တွေ့လျှင် မှတ်မိခြင်း |
| **(၇) ဝိသဘာဂ နိမိတ္တတောပိ** | - မတူတာတွေ့လျှင်လည်း တူသည်များကို သတိရမိခြင်း |
| **(၈) ကထာဘိ ညာဏဏော** | - တစ်ဦးဦးက သတိပေးစကားပြောခြင်းကြောင့် မှတ်မိတတ်ခြင်း |
| **(၉) လက္ခဏတော** | - အမှတ်အသားလုပ်ထား၍ အမှတ်အသားကြောင့် သတိရမှတ်မိတတ်ခြင်း |
| **(၁၀) သာရဏတော** | -တစ်ဖက်သားကသတိရစေခြင်းဖြင့်သတိဆိုတာဖြစ်ပေါ်လာခြင်း |
| **(၁၁) ဗုဒ္ဓတော** | - သင်ယူမှတ်သားခြင်းကြောင့် မှတ်မိသော သတိ၏ |
| **(၁၂) ဂဏနတော** | - ဂဏန်းသင်ထား၍ ဂဏန်းနည်းဖြင့် သတိဖြစ်ခြင်း |
| **(၁၃) ဓာရဏတော** | - ရင်ထဲတွင် စွဲနေအောင် နှုတ်တက်ဆောင်ထားခြင်းဖြင့် မှတ်မိတတ်ခြင်း |
| **(၁၄) ဘာဝနာတော** | - သတိတိုးတက်လာအောင် သတိသမ္ပဇဉ ကျင့်စဉ် တစ်ခုကျင့်ခြင်းဖြင့် မှတ်မိတတ်ခြင်း |
| **(၁၅) ပေါတ္ထကနိဗန္ဓနတော** | - စာအုပ်တွင် မှတ်တမ်းတင်ထားခြင်းကြောင့် မှတ်မိခြင်း |
| **(၁၆) ဥပနိက္ခေပတောပိ** | - အနီးအနားချပြီးပြသော ပစ္စည်းကိုကြည့်၍ တွေ့ဖူးတယ်၊ မတွေ့ဖူးဘူး ဆိုပြီး မှတ်မိခြင်း |
| **(၁၇) အနုဘူတတောပိ** | - ခန္ဓာကိုယ်အာရုံ (၆)ပါးနှင့် ကြုံတွေ့ဖူးသောအရာများကို မှတ်မိသောသတိ |

**ကိုယ်တိုင်သိခြင်းဖြင့် တိုက်ရိုက်ပါရမီ**

- မြတ်ဗုဒ္ဓ၏အဆုံးအမတရားတော်များ သိရှိရခြင်းသည် အလွန်တန်ဖိုးရှိသောအရာဖြစ် သည်။
- ယခုဘ၀တွင်လည်း အသိဉာဏ်များ၍ ပညာပါရမီကုသိုလ်လည်း မိမိသန္တာန်တွင် ဖြစ်ခွင့်ရသည်။
- ပညာဆိုသော ကုသိုလ်၏ အကြောင်းကြောင့် ဖြစ်လေရာဘ၀တွင် အသိဉာဏ်ကြွယ်ဝခြင်း အကျိုးကျေးဇူးများ ရရှိလာနိုင်ပါသည်။
- ကိုယ်တိုင်သိခြင်းသည် တိုက်ရိုက်ပညာပါရမီ ဖြစ်သောကြောင့် သတိထားကာ အသိပညာများ တိုးပွားအောင် ကြိုးစားအားထုတ် ကြရပါမည်။

## မေးခွန်း (၇၂) ဗုဒ္ဓဂုဏ သတိ ပဋ္ဌိလာဘပဥှာ (သေခါနီးတွင် မြတ်စွာဘုရား၏ဂုဏ် ကို အာရုံပြု၍သေခြင်း)

**သေခါနီးတွင် မြတ်စွာဘုရား၏ဂုဏ် ကို အာရုံပြု၍သေခြင်း**

ရှင်နာဂသေနက ကျောက်ခဲသေးသေးတလုံးဖြစ်ပါစေ၊ လှေပေါ်မတင်ပဲ ရေထဲဒီတိုင်း ချလိုက်မည် ဆိုလျှင် ပေါ်နိုင်မည် မဟုတ်ပါ ။ လှည်းပေါင်းများစွာ တိုက်ရသော တန်နှစ်ဆယ် ကျောက်တုံးကြီးအား လှေသဘော်ပေါ်တင် လျှင် ဖြစ်စေ၊ ကုန်တင်ပင်လယ်ကူး သဘော်ပေါ် တင်လျှင် ဖြစ်စေ ကျောက်တုံးသည် ရေပေါ်တွင် ပေါ်နိုင်ပါမည်။

ကုသိုလ်ဆိုသည် လှေသဘော်နှင့် တူပါသည်။ အကုသိုလ်ဘယ်လောက် လုပ်ထားထား၊ ကုသိုလ်ကောင်းမှုကအပါယ်ငရဲ မမြုပ်အောင် ကယ်နိုင် သည်။

ထို့ကြောင့် အသက်တစ်ရာနေရသောပုဂ္ဂိုလ်သည် နှစ်ပေါင်း၁၀၀ အကုသိုလ်များ လုပ်ထားသော်လည်း မြတ်စွာဘုရားရှင်၏ဂုဏ်ကို အာရုံပြုရင်းသေလျှင် နတ်ပြည်ရောက် နိုင်ပါသည်။ ပါဏာတိပါတကံ တစ်ကြိမ်လုပ်ရုံမျှနှင့်လည်း ငရဲကျနိုင်သည်ဆိုခြင်းကို လက်ခံနိုင်လောက်ပါသည်။

**မြတ်စွာဘုရားရှင်ကိုယ်တိုင်**

- အကုသိုလ်မှန်သမျှသည် အောက်ကို ပို့ဆောင်သည်
- ကုသိုလ်မှန်သမျှသည် အထက်ကို ပို့ဆောင်သည်ဟု ဟောကြားထားခဲ့ပါသည်။

**ကုသိုလ်နှင့် အကုသိုလ်အစွမ်းသတ္တိ (၂)ခု**

- ကုသိုလ်က စွမ်းအားကြီးသည်။
  အကုသိုလ်က စွမ်းအားမကြီးပါ။
- သို့သော် ကုသိုလ်က ချက်ချင်းမကယ်နိုင်သော အကုသိုလ်မျိုး တော့ ရှိပါသည်။
- တစ်ဘ၀တာအတွက် ကယ်လို့မရသော်လည်း ထာဝရ ကယ်၍ မရသော အကုသိုလ်ဆိုတာ မရှိပါ။

## သမာဓိ

### မေးခွန်း (၁၄) သမာဓိပဥှာ (သမာဓိ၏ လက္ခဏာကိုမေးမြန်းခြင်း)

**သမာဓိ (သံ+ အာဓိ)**

**သံ** = ကောင်းစွာ၊ **အာဓိ** = စိတ်ကို အာရုံတစ်ခုခုပေါ်တွင် စူးစိုက်ထားခြင်း

လူသားတို့တွင် (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော) စိတ်စွမ်းအားငါးမျိုး အနက် သမာဓိဆိုသည် မှာ **အာရုံတစ်ခုတည်းပေါ်တွင် စိတ်ကိုကောင်းစွာ စူးစိုက်ထားခြင်း** ပင် ဖြစ်သည်။

**သမာဓိ၏ အမှတ်လက္ခဏာ**

- သမာဓိသည် **အခြေအနေကောင်းများကို ဦးဆောင်ကြီးမှူးသွား** သည်
- သမာဓိ၏ စုစည်းမှုအောက်တွင် ကုသိုလ်အားလုံး စုမိသွားကြသည်
- အာရုံတစ်ခုတည်းတွင် စုမိသွားအောင်လုပ်သည်
- **သမာဓိက စုစည်းထားသော ကုသိုလ်တရားများဆိုသည်မှာ** သဒ္ဓါ၊ သီလ၊ ဝီရိယ၊ သတိ၊ ပညာ တို့ဖြစ်သည်။
- *သမာဓိဘက်အားလုံး ညွတ်သွား၊ သမာဓိဘက် ကိုင်းသွား ၊သမာဓိဘက် ရှိုင်းသွား* ကြသည်။ ကုသိုလ်တရားအားလုံး သမာဓိဦးဆောင်မှုအောက် ရောက်သွားသည်။

**ဥပမာ**

(၁) အချင်၊ ယနယ်၊ ဒိုင်း၊ မြှား အားလုံး အိမ်အထွဋ်ဇဟို ဦးတည်ဆုံစည်းသွားသကဲ့သို့

(၂) တီးခရိုင်အားလုံးတီး ဇဟိုချက် သွားစုကြသကဲ့သို့

(၃) ဘုရင်ဦးဆောင်တိုက်သောစစ်ပွဲတွင် ဖွဲ့စည်းထားသည့်စစ်တပ်အားလုံး ဘုရင်ကို ဝန်းရံသကဲ့သို့

**သမာဓိနှင့်ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောကြားချက်**

- စိတ်တည်ငြိမ်မှု သမာဓိကို ကိုယ့်သန္တာန်တွင် ဖြစ်ပွားတိုးတက်အောင် ကြိုးစားကြရမည်
- သမာဓိရှိသူသည် အမှန်အကန်ကို နားလည်သည်

**သတိနှင့် သမာဓိ ကွာခြားချက်**

- အာရုံကို အမှတ်ရနေခြင်း က သတိ
- အာရုံအပေါ် စူးစိုက်နေခြင်း က သမာဓိ
- ထွက်လေဝင်လေ ဝင်ထွက်တိုင်း အမှတ်ထားနေခြင်းက သတိ
- အမှတ်ထားသည့် အတိုင်း ထိုအာရုံမှလွဲပြီး အခြားအာရုံပေါ် စိတ်ရောက်မသွားပဲ ငြိမ်သွားခြင်းကို သမာဓိဟု မှတ်ရမည်။

***သမာဓိထူထောင်သောအခါ ရရှိလာသော အကျိုးများ***

ကမ္မဋ္ဌာန်းအားထုတ်သောပုဂ္ဂိုလ်တိုင်းသည် သမာဓိကိုထူထောင်၍ စိတ်တည်ငြိမ်လာလျှင်

- ကိုယ့်ခန္ဓာတွင် ဖြစ်သမျှ သိရှိနားလည် လာကြသည်
- မမြဲဘူးဆိုသည် သဘောပေါက်လာသည်
- စိတ်ခံစားချက်၊ စိတ်အခြေအနေ ဖြစ်ပေါ်လာမှုများကို သိလာသည်
- ခန္ဓာကိုယ်တွင် ဖြစ်ပေါ်လာသမျှ သမာဓိရှိလျှင် ရှင်းလင်း ပြတ်သားစွာ သိလာနိုင်မည်။

## ပညာ

## မေးခွန်း (၁၅) ပညာလက္ခဏာပဉှာ (ပညာလက္ခဏာမေးမြန်းခြင်း)

**ပညာ၏ အဓိပ္ပာယ်**

ပညာဆိုသည် ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိခြင်းဟု အဓိပ္ပါရသည်။

**ပညာ၏ အမှတ်အသားလက္ခဏာ**

(၁) ပညာသည် **ဆုံးဖြတ်ခြင်း၊ ဖြတ်တောက်ခြင်း "ဆေဒနလက္ခဏာ"** ရှိသည်။

(၂) **အလင်းရောင်ပေးခြင်း** လက္ခဏာရှိသည်။ **"ဩဘာသန လက္ခဏာ"**

**အသိစိတ်ထဲ ပညာဉာဏ်ဖြစ်လာလျှင်**

(၁) မသိဘူးဆိုသော **'အဝိဇ္ဇာ'** အမှောင်ကို ဖယ်ရှားပြီး ဖြစ်သွားသည်။

(၂) သိခြင်း **'ဝိဇ္ဇာ'** ဆိုသော အလင်းကို ဖြစ်ပေါ်စေသည်။

(၃) အသိဉာဏ်ဆိုသော အလင်းကို ဖြစ်ပေါ်စေသည်။

(၄) အရိယသစ္စာတရားများကို ဉာဏ်ထဲတွင် ပေါ်လွင်ထင်ရှား အောင်လုပ်ပေးသည်။

ပြတင်းပေါက်အားလုံး ပိတ်ထား၍ မှောင်နေသောအိမ်တစ်လုံးတွင် မီးထွန်းလိုက်သောအခါ အမှောင်ဖျောက်၍ အလင်းပေါ်ပေါက်စေသည်။ အလင်းရောင်ကြောင့် အခန်းထဲရှိသည်များ မျက်စိဖြင့် မြင်လို့ရအောင် ပေါ်လွင်ထင်ရှားလာစေသကဲ့သို့ပင် ဖြစ်သည်။

***မှန်ကန်သည့် ဝိပဿနာ ပညာနှင့် ရှုမြင် နိုင်ခြင်း***

တရားဓမ္မကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်တစ်ဦး ဝိပဿနာအလုပ်လုပ်လျှင်

- ထွက်လေဝင်လေကို ၊ ခန္ဓာကိုယ်၏ လှုပ်ရှားမှုကို ၊ စိတ်ခံစားမှုလေးကို မိမိစိတ်ကို စသည်ဖြင့် မည်သည်ကိုပဲ ဗဟိုပြုပြီးကြည့်သည် ဖြစ်စေကြည့်လိုက်သောအခါ
- ပေါ်လိုက် ပျောက်လိုက် ဆိုသော မမြဲသောသဘော
- မမြဲမှုများက အစဉ်ထာဝရနှိပ်စက်နေသော ဒုက္ခသဘော
- မမြဲတာကို မြဲအောင် လုပ်နိုင်စွမ်း မရှိသော အနတ္တသဘော များကို နားလည်လာပါလိမ့်မည်။
- ပရမတ္တအားဖြင့် ရုပ်နှင့်နာမ်ကလွဲ၍ သိစရာမရှိ
- ရုပ်နာမ်များသည်လည်း ဆိုင်ရာအကြောင်းကြောင့်သာဖြစ် အကြောင်းမဲ့မဖြစ်
- ဖြစ်ပြီး ရပ်တည်မနေသလို၊ မဖြစ်ခင်လည်း တစ်နေရာရာရှိနေခြင်းမဟုတ်
- ဖြစ်ပြီး ပျက်သွားသည့်နောက် တစ်နေရာမှာ စုပုံတည်ရှိမနေ စသည်ဖြင့် အဆင့်ဆင့် နားလည်သွားခြင်းသည် **မှန်ကန်သည့် ဝိပဿနာပညာနှင့် ရှုမြင်နိုင်ခြင်း**_ပင်ဖြစ်သည်။

## မေးခွန်း (၁၉) ဉာဏ ပညာ ပဉ္စာ (ဉာဏ်ဖြစ်သည့်ပုဂ္ဂိုလ်တွင် ပညာဖြစ်ပါသလား?)

**ဉာဏ်ဖြစ်သည့်ပုဂ္ဂိုလ်တွင် ပညာဖြစ်ပါသလား (Batch-1 OQ No-3)**

- ဉာဏ်ဖြစ်သည့် ပုဂ္ဂိုလ်တွင် ပညာဖြစ်ပါသည်။
- ဉာဏ်ဆိုသည်မှာ သင်ပေး၍သိလာသော အသိဖြစ်သည်။
- ပညာဆိုသည် သိလာသောအသိအပေါ်တွင် အခြေခံပြီး နားလည်နိုင်စွမ်းရှိသော အရည်အချင်းဖြစ်သည်။
- ပုဂ္ဂိုလ်တစ်ယောက်ထဲတွင် ဉာဏ်သည်ပင်လျှင် ပညာဖြစ်လာသည်။
- ထိုပုဂ္ဂိုလ်များတွင်ပင် တချို့ကိစ္စများတွင် တွေဝေမှု ဖြစ်၍ တချို့ကိစ္စတွင် တွေဝေမှု မဖြစ်ပါ။

**တွေဝေမှု ဖြစ်တတ်သောနေရာ**

(၁) အညာတပုဗ္ဗေသု ဝါသိပ္ပဋ္ဌာနေသု – မသင်ဖူးသော အတတ်ပညာမျိုး တွင်
(၂) အဂတ ပုဗ္ဗာယ ဝါဒိသာယ– မရောက်ဖူးသော အရပ်ဒေသမျိုး တွင်
(၃) အသုတ ပုဗ္ဗာယဝါနာမ ပညတ္တိယာ – မကြားဖူးသောစကား၊ အမည်နာမမျိုး တွင်
ဉာဏ်မဖြစ် တွေဝေတတ်သည်။

**တွေဝေမှုကင်းသော နေရာ/အချိန်**

ဝိပဿနာပညာဖြင့် သိထားပြီး ဖြစ်သော
(၁) – မမြဲဘူး ဟူသော သဘောတရား (အနိစ္စ)
(၂) – ဆင်းရဲသည် ဟူသော သဘောတရား (ဒုက္ခ)
(၃) – ကိုယ်မပိုင်ဟူသော အနတ္တသဘောတရားများကို သိထားပြီးလျှင် တွေဝေမှု ကင်းသည်။

**မောဟ**

- လုပ်သင်တာနှင့် မလုပ်သင့်တာ မသိပါ
- အမှားနှင့် အမှန် မသိနိုင်ပါ
- အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်

မလုပ်သင့်တာကို လုပ်သင့်တယ်ထင်၊ လုပ်သင့်တာကို မလုပ်သင့်ဟု ထင်တတ်သည်။

**ဉာဏ်ဖြစ်လာလျှင် မောဟ ချုပ်ပျောက်သောနေရာ (Batch-1 OQ No-3)**

အသိဉာဏ် ဝင်လာသည်နှင့် တစ်ပြိုင်နက် မသိတာပျောက်ကာ မောဟသည် ဖြစ်သည့်နေရာတွင်ပင် ချုပ်ငြိမ်းသွားသည်။

ဥပမာ – မှောင်နေသော အိမ်တစ်လုံးထဲတွင် မီးအလင်းတိုင်လေး ထွန်းလိုက်လျှင် အမှောင်ပျောက်သွားသကဲ့သို့ ဉာဏ်ဖြစ်ပေါ်လာသည်နှင့် မောဟ ချုပ်ပျောက်ပါသည်။

**ပညာချုပ်ပျောက်သောနေရာ**

ပညာသည် သဘာဝတရား၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အနတ္တဖြစ်ခြင်း သဘောကို သိအောင် လုပ်ဆောင်သည်။ ထိုသိခြင်းကိစ္စပြီးသည့်နောက် ပညာသည်လည်း ထိုနေရာတွင်ပင် ချုပ်ငြိမ်းပါသည်။ ပညာက ဖြစ်ပြီးလျှင်ချုပ်ငြိမ်းသွားသော်လည်း ပညာနှင့်သိထားသော(အနိစ္စ၊ဒုက္ခ၊အနတ္တ) သဘာဝတရားကြီးကတော့ ချုပ်မသွားပဲ ရှိနေပါသည်။

ဥပမာ

(၁) ညအခါ စာရေးစရာရှိ၍ မီးထွန်းပြီး စာရေး၊ မီးငြိမ်းလိုက်သော်လည်း ရေးထားသောစာများ ပျောက်မသွားသကဲ့သို့

(၂) အရှေ့ပိုင်းနိုင်ငံများတွင် မီးဘေးကာကွယ်ရန် တစ်အိမ်ရေအိုးငါးလုံးထား၍ မီးငြိမ်းသတ်သည့်အခါ အသုံးပြုလိုက်သဖြင့် မီးငြိမ်းသွားလျှင် ထိုရေအိုးများကို ထပ်မသုံးသကဲ့သို့
ဝိပဿနာတရားအားထုတ်သည့်အခါ ဣန္ဒြေငါးပါး (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) စွမ်းအားနှင့် ကိလေသာမီးကို ငြိမ်းသတ်သောအခါ နောက်ထပ်မဖြစ်နိုင်တော့ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိခြင်းကိစ္စဆောင်ရွက် ပြီး ပညာချုပ်ငြိမ်းသွားသော်လည်း သိပြီးသားအသိသည် ပျောက်သွားသည် မဟုတ်ပါ။

(၃) ဗိန္ဒောဆရာတစ်ဦးသည် ဆေးမြစ်ငါးမျိုးပေါင်းပြီး ဖော်စပ်ထားသောဆေးဖြင့် လူနာကို ရောဂါကုသပြီး ပျောက်ကင်းသွားလျှင် ထိုဆေးကို ပြန် မသုံးသကဲ့သို့

(၄) စစ်မြေပြင်တွင် လေးကိုင်၍ တိုက်ပွဲဝင်နေသော စစ်သူရဲကောင်းသည် မြှားငါးစင်းနှင့် ရန်သူကို ချေမှုန်းလိုက်နိုင်ပြီး ရန်သူအားလုံး ကျဆုံးသွားလျှင် ထိုမြှားများ ကို ပြန်သုံးရန် စိတ်မကူးတော့သကဲ့ သို့

## မေးခွန်း(၆၇)ပညာပတိဋ္ဌာနပဥှာ (နိဒါန်းအပိုင်း)

**အမေးအဖြေလေ့လာရခြင်းအကျိုး (မေးခွန်း-၆၇ နိဒါန်းပိုင်း)**

အမေးအဖြေဖြင့် လေ့လာရခြင်းဖြင့် ပညာဖြင့်သာသိနိုင်သော မြတ်စွာဘုရား၏ အဆုံးအမတရားများကို နားလည်နိုင်ရန် ပညာရည်မြင့်မားလာနိုင်ပါမည်။

မြတ်စွာဘုရားရှင်ကိုယ်တိုင် သတ္တဝါများကို ဆုံးမသွန်သင်သည့်အခါတွင် ပြန်လှန်မေးခွန်းထုတ်ပြီး ဆုံးမသွန်သင်လေ့ရှိသည်။ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်စေသည်။

**မေးခွန်းမေးခြင်း၏ အကျိုး (မေးခွန်း-၃၂ နိဒါန်းပိုင်း/P 293)**

(၁) ကြီးမြတ်သော ပညာကို ဖြစ်စေနိုင်သည်။

(၂) မေးခွန်းထုတ်ပြီး အဖြေရှာခြင်းသည် ပညာရရန် အတွက် ဖြစ်သည်။
မိမိကိုယ်တိုင်က သိလို၍ မေးမြန်းစူးစမ်းလေ့လာမှသာ ပညာပါရမီကို လက်တွေ့ကျကျ ရနိုင်ပါမည်။

**မြတ်စွာဘုရားရှင် ပညာကြီးရခြင်းအကြောင်း (မေးခွန်း-၃၂ နိဒါန်းပိုင်း/P 294)**

(၁) ပညာပါရမီ ကို ဖြည့်ဆည်းခဲ့

(၂) ပညာဖြင့် သူများအခက်အခဲများကို ဖြေရှင်းခဲ့

(၃) အဓိကမှာ တတ်သိနားလည်သော ပုဂ္ဂိုလ်များထံ ချဉ်းကပ်ပြီး လောကသဘာဝများကို စိစစ်မေးမြန်းလေ့လာခြင်း

**မြတ်စွာဘုရားရှင်၏ တရားတော်များ ဂုဏ်ရည်** **(မေးခွန်း-၆၇ နိဒါန်းပိုင်း)**

**မြတ်စွာဘုရားရှင်၏ တရားတော်များ ဂုဏ်ရည်**

| | |
|---|---|
| **ဂမ္ဘီရ** | - အလွန်နက်နဲသည် |
| **ဒုဒ္ဒသ** | - သိမြင်ဖို့ရန်ခက်သည် |
| **ပဏ္ဍိတ ဝေဒနိယ** | - ပညာထက်မြက်သော ပုဂ္ဂိုလ်များသာ သိနိုင်သည် |
| **အတက္ကာ ဝစရ** | - ကြောင်းကျိုးဆင်ခြင်ရုံမျှနှင့် မသိနိုင်ပါ |
| **နိပုဏော** | - အလွန်သိမ်မွေ့သည် |

## မေးခွန်း(၆၇)ပညာပတိဋ္ဌာနပဉှာ (ပညာသည် မည်သည့်နေရာတွင် တည်ရှိပါ သနည်း?)

**ပညာတည်ရှိရာနေရာ (ပညာသည် မည်သည့်နေရာတွင် တည်ရှိပါ သနည်း?)**

ပညာ = စေတသိက်/ စိတ်နှင့်အတူချုပ်ပျောက်သည်

- ပညာဆိုသည် မည်သည့်နေရာတွင်မှ တည်ရှိတာ မဟုတ်ပါ။
- လေသည် မည်သည့်နေရာရှိမှန်း မသိနိုင်သော်လည်း လေတော့ရှိသည်။
- ထို့အတူပင် ပညာဆိုသည်မှာလည်း မည်သည့်နေရာတွင် နေမှန်း မသိရသော်လည်း ပညာ ဆိုတာ ရှိပါသည်။

## မေးခွန်း (၇၆) ဗောဇ္ဈင်္ဂပညာ (ဗောဇ္ဈင်တရားနှင့်ပတ်သက်၍ မေးမြန်းခြင်း)

**ဗောဇ္ဈင်္ဂ**

ဗောဓိ + အင်္ဂ = ဗောဓိဆိုသောယောဂီပုဂ္ဂိုလ် (သို့) သစ္စာသိရန်တရားအပေါင်း၏ အင်္ဂါ အကြောင်းတရား

**ဗောဇ္ဈင် (၇)ပါး**

| | | | |
|---|---|---|---|
| (၁) | သတိ သမ္ဗောဇ္ဈင် | - | အမှတ်ရခြင်း |
| **(၂)** | **ဓမ္မဝိစယ သမ္ဗောဇ္ဈင်** | **-** | **သိခြင်း** |
| (၃) | ဝီရိယ သမ္ဗောဇ္ဈင် | - | အားထုတ်ခြင်း |
| (၄) | ပီတိ သမ္ဗောဇ္ဈင် | - | စိတ်ထဲကျေနပ်ခြင်း |
| (၅) | ပဿဒ္ဓိ သမ္ဗောဇ္ဈင် | - | စိတ်နှလုံးအေးချမ်းခြင်း |
| (၆) | သမာဓိ သမ္ဗောဇ္ဈင် | - | တည်ငြိမ်ခြင်း |
| (၇) | ဥပေက္ခာ သမ္ဗောဇ္ဈင် | - | ညီတူညီမျှ ဖြစ်စေခြင်း |

**ဗောဇ္ဈင်(၇)ပါးအနက် သိသောဗောဇ္ဈင်**

ဗောဇ္ဈင်(၇)ပါးအနက် **ဓမ္မဝိစယသမ္ဗောဇ္ဈင်** တစ်ခုတည်းနှင့်သာ သိပါသည်။

ဓားအိမ်ထဲထည့်ထားသော ဓားရှည်ကြီးသည် ခုတ်သည့်လက်မပါ လျှင် ခုတ်စရာများ မဖြတ်နိုင်သကဲ့သို့ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ကျန်သည့် ဗောဇ္ဈင် (၆)ပါး အကူအညီ မပါလျှင် မသိနိုင်ပါ။

## မေးခွန်း (၈၄) သဗ္ဗသုခုမ ပဉ္စာ

**အလွန်သိမ်မွေ့သည့်အရာကို ဖြတ်တောက်၍ရနိုင် ပါသလား?**

အလွန်သိမ်မွေ့သောအရာကို ဖြတ်တောက်၍ ရနိုင်ပါသည်။

- ဓမ္မ ဆိုသော သဘာဝတရားသည် အလွန်သိမ်မွေ့ပါသည်။
- တရားဓမ္မတိုင်း သိမ်မွေ့သည်တော့ မဟုတ်ပဲ
  သိမ်မွေ့မှု၊ မသိမ်မွေ့မှု နှစ်မျိုးရှိနိုင်ပါသည်။
- **အသိဉာဏ်** နှင့် ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်သော သိမ်မွေ့သောအရာ မှန်သမျှကို **အသိပညာ** နှင့် ခွဲခြမ်းစိတ်ဖြာလို့ရပါသည်။
- ပညာနှင့်ခွဲခြမ်းစိတ်ဖြာမည်ဆိုလျှင် ဓမ္မ၏ သဘာဝများကို အမျိုးမျိုး ရှင်းပြ၍ ရနိုင်သည်။
  အလွန်သိမ်မွေ့သော ဓမ္မကို ခွဲခြမ်းစိတ်ဖြာပြီး ပညာနှင့် သိနိုင်သည်။

## မေးခွန်း (၇) ယောနိသော မနသိကာရပဉ္စာ

**ယောနိသော မနသိကာရ**

**ယောနိသော** - မှန်ကန်သော နည်းလမ်းဖြင့်

**မနသိကာရ** - နှလုံးသွင်းဆင်ခြင်မှု

**အယောနိသော မနသိကာရ** - မမှန်ကန်သော နည်းလမ်းဖြင့် နှလုံးသွင်းဆင်ခြင်မှု

**ဘဝတစ်ခုတွင် ပြန်မမွေးတော့သော ပုဂ္ဂိုလ်သည် ယောနိသော မနသိကာရ အစွမ်းကြောင့် ပြန်မမွေးတာလား**

(၁) ယောနိသော မနသိကာရ ဆိုသည့် မှန်ကန်သည့် နှလုံးသွင်းမှုကြောင့်လည်း ဖြစ်သည်

(၂) မဂ်ပညာ၊ ဖိုလ်ပညာဆိုသည့် အဆင့်မြင့်ပညာကြောင့်

(၃) အခြားကောင်းကျိုးချမ်းသာကို ဖြစ်ပွားစေတတ်သော ကုသိုလ်တရားများကြောင့်လည်း ဖြစ်သည်။

တရားဓမ္မ ကျင့်သုံးပြီးသည့်အခါ အသိပညာနှင့် နိဗ္ဗာန်ကို ရှုမြင်သုံးသပ်ပြီး ကိုယ့်သန္တာန်တွင် ရှိသော ကိလေသာများ ငြိမ်းသွားမှ ပြန်မမွေးဘူးဆိုတာ ဖြစ်ပါမည်။

**ကိလေသာများ ငြိမ်းစေရန်**

(၁) ယောနိသောမနသိကာရလည်း ရှိရပါမည်

(၂) ပညာလည်း ရှိရပါမည်

(၃) အခြားကုသိုလ်များလည်း ရှိရပါမည်။

ယောနိသော မနသိကာရ သည်ပင်လျှင် ပညာမဟုတ်ပါ။မနသိကာရ က တစ်ခြား၊ ပညာက တစ်ခြား သဘာဝတရားချင်း မတူပါ။

## မေးခွန်း (၈) မနသိကာရ လက္ခဏာပဥ္စာ (နှလုံးသွင်းခြင်းလက္ခဏာမေးမြန်းခြင်း)

**မနသိကာရ၏ လက္ခဏာ**

**"ဥဟနလက္ခဏာ"** စဉ်းစားခြင်း၊ စိတ်ကူးကြံစည်တွေးတောမှု သဘော ရှိသည်။

**ပညာ၏လက္ခဏာ**

"ဆေဒနလက္ခဏာ" ဆုံးဖြတ်ခြင်း လက္ခဏာရှိသည်။

နားစိုက်ထောင်ခြင်းက မနသိကာရ၊ ဘာပြောသည်ဆိုသည်က ပညာ၊ သူ့သဘာဝနှင့်သူ ပူးပေါင်းပြီး ဆောင်ရွက်ကြသည်။

**ဥပမာ – ဂျုံရိတ်ခြင်း**

ဂျုံရိတ်သောအခါ လက်ဝဲဘက်နှင့် ဂျုံပင်များကို စုကိုင်ကာ လက်ယာဘက်နှင့် တံစဉ်ကို ကိုင်ထားပြီး ရိတ်ဖြတ်ကြရသည်။ ထိုကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်သည် မနသိကာရနှင့် စိတ်ကိုဆုပ်ကိုင် လိုက်ပြီး ပညာဖြင့် ထိုစိတ်တွင် ဖြစ်ပေါ်လာသော ကိလေသာကို ရိတ်ဖြတ်ပစ်နိုင်သည်။

## မေးခွန်း (၁၆) ကေကိစ္စ အဘိနိပ္ဖါဒနပဥ္စာ

**သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစသော ကုသိုလ်တရားများ သည် တစ်ခုနှင့်တစ်ခု သဘာဝချင်း မတူသော်လည်း တူညီသော အကျိုးတစ်ခုကို ပြီးစေနိုင်ပါသလား။**

- သဒ္ဓါက စိတ်ကို ကြည်လင်ပြတ်သားစေ၊ ဆုံးဖြတ်စေသည်။
- ဝီရိယက ထောက်ပံ့ကူညီပေး၊ တွန်းထားပေးသည်။
- သတိက အမှတ်ရစေသည်။
- သမာဓိက ဦးဆောင်မှုပေး၊ စုစည်းပေးသည်။
- ပညာက အလင်းရောင်ကိုပေးသည်။

ထိုသဘာဝတရားများသည် တစ်ခုနှင့်တစ်ခု ဆောင်ရွက်မှု ကိစ္စချင်း သဘာဝချင်း မတူသော်လည်း ကိလေသာကို ဖယ်ရှားခြင်း ဆိုသော တူညီသောအကျိုးကိစ္စ တစ်ခုတည်းကို ပြီးစေသည်။

**မဂ္ဂင် (၅)ပါး ပူးပေါင်းလုပ်ဆောင်ခြင်း**

**(သို့) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ ပူးပေါင်းအလုပ်လုပ် သောရလာဒ်**

- ကမ္မဋ္ဌာန်းတရား အားထုတ်သောအခါ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ပူးပေါင်းပြီး အလုပ်လုပ်ကြသည်။
- မဂ္ဂင်ရှစ်ပါးအရ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင် (၅)မျိုး စုပေါင်း အလုပ်လုပ်ကြသောအခါ ရလာဒ်မှာ ကိလေသာကို ဖယ်ရှားခြင်း ဖြစ်သည်။
- တွယ်တာမှု၊ မုန်းတီးမှု၊ မသိမှု များကို ဖယ်ရှားခြင်း ဆိုသော အကျိုးတစ်ခုတည်းကို ဖြစ်စေသည်။

**ဥပမာ** – ရေတပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် မည်သည့် စစ်တပ်၊ မည်သည့် ဖွဲ့စည်းပုံပင် ဖြစ်စေ အကျိုးရလာဒ်မှာ စစ်ပွဲတွင် ရန်သူကို အနိုင်ရခြင်း အကျိုးတစ်မျိုးတည်း ကိုပင် ဖြစ်ပေါ်စေသည်။

# စိတ်ပိုင်းဆိုင်ရာ

**မေးခွန်း(၃၇)ဝိညာဏလက္ခဏာပဉှာ**

**ဝိညာဏ**

လူတို့၏ သန္တာန်တွင် ဖြစ်သော အသိစိတ်ကို ဝိညာဏဟု ဆိုလိုသည်။

**အမှတ်အသား လက္ခဏာ**

**ဝိဇာနနလက္ခဏာ – ဝင်လာသမျှအာရုံများကိုသိခြင်း** သညာသိ၊ ပညာသိနှင့် မတူသော အသိတစ်မျိုး

**ဥပမာ**

**မြို့စောင့်ပုဂ္ဂိုလ်တစ်ဦး** သည် မြို့လယ်ကောင်တွင်ထိုင်၍ မြို့ထဲဝင်လာသမျှ အရပ်လေးမျက်နှာ မှ ပုဂ္ဂိုလ်များကို ကြည့်ပြီး မြို့ခံလူ ဟုတ်/ မဟုတ် အကုန်သိသကဲ့သို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ် သို့ ဝင်လာသော အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့ အာရုံ၊ စိတ်ကူးကြံစည် ဖြစ်ပေါ်လာသော အာရုံများ အားလုံးကိုလည်း စိတ်ကသိ၍ ထိုအသိအားလုံးကို ဝိညာဏ်ဟု ခေါ်သည်။

**သိခြင်းနှင့် ပတ်သက်သော အသိ (၃)မျိုး**

**သညာသိ** – မှတ်ထားသည့်အတိုင်း အမှတ်အသားဖြင့် သိသောအသိ

**ဝိညာဏ်သိ** – သညာ သိထက်ပိုသော စိတ်၏အသိ

**ပညာသိ** – အလွန်ထူးခြားသော အကျိုးကျေးဇူးများ ဖြစ်ပေါ်သည့် အထိအောင် သိသောအသိ အသိ (၃) မျိုးထဲတွင် အမြင့်ဆုံးအသိဖြစ်သည်။

**ဥပမာ**

**ငွေဒင်္ဂါး ဥပမာ**

ကလေးငယ်တစ်ဦးသည် ဒင်္ဂါးကို အပြားအဝိုင်း ပုံသဏ္ဍာန်သာသိ၍ တန်ဖိုးမသိသည်မှာ သညာသိနှင့် တူသည်။

ပညာသင်ကြားထားသောပုဂ္ဂိုလ်တစ်ယောက်မှာမူ ဒင်္ဂါးကို ဘယ်လောက်တန်သည်၊ ဘယ်လိုပုံစံ၊ ဘယ်မှာထုတ်သည်၊ ဘယ်ခုနှစ် ထုတ်သည်။ ဘာနဲ့ ရောစပ်ထားသည်ကိုမူ အသေးစိတ် မသိ၍ ဝိညာဏ်သိနှင့် တူသည်။

ပညာသိမှာမူ ဒင်္ဂါးသွန်းလုပ်သောပန်းထိမ်ဆရာအသိနှင့်တူ၍ ဒင်္ဂါးပုံစံ၊ တန်ကြေး၊ ဘယ်နေရာလုပ်၊ ဘယ်လိုလုပ်၊ သတ္တု ဘယ်နှစ်မျိုး ပါသည်က စပြီးသိ၍ **ဆရာ့အသိပင်** ဖြစ်သည်။

Notes

| | | | | |
|---|---|---|---|---|
| **စေ** | သညာ | = သံ + ဉာ | = မှတ်သားထားသည့် အတိုင်း | + သိခြင်း |
| **စိတ်** | ဝိညာဏ် | = ဝိ + ဉာ | = မတူထူးခြားသည့် | + သိခြင်း |
| **စေ** | ပညာ | = ပ + ဉာ | = ကွဲကွဲပြားပြား ခွဲခွဲခြားခြား | + သိခြင်း |

## မေးခွန်း (၃၂) စက္ခုဝိညာဏဒိပဥ္စာ (နိဒါန်းပိုင်း)

**အာယာတန (၁၂)ပါး/ ဓါတ် (၁၈)ပါး**

အာယာတန (၁၂)ပါး = ဒွါရ (၆)ပါး + အာရုံ (၆)ပါး

ဓါတ် (၁၈)ပါး = အခံဓါတ် (၆)ပါး + အပွင့်ဓါတ် (၆)ပါး + အတိုက်ဓါတ် (၆)ပါး

အာရုံ → အတိုက်ဓါတ်

ဝိညာဏ → အပွင့်ဓါတ်

ဒွါရ → အခံဓါတ်

## အာယာတန (၁၂)ပါး ဖြစ်ပေါ်ပုံ

| အာယာယတန | | ဝိညာဏ်စိတ်ဖြစ်ပေါ် |
|---|---|---|
| **အာရုံ** | **ဒွါရ** | **စိတ် (ဝိညာဏ်)** |
| ရူပါယတန | စက္ခာယတန | စက္ခုဝိညာဏ်စိတ် (မြင်သိ) |
| သဒ္ဒါယတန | သောတာယတန | သောတဝိညာဏ်စိတ် (ကြားသိ) |
| ဂန္ဓာယတန | ဃာနယတန | ဃာနဝိညာဏ်စိတ် (နံသိ) |
| ရသာယတန | ဇိဝှါယတန | ဇိဝှါဝိညာဏ်စိတ် (ရသာသိ) |
| ဖောဋ္ဌဗ္ဗာယတန | ကာယာယတန | ကာယဝိညာဏ်စိတ် (ထိသိ) |
| ဓမ္မာယတန | မနာယတန | မနောဝိညာဏ်စိတ် ( တွေးသိ) |

*အာယာတန နှစ်ခုဆုံလိုက်စဉ်တွင် ဝိညာဏ်စိတ် ဖြစ်ပေါ်သည်။*

# စိတ်ဖြစ်စဉ် (၇)မျိုး/ ဝီထိစဉ်

| အာရုံ | ဒွါရ | မနောဓာတ် | | | မနောဝိညာဏ်စိတ် | | | |
|---|---|---|---|---|---|---|---|---|
| ရူပါ ယတန | စက္ခာ ယတန | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | စက္ခု ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| သဒ္ဒါ ယတန | သောတ ယတန | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | သောတ ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| ဂန္ဓာ ယတန | ဃာန ယတန | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | ဃာန ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| ရသာ ယတန | ဇိဝှါ ယတန | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | ဇိဝှါ ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| ဖောဋ္ဌဗ္ဗာ ယတန | ကာယာ ယတန | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | ကာယ ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| ဓမ္မာ ယတန | မနာ ယတနာ | ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | မနော ဝိညာဏ်စိတ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ | ဝုဋ္ဌော | ဇော | တဒါရုံ |
| | | **ဆင်ခြင်** | **မြင်သိ** | **လက်ခံ** | **စူးစမ်း** | **ဆုံးဖြတ်** | **ညှော်ခံ** | **နှုတ်ဆက်** |

**စိတ်ဖြစ်စဉ် (ဝီထိစိတ်)**

**ဥပမာ** ပန်းလေးတစ်ပွင့် အငုံ၊ အဖူး၊ အပွင့်၊ အရင့်၊ နွမ်းလာ၊ ကြွေကျသွားသော ဖြစ်စဉ်ကဲ့သို့ တံခါးပိတ်ပြီး အိမ်ထဲနေစဉ် ညှော်သည်လာသောအခါ

| | | |
|---|---|---|
| တံခါးခေါက်ခြင်းသည် | → အဆင်းအာရုံပေါ်လာခြင်း **(အာရုံဒွါရ)** | |
| တံခါးဖွင့်ပေးတာသည် | → ပဥ္စဒွါရ ဝဇ္ဇနိန်းစိတ် | **ဆင်ခြင်** |
| တံခါးဖွင့်လို့ မြင်တာသည် | → စက္ခုဝိညာဏစိတ် | **မြင်သိ** |
| လာပါ လက်ခံတာနဲ့ | → သမ္ပဋိစ္ဆိုင်းစိတ် | **လက်ခံ** |
| လက်ခံပြီး စူးစမ်း | → သန္တီရဏ | **စူးစမ်း** |
| ဘာကိစ္စလာတယ်သိမြင်ဆုံးဖြတ်နိုင် | → ဝုဋ္ဌော | **ဆုံးဖြတ်** |
| ညှော်ခံ | → ဇောစိတ် | **ညှော်ခံ** |
| နှုတ်ခွန်းဆက် | → တဒါရုံ | **နှုတ်ဆက်** |
| တံခါးပြန်ပိတ်တာ | → ဘဝင်စိတ် | **ဘဝင်စိတ်** |

သတိထားနေလျှင် ထိုကဲ့သို့ ဖြစ်စဉ်ရှိပါသည်။

## မေးခွန်း (၃၂) စက္ခုဝိညာဏဒိပဥ္စာ

**စက္ခုဝိညာဏ်စိတ်ဖြစ်သည့်အခါ မနောဝိညာဏ် စိတ်ဖြစ်ပါသလား?**

စက္ခုဝိညာဏ်စိတ် ဖြစ်ပြီဆိုလျှင် မနောဝိညာဏ်စိတ်လည်း ဖြစ်ပါသည်။

စက္ခုဝိညာဏ်စိတ်ဖြစ်ပြီးလျှင် ဆက်ဖြစ်ကြသော

- သမ္ပဋိစ္ဆန (စူးစမ်း)
- ဝုဋ္ဌော (ဆုံးဖြတ်)
- ဇော (ညှော်ခံ)
- တဒါရုံ (နှုတ်ဆက်) စိတ်များသည် မနောဝိညာဏ်စိတ်များ ဖြစ်ကြပါသည်။

ပဉ္စဒွါရာဝဇ္ဇန်း(ဆင်ခြင်)စိတ်နှင့် သမ္ပဋိစ္ဆိုင်း(လက်ခံ)စိတ်တို့သည် မနောဓာတ်များဖြစ်ကြပါသည်။

**စက္ခုဝိညာဏ်မြင်သိစိတ်က အရင်ဖြစ်၍ မနောဝိညာဏ်စိတ်က နောက်မှ ဖြစ်ပါသလား? (သို့) မနောဝိညာဏ်စိတ်က အရင်ဖြစ်ပါသလား?**

စက္ခုဝိညာဏ်(မြင်သိစိတ်) ဖြစ်ပြီးမှ မနောဝိညာဏ်စိတ် ဖြစ်ပါသည်။

**စက္ခုဝိညာဏ်စိတ်(မြင်သိစိတ်) က မနောဝိညာဏ်ကို ငါဖြစ်တဲ့နေရာမှာ မင်းဖြစ်ရမယ်လို့ အမိန့်ပေးသလား?**

စက္ခုဝိညာဏ်စိတ်နှင့် မနောဝိညာဏ်စိတ် အချင်းချင်း စကားပြောနိုင်စွမ်းမရှိပါ။

**သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားခြင်း မရှိပဲနှင့် စက္ခုဝိညာဏ်စိတ်ဖြစ်ပြီးနောက်တွင် မနောဝိညာဏ်စိတ် ဘာကြောင့်ဖြစ်ပါသလဲ?**

သဘာဝတရားများသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားခြင်း မရှိသော်လည်း

(၁) **နိယ္မ** - ညွှတ်ကိုင်းခြင်း/ နိမ့်ခြင်း

(၂) **ဒွါရ** - ဝင်ရာထွက်ရာ တံခါးပေါက်တူညီခြင်း

(၃) **စိဏ္ဏ** - ကျင့်သားရနေခြင်း

(၄) **သမုဒါစာရ** - သင်ယူလေ့ကျင့်ထားခြင်း ဆိုသော အကြောင်း(၄)မျိုးကြောင့် ဖြစ်ပေါ်နိုင်ပါသည်။

ဥပမာများ

## (၁) ညွှတ်ကိုင်းခြင်း/နိမ့်ခြင်းဥပမာ

မိုးရွာချလိုက်သောအခါ မိုးရေသည် နိမ့်သည့်ဘက်ကို စီးသွား၍ နောက်တစ်ကြိမ် ရွာပြန်လျှင်လည်း ပထမမိုးရေစီးကြောင်း အတိုင်း စီးသွားတတ်ပါသည်။

ပထမစီးသွားသောရေနှင့် နောက်စီးသောရေသည် အချိတ်အဆက်လည်းမရှိ၊ အချင်းချင်း ဒီလမ်းက လိုက်ခဲ့ဟု ခေါ်သွားသည်မဟုတ်သော်လည်း ပထမစီးတဲ့ရေ နိမ့်ရာကို စီးသကဲ့သို့ပင် နောက်စီးတဲ့ရေ ကလည်း ရေစီးကြောင်း အတိုင်းလိုက်သွားတတ်ပါသည်။

ထို့အတူ စိတ်ဖြစ်စဉ်များသည်လည်း "နိန္န" ဆိုသည့် ညွှတ်ကိုင်းခြင်း/ နိမ့်ခြင်းသည် ထိုသို့ စဉ်ဆက်အပြတ်ဖြစ်ဖို့ရန် အကြောင်း တစ်ခုဖြစ်ပါသည်။

## (၂) ဝင်ရာထွက်ရာ တံခါးပေါက် တူနေခြင်း ဥပမာ

နယ်ခြားဒေသတွင် လုံခြုံရေးအတွက် ခံတပ်မြို့များတည်လျှင် တံခါးပေါက် တစ်ပေါက်ထဲသာ ထည့်၍ လူတစ်ယောက်မြို့ပြင် ထွက်ချင်လျှင် ထိုတံခါးပေါက်မှ ထွက်ရသည်။ နောက်တစ်ဦး ထွက်လျှင်လည်း ပထမလူထွက်သော ထိုတံခါးပေါက်မှပင် လိုက်၍ ထွက်ရပါသည်။

တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မရှိပဲ ထိုတံခါးပေါက် တစ်ခုထဲက ထွက်ကြရသကဲ့သို့

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဇိဝှါဝိညာဏ် ကာယဝိညာဏ် စသည့်ဖြစ်သည့်နေရာတိုင်းတွင် ဆိုင်ရာဆိုင်ရာ ဒွါရတူသဖြင့် မနောဝိညာဏ် လည်း လိုက်ပြီး ဖြစ်ရပါသည်။

## (၃) စိဏ္ဏ အလေ့အကျင့်ဖြစ်နေခြင်း/ ကျင့်သားရနေခြင်း

ပထမလှည်းတစ်စီး သွားသည့် လှည်းလမ်းကြောင်းအတိုင်း နောက်တစ်စီးက တိုင်ပင်ထားခြင်း မရှိဘဲ မောင်းလိုက်ပါသည်။ ပထမလှည်းက ဒီလမ်းကသွားမယ်၊ ဒီလမ်းကပဲ လိုက်ခဲ့ဟု ပြောခြင်းမရှိ၊ နောက်လှည်းကလည်း အရင်သွားနှင့် နောက်ကလိုက်မည်ဟု ပြောခြင်းမရှိပဲ လှည်းလမ်းကြောင်းကြီး ဖုန်နေသည့်လမ်းကသာ သွားကြပါသည်။

ထို့အတူ အလေ့အကျင့်ရနေသောကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်သည့်နေရာတွင် နောက်က မနောဝိညာဏ်စိတ်ဖြစ်လာသကဲ့သို့ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ် စသည်တို့ ဖြစ်ပြီးလျှင်လည်း မနောဝိညာဏ်စိတ် ဖြစ်ပါသည်။

## (၄) သမုဒါစာရ – သင်ယူလေ့ကျင့်ထားခြင်းဥပမာ

ကလေးတစ်ယောက် ပထမဆုံးကျောင်းစနေပြီး ပညာသင်စအခါတွင် စာဖတ်တာ၊ စာရေးတာ၊ ဂဏန်းပေါင်းတာ စသည်တို့ ပြုလုပ်လျှင် အလွန်နှေးကွေးပါသည်။ ထိုပညာရပ်များကို ဘယ်သူပဲဖြစ်ဖြစ် စလုပ်သည့်အချိန်တွင် နှေးကွေးပြီး လျင်မြန်မှု မရကြပါ။

သို့သော် အလေ့အကျင့် ရသွားပြီဆိုလျှင် အလွယ်တကူ လျင်လျင်မြန်မြန် လုပ်နိုင်ပါသည်။

လျင်မြန်မှုသည် အလေ့အကျင့်နှင့် သက်ဆိုင်သော ကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ပြီးလျှင် နောက်က ကြံသိစိတ်လည်း ဖြစ်ပေါ်လာသည်။

သဘာဝအနေဖြင့် လေ့ကျင့်မှုကြောင့် ဖြစ်လာသော ဝီထိစိတ်၏ သဘော၊ စိတ်ဖြစ်စဉ်၏ သဘောများပင် ဖြစ်သည်။

## မေးခွန်း (၈၅) ဝိညာဏ နာနတ္တပဥှာ

**ဝိညာဏ၊ ပညာ၊ ခန္ဓာမှာရှိသော ဇီဝ သုံးမျိုးသည် စကားလုံးကွဲပြားသလို အနက်အဓိပ္ပါယ် ကွဲပြား ပါသလား။**

**ဝိညာဏ** ဆိုသည်မှာ **(ဝိဇာနနလက္ခဏာ)** စိတ်သည် အာရုံကို ရအောင် ယူခြင်းအားဖြင့် သိသော သဘာဝ လက္ခဏာ ရှိသည်။

**ပညာ** ဆိုသည်မှာ ပိုင်းပိုင်းခြားခြား ခွဲခြားဝေဖန်ပြီး သိတတ်သော သဘာဝရှိသည်။

ထို့ကြောင့် ဝိညာဏ နှင့် ပညာ နှစ်ခုသည် စကားလုံးလည်း မတူ၊ အနက်အဓိပ္ပါယ်လည်း ကွဲပြားသည်။

ဇီဝဆိုသော အရာမှာ ခန္ဓာကိုယ်တွင် မရှိပါ။

ခန္ဓာကိုယ်တွင် စက္ခုဝိညာဏ်စိတ်က မြင်သည်၊ သောတဝိညာဏ်စိတ်က ကြားသည်၊ ဃာနဝိညာဏ်စိတ်က အနံ့ရသည်၊ ဇိဝှါဝိညာဏ်စိတ်က အရသာသိသည်၊ ကာယဝိညာဏ် စိတ်က အထိအတွေ့ သိသည်။ ထို့ကြောင့် ဇီဝဆိုတာ သီးခြားမရှိနိုင်ပါ။

## မေးခွန်း (၈၆) အရူပဓမ္မ ဝဝတ္ထာန ဒုက္ကရပဥှာ

**(နာမ်တရားများကို ခွဲခြမ်းစိတ်ဖြာခြင်း သည်အလွန်ခက်ခဲသည့်အရာဖြစ်ပါသလား)**

### မြတ်စွာဘုရားရှင်လုပ်သော အလုပ်တွေထဲတွင် အခက်ခဲဆုံး အလုပ်

မြတ်စွာဘုရားရှင် လုပ်သော အလုပ်များထဲတွင် အခက်ခဲဆုံး မှာ အာရုံတစ်ခုတည်းတွင် ဖြစ်ကြသော အကောင်အထည်မရှိသည့် စိတ်၊ စေတသိက် တရားများကို ဖဿ၊ ဝေဒနာ၊ စေတနာ၊ စိတ် ဟု ခွဲခြမ်းစိတ်ဖြာသော အလုပ်ပင်ဖြစ်သည်။

**ဥပမာ** – လူတစ်ယောက်သည် ပင်လယ်ရေကို ခပ်ယူလိုက်ပြီး ဂင်္ဂါမြစ်မှရေ ၊ ယမုံနာ မြစ်မှရေဟု ခွဲခြားပြီး မသိနိုင်သကဲ့သို့ နာမ်တရားများကို ခွဲခြမ်းစိတ်ဖြာရခြင်းက ပိုခက်ပါသည်။

# နိဗ္ဗာန်ဆိုင်ရာသိမှတ်စရာ

## မေးခွန်း (၄၇) နိရောဓ နိဗ္ဗာန ပဋ္ဌာ

**ချုပ်ငြိမ်းမှုဟာ နိဗ္ဗာန်လား။ ဘယ်လို ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်ဖြစ်ပါသလဲ။**

ဉာဏ်ရည်ဉာဏ်သွေး မမီကြသော လူအများစုသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ မန ဆိုသည်တို့ကို စွဲမက်ကြ၊ မြတ်နိုးကြသည်။

ဗာဟိရာယတန ဆိုသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အာရုံ ထိုခြောက်ပါး ကိုလည်း နှစ်သက်၊ မြတ်နိုး၊ စွဲလမ်းကြသည်။

တဏှာဆိုသည့် ရေယဉ်ကြောထဲတွင် မျောပါနေသည့် အတွက် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်း၊ သောက ၊ ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ပင်ပန်းမှု၊ ဒုက္ခမှန်သမျှ က မလွတ်ပါ။

မြတ်စွာဘုရားရှင်၏ အဆုံးအမများကို ကြားနာရသော အရိယာသာဝကများမှာမူ အဇ္ဈတ္တိကာယတန (၆)ပါး၊ ဗာဟိရာယတန (၆)ပါး တို့ပေါ်တွင် စွဲလမ်းမှု မရှိကြပါ။

အားလုံးသည် မမြဲသောအရာ၊ မမြဲခြင်း နှိပ်စက်မှုကြောင့် ဒုက္ခ၊ ငါမပိုင်သော အနတ္တ တရားများသာ ဖြစ်သည်ဟု ဝိပဿနာနှင့် ရှုမြင်သုံးသပ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရသွားသောကြောင့်

အမှန်ကိုသိသော အသိဉာဏ်ဖြင့် တွယ်တာမှု တဏှာချုပ်ငြိမ်းသွားသဖြင့် ဥပါဒါန် စွဲလမ်းမှု လည်း ချုပ်သွားသည်။

ဥပါဒါန်ချုပ်ငြိမ်းသွားလျှင် ဘဝဆိုသည့် ကံတရားကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ချုပ်သည်။ ဇာတိ၊ ဇရာ- မရဏ၊ သောက - ပရိဒေဝ၊ ဒုက္ခ - ဒေါမနဿ၊ ဥပါယာသ တို့ မလာတော့ပဲ ဒုက္ခဟူသမျှ အားလုံးအဆုံးသတ်ချုပ်ငြိမ်းသွားသည်။

တဏှာ ငြိမ်းလိုက်သည်နှင့် တွယ်တာမှုမရှိ အားလုံးဒုက္ခခပ်သိမ်း အပြီးသတ် ချုပ်ငြိမ်း သွားမှုကို နိဗ္ဗာန်ဟု ခေါ်ပါသည်။

## မေးခွန်း (၄၈) နိဗ္ဗုန လဘာန ပဉှာ (သတ္တဝါအားလုံးနိဗ္ဗာန်ကိုရကြပါသလား?)

**သတ္တဝါအားလုံး နိဗ္ဗာန်ရကြသလား**

မှန်မှန်ကန်ကန် ကျင့်သူသည် ထူးခြားသောဉာဏ်နှင့် သိရမည့်တရားများကို

(၁) ပိုင်းခြားသိရမည့် **ဒုက္ခသစ္စာ**တရားများကို သိသည်

(၂) ပယ်ရမည့် **သမုဒယသစ္စာ**တရားများကို ပယ်သည်

(၃) မျက်မှောက်ပြုရမည့် **နိရောဓသစ္စာ**တရားများကို မျက်မှောက်ပြုသည်

(၄) ဖြစ်ပွားစေရမည့် **မဂ္ဂသစ္စာ**တရားများကို ဖြစ်ပွားစေသည်

ထိုသစ္စာတရားလေးပါးကို အမှန်အတိုင်း သိသောပုဂ္ဂိုလ်သာလျှင် နိဗ္ဗာန်ရသည်။ ကျန်ပုဂ္ဂိုလ်များ မရကြပါ။

## မေးခွန်း (၄၉) နိဗ္ဗာနသုခဇာနပဉှာ (နိဗ္ဗာန်မရသေးသည့်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ချမ်းသာပုံကို သိနိုင်ပါသလား?)

**နိဗ္ဗာန် မရသေးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဟာ ချမ်းသာသည်ဟု သိနိုင်ပါသလား။**

မိမိတို့ကိုယ်တိုင် မရသေးသော်လည်း နိဗ္ဗာန်သည်ချမ်းသာသည်ကို သိနိုင်ပါသည်။

ဥပမာ လက်ခြေဖြတ်ခံရသော ပုဂ္ဂိုလ်၏ ဒုက္ခကို ရပ်ကြည့်နေသည့် ပုဂ္ဂိုလ်က သိရသကဲ့သို့ နိဗ္ဗာန်စံဝင်သွားကြသော ရဟန္တာ အရှင်မြတ်များ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါများ၏ ဥဒါန်းကျူးသောအသံကို ကြားပြီးသောအခါ နိဗ္ဗာန်ဆိုတာ ချမ်းသာကြောင်း သိရှိကြရပါသည်ဟု ရှင်နာဂသေနက နိဗ္ဗာန်မရဘဲ ၊ နိဗ္ဗာန်ကို ချမ်းသာတယ်ဟု သိနိုင်သောနည်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

**နိဗ္ဗာန သုခနှင့် ပတ်သက်သော ရှင်သာရိပုတ္တရာအဖြေ**

- နိဗ္ဗာန်ကို သုခလို့ ပြောခြင်းသည် ဝေဒနာနှင့် ပတ်သက်သော စကားမဟုတ်ပါ။
- ခံစားမှုဝေဒနာ မရှိ၍သာ နိဗ္ဗာန်သည် ချမ်းသာတယ်ပြောခြင်း ဖြစ်ပါသည်။
- ခံစားမှုရှိနေသေးလျှင် ချမ်းသာသည်ဟု ပြောလို့မရပါ။
- ခံစားမှုရှိခြင်းသည် မရှိခြင်းဘက်သို့ ရောက်ရှိပြောင်းလဲသွားမှာ သေချာသဖြင့် တည်မြဲမည် မဟုတ်ပါ။

# အပိုင်း(၂)

# ဝေဒဂူဆိုင်ရာ
# သိမှတ်စရာမေးခွန်းများ

# အပိုင်း(၂)
# ဝေဒဂူဆိုင်ရာသိမှတ်စရာမေးခွန်းများ

**မေးခွန်း (၃၁) ဝေဒဂူပဥှာ (ဝေဒဂူ(အတ္တ/ဇီဝ/)ကို လက်တွေ့အားဖြင့်ရနိုင်ပါသလား)**

**ပါဠိစာပေမှ ဝေဒဂူအဓိပ္ပါယ်နှင့် မိလိန္ဒမင်းကြီး၏ ဝေဒဂူအဓိပ္ပါယ်ကွာခြားချက်**

**ပါဠိစာပေမှ ဝေဒဂူ၏ အဓိပ္ပါယ်**

**ဝေဒ** ဆိုသည်မှာ အသိဉာဏ်

ဂူ – ဘဝ၏ ဟိုဘက်ကမ်းဟု ခေါ်သော နိဗ္ဗာန်

ဝေဒဂူ – အသိဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ရဟန္တာပုဂ္ဂိုလ်

**မိလိန္ဒမင်းကြီး၏ ဝေဒဂူ/ (ဇီဝ/ အတ္တ/ ဝေဒဂူ)**

သတ္တဝါများ၏ အတွင်း အဇ္ဈတ္တ သန္တာန်တွင် ရှိသော ဇီဝကို ဆိုလိုပါသည်။

သတ္တဝါတို့၏ သန္တာန်တွင် ရှိသောဇီဝသည် အလုပ်မှန်သမျှ အကုန်လုပ်သည်။ မြင်ခြင်း၊ ကြားခြင်းစသည့် ဒွါရ(၆)ပါး ကို အသုံးချပြီး အာရုံအားလုံးကိုလည်း သူကပဲ သိသည်ဟု ဆိုလိုပါသည်။

**ဥပမာ** – နန်းတော်ပြာသာဒ်ထဲတွင် ထိုင်နေရင်း ပြတင်းပေါက်မှ အပြင်ကို ကြည့်လိုက်မည်ဆိုလျှင် ဘယ်ပြတင်းပေါက်ကပဲ ကြည့်ကြည့် အပြင်ကို မြင်ရသကဲ့သို့ လူတို့၏ သန္တာန်တွင် ရှိနေသော ဇီဝဆိုသည့် ဝေဒဂူသည်လည်း ပြတင်းပေါက် နှင့်အလားတူသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ မန နှင့်ပင် ကြည့်သည်၊ မြင်သည်၊ ကြားသည် ဟု ဆိုလိုပါသည်။

**မြတ်စွာဘုရားရှင် လက်ထက်က သာတိရဟန်း၏ အတ္တအယူဝါဒ**

မြတ်စွာဘုရားရှင်လက်ထက် သာတိရဟန်းသည် အတ္တအယူဝါဒကို ယုံကြည်၍ ဝိညာဉ်သည်

**ဝဒေါ** – အတ္တ (ဇီဝ/ဝေဒဂူ) သည် စကားပြောသည်။ ကြည့်သည်။ မြင်သည်။ ကြားသည်။ အနံ့ရသည်။

**ဝေဒေယျော** – (အတ္တ/ ဇီဝ/ ဝေဒဂူ) ကပဲ အာရုံကို ခံစားတတ်သည်။ ဟု ဆိုလိုပါသည်။

**ရှင်နာဂသေန၏ ဝေဒဂူ ရှင်းပြချက်**

ဇီဝဆိုတာ မရှိပါ။

ဇီဝက မြင်တာမဟုတ် စက္ခုဝိညာဏ်စိတ်က မြင်သည်။

သောတဝိညာဏ်စိတ်က ကြားသည်။

ဃာနဝိညာဏ်စိတ်က အနံ့ရသည်။

ဇိဝှါဝိညာဏ်စိတ်က အရသာသိသည်။

ကာယဝိညာဏ်စိတ်က အထိအတွေ့ကို သိသည်။

ထို့ကြောင့် ဇီဝဆိုသည်မှာ သီးခြားမရှိနိုင်ပါ။

**ရှင်နာဂသေန၏ ဒွါရ ၅ ပေါက် ရှင်းလင်းချက် ဥပမာများ**

**(၁) ဇီဝက မြင်ပုံဥပမာ**

ကိုယ့်ရဲ့အတွင်းထဲတွင် ရှိသော ဇီဝက မျက်စိတံခါးပေါက်နှင့် အဆင်းကို မြင်သည်ဆိုလျှင် ကျန်ဒွါရ (၅)ပေါက်က ကြည့်လိုက်တိုင်းလဲ အဆင်းပဲ မြင်ရပါမည်။

ပြာသာဒ်ကြီးတွင် ထိုင်နေသောသူတစ်ယောက်က ဘယ်ပြတင်းပေါက်မှ ကြည့်ကြည့် အပြင်ကို မြင်ရသကဲ့သို့ လူ့ခန္ဓာကိုယ်ရှိ ဒွါရ ၅ ပေါက်မှ ကြည့်လျှင်လည်း ဘယ်အပေါက်ကြည့်ကြည့် အဆင်းကိုသာ ဇီဝက မြင်ပေမည်။

ဇီဝက ကြားသည်ဆိုလျှင်လည်း ထိုဒွါရ (၅)ပေါက်လုံး ကြားရမည်။ ဇီဝက အနံ့ရလျှင် ၊ အရသာသိ လျှင်၊ အထိအတွေ့သိလျှင်လည်း ထိုဒွါရ (၅)ပေါက်လုံးမှ သိရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် မြင်သူ၊ ကြားသူ၊ အနံ့ရသူ၊ လျက်သူ၊ ထိတွေ့သူ ဆိုသည် ဇီဝ (ဝေဒဂူ/ အတ္တ) ဖြစ်နေသဖြင့် ထိုမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုသည် တံခါးပေါက်များမှ သာဖြစ်ကာ မည်သည့် အပေါက်ကပဲ ဖြစ်စေ အတူတူဖြစ်နေမည်ဟု မှန်/မမှန် သေချာစဉ်းစားကြည့်နိုင်ပါသည်။

**(၂) အဆောက်အဦး တံခါး/ အကာဥပမာ**

အဆောက်အဦတစ်ခုတွင် တံခါးရှိသမျှ အကုန်ဖွင့်ချ၊ အကာတွေ၊ နံရံတွေ အကုန်ဖယ်လိုက်လျှင် ရှင်းရှင်းလင်းလင်း အကုန်မြင်ရသည်။

ထို့အတူ သတ္တဝါတို့၏ သန္တာန်တွင်ရှိသော စက္ခုဒွါရ ကို ဖယ်လိုက်လျှင် ဟင်းလင်းပြင်ပို ကျယ်လာ၍ အဆင်းကို ပိုမြင်ရနိုင်မလား။ နားကို၊ နှာခေါင်းကို၊ လျှာကို၊ ကိုယ်ကာယကို ဖယ်လိုက်လျှင် ပိုကြား၊ ပိုအနံ့ရ၊ အရသာ ပိုသိ၊ အထိအတွေ့ ပိုရနိုင်မလားဟု ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားရပါမည်။

**(၃) ဒိန္နအမတ်ကြီး ဥပမာ**

ဘုရင်ကြီးနှင့် အတူထိုင်နေစဉ် ဒိန္နအမတ်ကြီး အခန်းထဲက ထွက်၍ အပြင်တံခါး မုခ်ဘက်သွားရပ်နေလျှင် မင်းကြီး သိနိုင်ပါမည်။

အမတ်ကြီး အတွင်းပြန်ဝင်လာပြီး မင်းကြီးအနားထိုင်နေသည့်အခါလည်း မင်းကြီး သိနိုင်ပါမည်။

ထိုသို့ မင်းကြီးသိသလို ဝေဒဂူကသိနိုင်သော်လည်း ဒိန္နအမတ်ကြီး၏အရသာကိုမူ မသိနိုင်ပါ။

**(၄) ပျားရည်အိုးပေါင်း ဥပမာ**

ပျားရည်အိုးပေါင်း တစ်ရာကို ယူလာပြီး စားကျင်းကြီးထဲ လောင်းထည့်မည်။ လူတစ်ယောက်ကို ပါးစပ်လုံအောင်ပိတ်ပြီး ထိုစားကျင်းကြီးထဲ စိမ်ခိုင်းလျှင် ထိုသူသည် ပျားရည်အရသာ မသိနိုင်ပါ။

အကယ်၍ ဇီဝကသာ သိသည်ဆိုလျှင် ပါးစပ်ပိတ်ထားလည်း ပျားရည် ချို၊ မချို အရသာကို သိနိုင်ရပါမည်။

**ဝေဒဂူ ဆိုသော (ဇီဝ/ အတ္တ) သည် သတ္တဝါတွေ၏ သန္တာန်တွင် လုံးဝမရှိကြောင်း အဘိဓမ္မာရှုထောင့်မှ ရှင်းလင်းချက်**

**မြင်ခြင်းဆိုသည်မှာ**

(၁) **မျက်စိနှင့် အဆင်း** ဆုံခြင်းကြောင့် **စက္ခုဝိညာဏ်စိတ်** ဖြစ်သည်

(၂) မြင်သိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်ခုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ မြင်သည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅) ရုပ်နာမ်အကြောင်း တရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

**ကြားချင်းဆိုသည်မှာ**

(၁) **နားနှင့် အသံ** ဆုံခြင်းကြောင့် **သောတဝိညာဏ်စိတ်** ဖြစ်သည်

(၂) ကြားသိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်စုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ ကြားသည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅) ရုပ်နာမ်အကြောင်းတရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

## နံချင်းဆိုသည်မှာ

(၁) **နှာခေါင်းနှင့်အနံ့** ဆုံခြင်းကြောင့် **ဃာနဝိညာဏ်စိတ်** ဖြစ်သည်

(၂) နံသိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်စုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ နံသည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅) ရုပ်နာမ်အကြောင်းတရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

## အရသာသိချင်းဆိုသည်မှာ

(၁) **လျှာနှင့်အရသာ** ဆုံခြင်းကြောင့် **ဇိဝှါဝိညာဏ်စိတ်** ဖြစ်သည်

(၂) အရသာသိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်စုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ အရသာသိသည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅) ရုပ်နာမ်အကြောင်းတရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

**ထိသိစိတ် ဆိုသည်မှာ**

(၁) **ခန္ဓာကိုယ်နှင့်အထိတွေ့** ဆုံခြင်းကြောင့် **ကာယဝိညာဏ်စိတ်** ဖြစ်သည်

(၂) ထိသိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်စုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ ထိသိသည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅) ရုပ်နာမ်အကြောင်းတရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

**ကြံသိစိတ် ဆိုသည်မှာ**

(၁) **စိတ်နှင့် ကြံတွေးစရာအာရုံ** ဆုံခြင်းကြောင့် **မနောဝိညာဏ်စိတ်** ဖြစ်သည်

(၂) ကြံသိစိတ်လေးနှင့် အတူ

အာရုံနှင့်ဆက်သွယ်ပေးသော ဖဿ

ခံစားတဲ့ ဝေဒနာ

မှတ်သားတဲ့ သညာ

စေ့ဆော်ပေးတဲ့ စေတနာ

တည်ငြိမ်ပြီး အာရုံတစ်စုတည်းစုပေးသော ဧကဂ္ဂတာ

အသက်ဆက်ပေးသော ဇီဝိ တိန္ဒြေ

အာရုံဘက်ဦးလှည့်ပေးသော မနသိကာရ စေတသိက်များ ဖြစ်ပေါ်လာကြသည်။

(၃) ထိုသို့ ဖြစ်ပေါ်လာမှ ကြံသိသည်ဆိုတာ ဖြစ်လာသည်။

(၄) ထိုအထဲတွင် ဇီဝ ဆိုတာ မရှိပါ။ ဝေဒဂူ မရှိပါ။

(၅)     ရုပ်နာမ် အကြောင်းတရားများ ပေါင်းဆုံ၍ ဖြစ်ပေါ်လာပြီး ချုပ်သွားကြသည်။

ဝေဒဂူဆိုသည့် ဇီဝ/ အတ္တသည် လူတို့၏ နေ့စဉ်လုပ်နေသော သတ္တဝါတို့၏ သန္တာန်တွင် လုံးဝမရှိပါ။ ရုပ်/နာမ် သဘာဝတရားများ အချင်းချင်းကြောင်းကျိုးဆက်ပြီး ဖြစ်ကြသော သဘာဝ တရားသက်သက်သာ ဖြစ်သည်ဟု အဘိဓမ္မာရှုထောင့်မှ ရှင်းပြခဲ့ပါသည်။

**မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း ရုပ်နာမ် သဘာဝကို အဘိဓမ္မာနည်းအရ ဆင်ခြင်စဉ်းစားခြင်း**

ရင်တွင်းအေးချမ်းမှုကို လိုလားသော ပုဂ္ဂိုလ်အားလုံးသည် မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း ရုပ်/နာမ် သဘာဝတရားများ ဖြစ်ပေါ်နေမှုကို ဆင်ခြင်သုံးသပ်ကြည့်မည်ဆိုလျှင် သွားတာ၊ စားတာ၊ နေတာ ထိုင်တာက အစ သဘာဝတရားများနှင့်သာ ဖြစ်ပျက်နေခြင်း ဖြစ်ပါသည်။

ထိုအထဲတွင် ငါ၊ငါ့ဟာ ဆိုတာ မရှိ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားများ၏ ဖြစ်ချင်းမျှသာ ဖြစ်သည်ကို ဆင်ခြင်နိုင်မည် ဆိုလျှင် ဝိပဿနာဉာဏ်ဘက်ကို ဦးလှည့်နေသော အသိဉာဏ်များဖြစ် ပေါ်လာမည်။ ထိုသို့ ဖြစ်ပေါ်လာလျှင် အမှန်တရားကို သိပြီး တွယ်တာမှုများ လျော့ချလာနိုင်မည်၊ သောကကင်းပြီး ရင်တွင်းအေးချမ်းမည် ဖြစ်သည်။

## မေးခွန်း (၈၅) မှ ဇီဝ (ဝိညာဏ၊ ပညာ၊ ခန္ဓာမှာရှိသော ဇီဝ သုံးမျိုး သည် စကားလုံး ကွဲပြားသလို အနက်အဓိပ္ပါယ်ကွဲပြားပါသလား)

**ခန္ဓာကိုယ်တွင် ဇီဝ ဆိုသည့်အရာမရှိပါ**

ခန္ဓာကိုယ်တွင် ဇီဝဆိုသည့်အရာ မရှိပါ။

**အတ္တဝါဒီတို့၏ အယူအဆ**

ဇီဝ/ အတ္တ/ဝေဒဂူ လက်ခံသူတို့၏ အယူအဆမှာ ဇီဝက မျက်စိ တံခါးပေါက်ကနေပြီး မြင်သည်။ နားတံခါးပေါက်မှ အသံကြားသည်။ နှာခေါင်း တံခါးပေါက်မှ အနံ့ရသည်။ ခန္ဓာကိုယ်တံခါး ပေါက်မှ အထိအတွေ့အာရုံကို သိသည်ဟု ယုံကြည်ကြသည်။

## မေးခွန်း (၅၅) ဝေဒဂူ ပဥှာ (ဝေဒဂူကိုမေးမြန်းခြင်း)

**ဝေဒဂူကို အစစ်အမှန်အားဖြင့် ရနိုင်ပါသလား။**

ဝေဒဂူကို ပရမတ္ထအားဖြင့် လုံးဝ မရနိုင်ပါ။

# အပိုင်း (၃)

# ပဋိစ္စသမုပ္ပါဒ် ဆိုင်ရာ သိမှတ်စရာမေးခွန်းများ

## မေးခွန်း (၂၆) အဒ္ဓါနမူလပဥ္စာ

**အဒ္ဓါဆိုသည့် ရှည်ကြာသည့် ကာလသုံးမျိုး (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်)၏ အကြောင်းရင်း**

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဆိုသည့် အချိန်ကာလသုံးပိုင်း၏ အကြောင်းရင်းမှာ မသိခြင်း (အဝိဇ္ဇာ) ဖြစ်ပါသည်။ (ကာလသုံးပါး၏ အစဆိုသည် မသိခြင်း (အဝိဇ္ဇာ)

**ပဋိစ္စသမုပ္ပါဒ် လာ သံသရာအစ**

- ပဋိစ္စသမုပ္ပါဒ်တွင် "အဝိဇ္ဇာ ပစ္စယာသင်္ခါရ" သံသရာအစ အဝိဇ္ဇာက ဟု ရေးလေ့ရှိကြပါသည်။
- မသိခြင်း အဝိဇ္ဇာက စပြီး ဖော်ပြသည်။
- ဖြစ်စဉ်တစ်ခုကို ဦးဆောင်သွားသော အဝိဇ္ဇာဖြစ်သည် ဆိုသည့် အဓိပ္ပါယ်နှင့် ရှင်နာဂသေနက အဒ္ဓါန၏အစ အဝိဇ္ဇာက ဟု ဖြေဆိုခြင်းဖြစ်ပါသည်။

**မသိခြင်းကြောင့်**

- လုပ်သင့်/ မလုပ်သင့်တာကို မသိကြ
- မလုပ်သင့်တာတွေလုပ်မိသည်
- လုပ်သင့်တာတွေလည်း လုပ်မိတတ်ကြသည်။
- လုပ်သင့်/ မလုပ်သင့်တာကို အမှန်မသိခြင်းက အဝိဇ္ဇာ
- မသိ၍ လုပ်မိလုပ်ရာ လုပ်မိခြင်းက သင်္ခါရ
- လုပ်ခြင်း၏ အကျိုးဆက် ဝိညာဏ် ဆိုသော ပဋိသန္ဓေစိတ် ပေါ်လာရပါသည်။
- တစ်ပြိုင်နက်ပင် ဝိညာဏနှင့် တွဲဖက်လာသော နာမ်များရုပ်များ ဖြစ်လာရသည်။

**အဒ္ဓါနကာလတစ်ခုဖြစ်ပေါ်လာပုံ (သို့) ပဋိစ္စသမုပ္ပါဒ် (ဘဝအကြောင်း)**

ပဋိစ္စသမုပ္ပါဒ်က ဘဝအကြောင်းပြောပြနေ

- လုပ်သင့်/ မလုပ်သင့် မသိသော အဝိဇ္ဇာ
- မသိ၍ ကုသိုလ်/ အကုသိုလ် လုပ်ခြင်း သင်္ခါရ
- သင်္ခါရကြောင့် ဝိညာဏအကျိုး ဖြစ်လာသည်
- ဝိညာဏ်ကြောင့် နာမ်ရုပ်များ ဖြစ်လာသည်
- နာမ်ရုပ်ထဲတွင် အာရုံ ၆ပါးကို ရယူနိုင်သော သဠာယတန ဖြစ်လာသည်
- ထိုအင်္ဂါများနှင့် ထိတွေ့မှု ဖဿ၊ ခံစားမှု ဝေဒနာ၊ လိုချင်တပ်မက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်များ ဖြစ်လာသည်
- ဥပါဒါန်ကြောင့် ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ စသည်များ အားလုံး ဖြစ်ပေါ်လာသည်။

- အဒ္ဓါန ဆိုသည့် ကာလတစ်ခုဖြစ်ပေါ်လာသည်။
- ဒုက္ခအစုအဝေးကြီး တစ်ခုလုံးကို ဖြတ်ကျော်နေသော အချိန်ပိုင်းကြီး တစ်ခုကို အဒ္ဓါနဟု ခေါ်သည်။
- ထိုအချိန်ပိုင်းကြီး၏ အစကို မသိရပါ။ ဘယ်ကစတင်လာသည်ကို အစရှာမရပါ။
- မြတ်စွာဘုရားရှင်က သံသရာကြီး၏ အစဆိုတာ မသိနိုင်ပါဟု ဟောခဲ့ပါသည်။

## မေးခွန်း (၂၇) ပုရိမ ကောဋိပဉ္စာ (Batch-1 OQ No-8)

**(ကာလ၏အစ) ရှေ့ပိုင်းအစကို မသိနိုင်ခြင်းဥပမာ**

- မျက်စိဖြင့်မြင်သည်ကို အကြောင်းပြု၍ မြင်သိစိတ်ဖြစ်လာသည်။
- မျက်စိ၊ မြင်စရာအာရုံ၊ မြင်သိစိတ် ပေါင်းလိုက်သည့်အခါ ဆုံစည်းမှု ဖြစ်လာသည်။
- ထိုဆုံစည်းမှုကြောင့် စိတ်ခံစားမှုများ၊ လိုချင်မှုများ ၊ စွဲလမ်းမှုများ၊ ကံများ ဖြစ်လာသည်။
- ထိုကံကြောင့်ပင် မျက်စိ ပြန်ရသည်။ နား ၊နှာခေါင်း၊ လျှာ ၊ ကိုယ် ၊ ကြံစည်စိတ်ကူးသည့် မန ဟူ၍ ပြန်ရလာသည်။
- ထိုအာရုံခံသည့် အရာများအားလုံး ပြန်ရလာသည့်အတွက် ပြန်ခံစားပြန်သဖြင့် ထိုဖြစ်စဉ်ကြီး တစ်ခုသည် မဆုံးနိုင်တော့ပါ။
- ထိုအတိုင်းပင် "ရှေ့ပိုင်းအစ မည်သည်က စသည်ကို ပြော၍ မရပါ။ မျက်စိပေါင်းများစွာ၊ နားပေါင်း များစွာ၊ နှာခေါင်း ၊လျှာ စသည့်များစွာသည် စိတ်ခံစားမှုကိုစွဲပြီး ပြန်ပြန်ပြီး ဖြစ်နေဦး မည်ပင် ဖြစ်သည်။
- ထိုနည်းအတိုင်းပင် **သံသရာကြီးတွင် ယခုကဲ့သို့ ရှေ့ပိုင်းအစများသည် မထင်ရှားပါ။**

**ဥပမာများ (ရှင်နာဂသေန)**

**(၁) မျိုးစေ့နှင့် သစ်ပင်ဥပမာ**

လူတစ်ယောက်သည် မျိုးစေ့တစ်စေ့ မြေကြီးတွင် ချစိုက်လိုက်လျှင်

- မျိုးစေ့မှ အမြစ်ဆင်းပြီး အပေါ်တွင် အညွှန့်တက်မည်
- ထို့နောက် ပင်စည်၊ အကိုင်းအခက်များ၊ အပွင့်များ၊ အသီးများ ဖြစ်လာသည်။
- ထိုသစ်ပင်မှ မျိုးစေ့ပြန်ရ
  ထိုမျိုးစေ့မှ တဖန် အပင်၊ အသီး၊ မျိုးစေ့များ ပြန်ထပ်ဖြစ်လာမည်။
- ထိုနည်းဖြင့် ဖြစ်စဉ်ကြီးတစ်ခု၏ အဆုံးဆိုသည် မသိတော့ပါ။
  အရှေ့ပိုင်း အစ ဆိုသည်ကိုလည်း မသိနိုင်ပါ။

**(၂) ကြက်ဥနှင့်ကြက်မ ဥပမာ**

- ကြက်မသည် ဥတစ်ဥ ဥသည် ထိုကြက်ဥမှ ကြက်မ ရပြန်သည်။
- ထိုကြက်မမှ နေ၍ ကြက်ဥ ထပ်ရပြန်သည်။
- ကြက်ဥ၊ ကြက်မ မည်သည်က စမှန်း မသိရပါ။

- ထိုဖြစ်စဉ်ကြီး တစ်ခု၏ အစဆိုသည် ပြော၍ မရသလိုပင် အချိန်ပိုင်းကြီးတစ်ခု၏ ရှေ့ပိုင်းအစ ဆိုသည်လည်း မသိနိုင်ပါ။

**(၃) စက်ဝိုင်းအစနှင့်အဆုံး ဥပမာ**

ရှင်နာဂသေနက တုတ်ကလေးနှင့် စက်ဝိုင်းကြီးတစ်ခု ခြစ်ပြကာ မိလိန္ဒမင်းကြီးကို

- ထိုစက်ဝိုင်းလေးတစ်ခု၏ အစနှင့်အဆုံး ဆိုသည် ရှိရဲ့ဟုမေးခဲ့သည်။
- စက်ဝိုင်းကြီးတွင် အစတို့ အဆုံးတို့ဆိုသည် မရှိသလိုပင် မြတ်စွာဘုရားရှင်က ဖြစ်စဉ်ကြီးတစ်ခုကို ဟောခဲ့ခြင်း ဖြစ်သည်ဟု ရှင်းပြခဲ့သည်။
- သံသရာကြီးတွင် ယခုလိုပင် ရှေ့ပိုင်းအစများသည် မထင်ရှားပါ။

**ပဋ္ဌိစ္စသမုပ္ပါဒ် (ဘဝစက္က) ကငြင်းဆိုထားသောဝါဒများ**

| | | |
|---|---|---|
| (၁) | သဿတ ဝါဒ | - ထာဝရရှိနေခြင်း |
| (၂) | ဥစ္ဆေဒ ဝါဒ | - ထာဝရ ပြတ်စဲသွားခြင်း |
| (၃) | ဣဿရနိမ္မာန ဝါဒ | - ဘုရားသခင် ဖန်ဆင်း၍ ဖြစ်လာခြင်း |
| (၄) | အဟေတုက ဝါဒ | - အကြောင်းမဲ့ဖြစ်ခြင်း |

## မေးခွန်း (၂၈) ကောဋ္ဌိ ပညာယန ပဥှာ (မသိနိုင်သည့် ရှေ့ပိုင်းအစ)

**မသိနိုင်သည့် ရှေ့ပိုင်းအစ**

- မသိနိုင်သည့် ရှေ့ပိုင်းအစ ဆိုသည် အတိတ်ကာလ ဖြစ်ပါသည်။
- တစ်ချို့အရှေ့ပိုင်းအစကို သိနိုင်သည်။ တစ်ချို့ကို မသိနိုင်ပါ။
- ယခုအချိန်မတိုင်မီ ရှေးယခင်က အဝိဇ္ဇာ ဆိုသည့်တရားလုံးဝဖြစ်ပေါ်လာခဲ့ခြင်း မရှိဘူးဆိုသည့် အစကို မသိနိုင်ပါ။

**သိနိုင်သောအစ**

(၁) သဘာဝတရားတစ်ခုသည် နဂိုကရှိနေသည် မဟုတ်ပဲဆိုင်ရာ အကြောင်းများကြောင့် ဖြစ်ပေါ်လာပြီးနောက်တွင် ပျောက်ကွယ်သွားပြန်သည်။

(၂) ထို အနိစ္စ သဘာဝသင်္ခါရ တရားများ၏ အစကိုတော့ သိနိုင်ပါသည်။

- ဖြစ်လာသော ဥပါဒ်၊ ရပ်တည်နေတာ ဌီ၊ ပျက်စီးသွားတာ ဘင် ထိုသဘာဝတရားများတွင် ဖြစ်မှု ဆိုသော အစရှိပါသည်။
- ထိုဖြစ်ပေါ်လာသော အချိန်ပိုင်းလေးသုံးခုတွင် ဌီ၊ ဘင် တို့၏ အရှေ့ပိုင်းအစသည် ဟူ၍ သင်္ခါရ တရား၏ အစကို သိနိုင်သော အစမျိုးတော့ရှိပါသည်။

**အစအဆုံးနှစ်ခုလုံး ပြတ်ပျောက်သွားခြင်း**

- အစအဆုံး နှစ်ခုလုံး ပျောက်သွားသောအရာကို ထပ်မဖြစ်အောင် လုပ်ရန်ဖြစ်နိုင်သည်။
- ပျောက်သွားပြီဆိုလျှင် ထိုပျောက်သွားတာမျိုး ထပ်ဖြစ် ထပ်တိုးပွားအောင် လုပ်နိုင်ပါသည်။
- ဥဒယဗ္ဗယဉာဏ်နှင့် ဖြစ်မှုပျက်မှု အသိဉာဏ်များ တိုးပွားအောင် လုပ်လို့ရခြင်းကို မူလမင်းကွန်း ဆရာတော်ကြီး၏ အဌကထာတွင် ရှင်းပြထားပါသည်။
- အဝိဇ္ဇာက စဖြစ်သည်ဆိုသော အစရှိသည်။
- အဝိဇ္ဇာသည် ဟိုရှေးတုန်းက မရှိ၊ အခုမှ ဖြစ်လာသည်ဆိုသော အစမျိုး မရှိပါ။
- ဘယ်ခေတ်က စသည်ဆိုသော အစမရှိ၊ အကြောင်းတရား တိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ဥပါဒ်သာ ရှိသည်။
- အကြောင်းတရားများက ဆက်ဆက်သွားသည့်အတွက် အကျိုးတရားများက ဆက်ပြီး တိုးတက်များပြားလာသည်ဆိုသည်မျိုး ဖြစ်နိုင်ပါသည်။

**သစ်ပင်ဥပမာ**

- သစ်ပင်တစ်ပင်၏အစသည် မျိုးစေ့ဟု ပြောနိုင်ပါသည်။
- မိမိအိမ်ထဲတွင် သရက်ပင် မရှိ၍ အခြားက မျိုးစေ့ယူစိုက်ပြီး အပင်ပေါက်လျှင် မိမိအိမ်တွင် ပထမဆုံး ဖြစ်မည်။
- ထိုအပင်မှ အသီးသီး၊ အစေ့ရ၊ နောက်ထပ် တိုးစိုက်၍ရသွားသော အစမျိုးရသည်ဟု ဆိုလိုပါသည်။
- ထိုသစ်ပင်ဥပမာကဲ့သို့ပင် ခန္ဓာငါးပါးသည် မျိုးစေ့ ခန္ဓာရှိ၍ ဒုက္ခဖြစ်လာခြင်းသည် အပင်နှင့်မျိုးစေ့ကဲ့သို့ပင် ခန္ဓာနှင့် ဒုက္ခစဉ်ဆက်မပြတ် ဖြစ်စဉ်ကြီး ဖြစ်အောင်တိုးပွားလာပါမည်။

## မေးခွန်း (၂၉) သင်္ခါရဇာယမာန ပဥှာ (ဖြစ်ဆဲသင်္ခါရများ)

**ဖြစ်ဆဲသင်္ခါရများ**

ဖြစ်ဆဲသင်္ခါရများ ရှိပါသည်။

သင်္ခါရများမှာ (အနုလုံနည်းအရ)

- လူတို့သန္တာန်တွင် မျက်စိရှိ၊ မြင်စရာအာရုံရှိသည်။
- မျက်စိနှင့် မြင်စရာအာရုံ နှစ်ခုဆုံစည်း၍ မြင်သိစိတ် ဖြစ်လာသည်။
- မြင်သိစိတ်မှ ထိတွေ့မှု ဖဿ၊ ခံစားမှု ဝေဒနာ၊ လိုချင်သော တဏှာ၊ စွဲလမ်းမှု ဥပါဒါန်များ ဖြစ်လာရသည်။
- ဥပါဒါန်ကြောင့် ဘဝဆိုသည့် ကံတရား၊ မွေးဖွားခြင်း ဇာတိ၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ငိုကြွေးရခြင်း၊
- ကိုယ်စိတ်ဆင်းရဲမှု စသည်ဖြင့် လူတို့၏ သန္တာန်တွင် ဒုက္ခမျိုးစုံ ဖြစ်သွားသည်။

**ပိဋ္ဋိလောမနည်းအရ**

- လူတစ်ယောက် မျက်စိပျက်သွားပြီး မမြင်ရတော့လျှင်
- မြင်သိစိတ် မဖြစ်တော့ပါ
- မြင်သိစိတ် မဖြစ်တော့လျှင်
- ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ များလည်း မဖြစ်တော့ပါ။
- ဇာတိ မဖြစ်လျှင် အိုခြင်း၊သေခြင်းလည်း မဖြစ် ဒုက္ခများချုပ်ငြိမ်းသွား၍ ဖြစ်စဉ်တစ်ခုရပ်သွားမည်။
- သင်္ခါရတရားများသည် ယခုလို အကြောင်းတိုက်ဆိုင်၍သာ ဖြစ်ပေါ်လာပါသည်။

**ဖြစ်လာသောသင်္ခါရတရားများ**

ဖြစ်လာသော သင်္ခါရတရားများ ရှိပါသည်။
သင်္ခါရဆိုသည် အကြောင်းကို စွဲမှီပြီး ဖြစ်သောတရားဖြစ်သည်။ ရုပ်၊နာမ်၊ ဓမ္မ သင်္ခါရတို့သည် အကြောင်းမရှိဘဲ မဖြစ်၊အကြောင်းကြောင့်သာ ဖြစ်တတ်ပါသည်။

## မေးခွန်း (၃၀) နိဒါန်းပိုင်း

**Philosophy နှင့် ဗုဒ္ဓအဆုံးအမကွာခြားချက်**

- Philosophy ဆိုသည် အမြင်၊ အတွေးတို့မျှသာဖြစ်ပြီး လက်တွေ့ကျင့်သုံးထုတ်ဖော်လို့ ရချင်မှ ရသည်။
- မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်များမှာ သိရန်၊ ဆွေးနွေးရန် သက်သက်မျှသာ မဟုတ်ဘဲလက်တွေ့လုပ်ဆောင်ချက်အတိုင်း အကျိုးသက်ရောက်မှုကို ဖြစ်စေသောတရားများ ဖြစ်သည်။

**ဓမ္မဆိုသည်**

- နိဗ္ဗာန်ကို ဦးတည်ဟောကြားထားခဲ့သော တရားဓမ္မများသည်
  နိဗ္ဗာန်ကိုသာရောက်စေသည် မဟုတ် ပဲ ၊ နိဗ္ဗာန်အရောက်မီစပ်ကြားတွင် ဘဝ၏ဆင်းရဲဒုက္ခများ သက်သာပြီး ချမ်းသာသုခကို ရရှိစေနိုင် သည်။
- နောက်ဆုံး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်သည်အထိ ပို့ဆောင်ပေးနိုင်သောတရားဖြစ်၍ သတ္တဝါများကို ကယ်တင်သောတရားအစစ်ဖြစ်သည်။
- အခြားဘာသာများတွင် ဘုရားကကယ်တင်၍ ဗုဒ္ဓ၏အဆုံးအမတွင် ဓမ္မတရားက ကယ်တင်သည် ဟု ပြောရမည်။

**ဓမ္မ၏အဓိပ္ပါယ်**

- ဓမ္မဆိုသည့် ပါဠိစကားလုံးသည် ရေက ဖြစ်လာသည်။
- ရေဆိုသည် ဆွဲထား/ ဆောင်ထားတတ်သည်။
- ထိုတရားဓမ္မကျင့်ကြံကြိုးစားအားထုတ်ပြီဆိုလျှင် သတ္တဝါများကို အပါယ်ဘုံရောက်မသွားအောင် ဆွဲထားနိုင်၊ ကယ်တင်ထားနိုင်သည်။

**မေးခွန်း (၃၀) ဘာဝန္တသင်္ခါရ ဇာယမာနပဉ္ဇာ**

**ဆိုင်ရာအခြေခံအကြောင်းတရားမရှိပဲ သင်္ခါရ ဖြစ်/ မဖြစ်**

- ဖြစ်နိုင်သည့် အခြေခံအကြောင်းတရားမရှိဘဲ ဖြစ်လာသည့် သင်္ခါရတရားဆိုသည် တစ်စုံတစ်ခုမှ မရှိပါ။
- သင်္ခါရတရားအားလုံးသည် အခြေခံအကြောင်းအပေါ်မှာ မူတည်ပြီး ဖြစ်ကြသည်။
- ဖြစ်ဖို့ အခြေခံအကြောင်းတရားများပေါ်မူတည်ပြီးမှသာလျှင် ဖြစ်လာနိုင်သည်။
- အခြေခံအကြောင်းတရားကင်းမဲ့ပြီး ဖြစ်လာသော သင်္ခါရဆိုသည် မရှိပါ။

**ဥပမာများ**

**(၁) နန်းဆောင်ဥပမာ**

နန်းတော်အဆောက်အအုံ ဖြစ်လာရန် တောထဲကသစ်ပင်၊ အုတ်နှင့်တည်ဆောက်သောနံရံကို လိမ်းကျံရန် အင်္ဂတေမြေညက်၊ ဆောက်လုပ်ရန်အလုပ်သမား၊ စသည်များရှိရပါမည်။

ထိုအရှိများ ပေါင်းစပ်အခြေခံပြီး အဆောက်အအုံ ဖြစ်လာအောင်ပြုလုပ်၍ နန်းတော်ကြီး ဖြစ်လာရပါသည်။

**(၂) သစ်ပင်ဥပမာ**

သစ်ပင်များ မျိုးပွားရန် အပင်ကို တိုက်ရိုက်စိုက်သလို၊ အစေ့ချ၊ အညွန့်၊ အရွက်၊ အဆစ် စသည်တို့ဖြင့်လည်း စိုက်ရသည်။ ထိုသစ်ပင်သည် အခြေခံအကြောင်းမရှိဘဲ ဖြစ်လာတာမဟုတ်၊ မျိုးစေ့၊ မြေ၊ ရေစသော အခြေခံများရှိသည်။

ထို့အတူပင် အခြေခံမရှိဘဲ ဖြစ်ပေါ်လာသော သင်္ခါရတရားဆိုတာ မရှိ၊ အခြေခံအကြောင်းတရားများပေါ် မှီတည်ပြီးမှ သင်္ခါရ ဖြစ်လာရပါသည်။

**(၃) မြေအိုးဥပမာ** – မြေအိုးပြုလုပ်သောပုဂ္ဂိုလ်သည် မြေကြီးပေါ်တွင်ရှိနေသော မြေညက်၊ မြေစေး အခြေခံများ ရှိမှ အိုးလုပ်၍ ရသကဲ့သို့

**(၄) စောင်းသံဥပမာ** – စောင်းသံဆိုသည် ရှိနေသောစောင်းကြိုး၊ စောင်းအိုး၊ တီးသောလက်၊ တီးခတ်မှု လုံ့လဝီရိယ များ ပေါင်းစပ်အခြေခံပြီး ဖြစ်ပေါ်လာရပါသည်။ အခြေခံမပါဘဲနှင့် မဖြစ်သကဲ့သို့

**(၅) ပွတ်ခုံမီးဥပမာ** – ရှေးခေတ်က မီးရရန် ပွတ်ခုံ၊ ပါတ်ကျည်နှစ်ခု ပွတ်ရသည်။ ပွတ်သည့်အခါ မနားပဲ လုံ့လ ဝီရိယရှိရသည်။ ထိုသို့ အခြေခံများရှိမှ မီးရသကဲ့သို့

**(၆) နေပူကျောက် မီးဥပမာ** – မီးတောက်စသော ကျောက်၊ နေအပူ၊ နွားချေး၊ ထိုသုံးခုအခြေခံမရှိဘဲ မီးမရပါ။ အခြေခံ ကြောင်းတရားများအပေါ်အမှီပြုပြီးမှ သင်္ခါရတများ ဖြစ်ပေါ်လာရသကဲ့သို့

**(၇) ကြေးမုံပုံရိပ်** – ကြေးမုံတွင်ပုံရိပ်ပေါ်စေရန် ကြေးမုံ၊ အလင်းရောင်၊ လူမျက်နှာ ရှိရပြီး ရှေ့မှာလည်း ပေါ်ရသကဲ့သို့

**စန္ဒြကန္တကျောက်နှင့်လရောင်**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀၀ လောက်တွင်ရေးခဲ့သော သံယုတ္တဋီကာ (ဥပယန္တိသုတ်အဖွင့်) ကျမ်း၏ အယူအဆမှာ

စန္ဒြကန္တကျောက်များသည် လရောင်နှင့်တွေ့လိုက်လျှင် ရေကိုအန်တတ်သည်။ ရေများ စိမ့်ထွက်လာ၊ရေများ ထွက်လာစေသည်။ ထို့ကြောင့် ရေများပြည့်လာပြီး ဒီရေတက်စေသည်ဟု ဆိုပါသည်။

*

# အပိုင်း (၄)

# ပဋိသန္ဓေဆိုင်ရာ သိမှတ်စရာမေးခွန်းများ

## မေးခွန်း (၆) ပဋ္ဌိသန္ဓိပဉ္စာ

**ပဋ္ဌိ သန္ဓိ**

**ပဋ္ဌိ** = တစ်ဖန် ၊ **သန္ဓိ=** ဆက်စပ်ထားခြင်း ၊ တစ်ဖန်ပြန်ဆက်ခြင်း ဟုဆိုလိုသည်။

**သေပြီးနောက် ပြန်မမွေးတဲ့သူရှိလား** **(Batch-1 OQ No-2)**

- တစ်ချို့ ပုဂ္ဂိုလ်က ပြန်လည်မွေးဖွားလာသည်။ တစ်ချို့က ပြန်မမွေးပါ။
- ပြန်မွေးသော ပုဂ္ဂိုလ်လည်းရှိ၊ ပြန်မမွေးသော ပုဂ္ဂိုလ်လည်း ရှိပါသည်။
- (**နိက္ကိလေသော န ပဋ္ဌိသန္ဓဟတိ**) ကိလေသာ ရှိသော ပုဂ္ဂိုလ်သည် ပြန်မွေးမည်၊ ကိလေသာ မရှိသော ပုဂ္ဂိုလ်သည် ပြန်မမွေးတော့ပါ။

**ဥပမာ** - မျိုးစေ့အပင်ပေါက်ရန် မြေ၊ရေ၊အစိုဓာတ်တို့ ပေါင်းမှအပင်ထွက်သကဲ့သို့

**ရှင်နာဂသေနအား ကိုယ်တော်ရော ပြန်မွေးဦးမှာလား မေးသောအခါ**

- ဥပါဒါန် အစွဲအလမ်းရှိနေသေးလျှင် ပြန်မွေးမည်
- ဥပါဒါန် အစွဲအလမ်း မရှိတော့ဘူးဆိုလျှင် ပြန်မမွေးတော့ပါ

**အခြားဘာသာနှင့်ဗုဒ္ဓဘာသာ**

(၁) တစ်ချို့ဘာသာတရားများက ပြန်မွေးတယ်ဆိုတာမရှိ၊ နောက်ဘဝကိုလည်း လက်မခံပါ၊ နောက်ဘဝ၊ အတိတ်ဘဝ၊ ဆိုတာမရှိ ဘုရားသခင်ဖန်ဆင်း၍ ဖြစ်လာပြီး ဘုရားသခင် အဆုံးအဖြတ် အတိုင်း ကောင်းကင်ဘုံ(သို့) ငရဲသွားသည်။

(၂) နောက်ဘဝဆိုတာ မရှိ၊ သံသရာမရှိသော ဘာသာတရားများလည်း ရှိသည်။

(၃) သံသရာကို လက်ခံသောဘာသာတရားများလည်း ရှိသည်။

- မြတ်ဗုဒ္ဓ၏ အဆုံးအမတွင် သံသရာရှိသည်။
- သံသရာ မလည်သော ပုဂ္ဂိုလ်လည်းရှိသည်

**လူဝင်စားခြင်း**

- လူဝင်စားခြင်းဆိုသည် သေသွားသော သူလည်းမဟုတ်
- နောက်ထပ် တခြားလူလည်း မဟုတ်
- သေသွားသူကို အကြောင်းခံပြီး နောက်လူတစ်ယောက်ဖြစ်လာခြင်းသာ ဖြစ်သည်။

**န စသော** - သူလည်းမဟုတ်

**န စ အညော** - တစ်ခြားလူလည်း မဟုတ်ပါ

**ရဟန္တာဖြစ်ခြင်း**

- ရဟန္တာဖြစ်သည်ဆိုသည် ကံကိုပယ်တာမဟုတ်၊ ကိလေသာကို ပယ်ခြင်းဖြစ်သည်
- ကိလေသာကို ပယ်ပြီးလျှင် ကံကိုလည်း ပယ်ပြီး ဖြစ်သည်။
- ရတနသုတ်လာရဟန္တာ၏ ဂုဏ်ရည်တွင် ကံကုန်သည်ဆိုခြင်းမှာ ကိလေသာကုန်ခြင်း၊ ကိလေ သာကို ပယ်ခြင်းဖြစ်သည်။

## မေးခွန်း (၂၃) ထေရပဋိသန္ဓဟန အပဋိသန္ဓဟန ပဥှာ

**ရှင်နာဂသေနရော ပြန်လည်မွေးဖွားဦးမည်လားဟု မေးသောအခါ**

- တဏှာ၊ ဒိဋ္ဌိ၊ ဥပါဒါန်အစွဲ ရှိနေသေးလျှင် ပြန်မွေးမည်
- ဥပါဒါန်အစွဲ မရှိလျှင် ပြန်မမွေးတော့ပါ။

**ဝိနည်းသိက္ခာပုဒ်ရှောင်တိမ်းရခြင်း**

- ရဟန်းတော်များအနေဖြင့် ဝိနည်းသိက္ခာပုဒ်ကို ရှောင်တိမ်းပြီးဖြေရတာမျိုး ရှိသည်။
- ကိုယ့်ကိုယ်ကို ရဟန္တာ/ သောတာပန် (သကဒါဂါမ်၊ အနာဂါမ်) ဖြစ်သည်ကို လူသိမှာစိုးပါသည်။
- ရထားသောတရားထူး တရားမြတ်ကိုလည်း ထုတ်ပြောရန် ဝန်လေးတတ်ကြပါသည်။

**အရိယာပုဂ္ဂိုလ်တို့၏စိတ်ထား**

(၁) အရိယာသူတော်စင်များတွင် အပ္ပိစ္ဆဂုဏ်ရှိ၍ သောတာပန်ဖြစ်ပြီဆိုလျှင် သူရထားသော တရားထူး တရားမြတ်ကို လူသိမှာစိုးကာ သူများကိုအသိမပေး လျှို့ဝှက်ထားသည်။

(၂) ကိုယ်တိုင် တရားထူးတရားမြတ်ရသလို လူတိုင်းရရင် ကောင်းမှာပဲဆိုသော ဆန္ဒရှိသည်။

**အပ္ပိစ္ဆ (၃)မျိုး**

| | | |
|---|---|---|
| (၁) | **ပရိယတ္တိ အပ္ပိစ္ဆ** | - စာတတ်တယ်ဆိုသည်လည်း သူများကိုအသိမပေးချင်ပါ။ |
| (၂) | **ဓုတင် အပ္ပိစ္ဆ** | - ဓုတင်အကျင့်ကိုကျင့်သည်ကိုလည်း အသိမပေးချင်ပါ။ |
| (၃) | **အဓိပမ အပ္ပိစ္ဆ** | - တရားထူးရသည်ကိုလည်း လူသိမှာစိုးသည် |

**အပ္ပ** = မရှိဘူး/ တစ်ခြားနေရာတွင် နည်းသည်ဆိုသည့် အဓိပ္ပါယ်

**ဣစ္ဆာ** = လူသိထင်ရှားကျော်ကြားလိုမှု

**အပ္ပိစ္ဆ** = ရိုးရိုးကုပ်ကုပ် ထိန်ထိန်ဝှက် နေလေ့နေထရှိခြင်း

## မေးခွန်း (၇) ယောနိသော မနသိကာရပဥ္စာ
## မေးခွန်း (၈) မနသိကာရ လက္ခဏာ ပဥ္စာ

**ယောနိသော** – မှန်ကန်သောနည်းလမ်းဖြင့်
**မနသိကာ** – နှလုံးသွင်းခြင်း

**ဘဝတစ်ခုတွင် ပြန်မမွေးရခြင်းအကြောင်းများ**

(၁) ယောနိသော မနသိကာရ ဆိုသည့် မှန်ကန်သည့်နှလုံးသွင်းမှုကြောင့်
(၂) မဂ်ပညာ/ဖိုလ်ပညာ ဟူသော အဆင့်မြင့်ပညာများရရှိခြင်း (လောကုတ္တရာ)
(၃) အခြားကောင်းကျိုးချမ်းသာကို ဖြစ်စေသော လောကီကုသိုလ်များကြောင့်

**နောက်ဘဝပြန်မဖြစ်အောင် ရှိရမည့် အခြားလောကီကုသိုလ်များ**

အခြားကောင်းကျိုးချမ်းသာကို ဖြစ်စေသော
– လောကီကုသိုလ်များ (သီလ၊ <u>သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ</u>)
– မဟာသတိပဌာနသုတ် ( ဝီရိယ၊ သတိ)
– မဂ္ဂင် ၅ ပါး = သမာဓိ ၃ + ပညာ ၂ ပါး

**ယောနိသောနှင့်ပညာထူးခြားချက်**

– မနသိကာရကတစ်ခြား၊ ပညာက တစ်ခြား၊
– သဘာဝတရားချင်း မတူပါ။
– တိရစ္ဆာန်များတွင် နှလုံးသွင်းမှု ရှိသော်လည်း အသိပညာတော့ မရှိပါ။

## မေးခွန်း (၁၈) ပဋိသန္ဓာန ပဥ္စာ

**နောင်ဘဝပြန်မမွေးမည့်ပုဂ္ဂိုလ်သည် ပြန်မမွေးတော့ပြီကို သိပါသလား**

– နောင်ဘဝပြန်မမွေးမည့်သူသည် ပြန်မမွေးဘူးဆိုသည်ကို သိပါသည်။
– ပြန်လည်မွေးဖွားခြင်းမှာ ကံဆိုသည့်ဖြစ်စေတတ်သောအကြောင်း၊ ကိလေသာဆိုသည့် ထောက်ပံ့ကူညီတတ်သောအကြောင်း တို့ နှစ်ခုရပ်စဲချုပ်ငြိမ်းသွားသည်ကို သိပြီး ပြန်မမွေး ဘူး ဟု သိတာဖြစ် ပါသည်။

**ပြန်လည်မွေးဖွားရခြင်းအကြောင်းနှစ်မျိုး**

**ကံတရား** = ဟေတု (ထုတ်လုပ်သည့်/ ဖြစ်စေသည့် အကြောင်း)

**ကိလေသာ** = ပစ္စယ (ထောက်ပံ့ကူညီသောအကြောင်း)

**ဥပမာ** (လယ်သမား)

- လယ်သမားတစ်ဦးသည် စပါးကိုဒေါင်ကြီး ထပ်ဖြည့်ပို့ရန် အကြောင်းတရားများ ဖြစ်သော (ထွန်ယက် ခြင်း၊ စိုက်ပျိုးခြင်း၊ စပါးစုဆောင်းခြင်း)များကို မလုပ်တော့။
- ထိုသို့ စပါးကိုဒေါင်ကြီး ဖြည့်စရာအကြောင်းလည်းမရှိတော့ ဖြည့်ဖို့လည်းမလုပ်တော့သည့် အတွက် စပါးကိုဒေါင်ကြီး မပြည့်တော့ဘူးဆိုတာ သိကကဲ့သို့ပင် ဖြစ်သည်။

## မေးခွန်း (၂၀)ပဋိသန္ဓ ဟန ပုဂ္ဂလဝေဒနိယ ပဥှာ

**နောက်ဘဝ ပြန်လည်မွေးဖွားခြင်းမရှိသောပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသောဒုက္ခမျိုးကို ခံစားရပါ သလား။** **(Batch-1 OQ No-5)**

- နောင်ဘဝတွင် ပြန်လည်မွေးဖွားခြင်းမရှိသောပုဂ္ဂိုလ်သည် ကိလေသာကင်းသော (ဘုရား/ ရဟန္တာ) များ ဖြစ်သည်။
- ထိုရဟန္တာပုဂ္ဂိုလ်များသည် ပရိနိဗ္ဗာန်မစံမီအချိန်အထိ **ကာယိကဒုက္ခကို** ခံစားရပါသေးသည်။
- **ဒေါသကိလေသာ** ကို ဖယ်ရှားပြီးဖြစ်၍ **စေတသိကဒုက္ခ** ကိုမူ မခံစားရတော့ပါ။

ပုထုဇဉ် (မြား ၃ ချက်)

**သံယုတ္တနိကာယ်၊ သလ္လသုတ်တွင်**

"ပုထုဇဉ်ပုဂ္ဂိုလ်၊တရားမပြည့်သောပုဂ္ဂိုလ်များသည်

(၁) ရုပ်ခန္ဓာကိုယ်ကြီးတွင် တစ်ခုခု ဒုက္ခ ဖြစ်ပြီ ဆိုလျှင် စိတ်ဆင်းရဲမှုက တွဲဖက်လာသည်။

(၂) ဒုက္ခကြီးက လွတ်ချင်သည် ဆိုသည့် အတွေးကလည်း ဝင်လာပြန်သည်။

(၃) တစ်ယောက်တည်းတွင် မြားဒဏ်သုံးချက် စူးခံရသလို **ပထမ ကာယိကဒုက္ခ** ဆိုသည့် မြားတံ စူးသည်၊ စိတ်ဆင်းရဲမှုထပ်ပြီးပိုးလိုက်သည့်အတွက် **စေတသိကဒုက္ခ** ဆိုသည့် **ဒုတိယမြားတံ** တစ်ခု ထပ်စူးသည်။ ဒုက္ခတွေကလွတ်ချင်သည့်စိတ်နှင့် မတောင့်တရမည်ကို ထပ်တောင့်တ သည့်အခါ နောက်ထပ် မြားတစ်ချက် ထပ်စူးသည်။

တစ်ခါ တစ်ခါဒုက္ခဖြစ်လျှင် သုံးချက် အစူးခံရသည် ပြီး အကုသိုလ်တွေ ထပ်ပိုးလာသည်။

အရိယာ ၊ ဘုရား၊ ရဟန္တာတို့သည် မြားတံတစ်ချက်နဲ့ပဲ ရပ်သွားသည်။ ဒုတိယမြားတံ၊ တတိယမြားတံ မလာတော့ဘူးလို့ ဆိုလိုသည်။

**ကာယိကဒုက္ခခံစားရသော်လည်း ပရိနိဗ္ဗာန်မစံခြင်း**

(၁) ရဟန္တာပုဂ္ဂိုလ်များသည် သေချိန်မတန်သေးလျှင် ကိုယ့်ကိုယ်ကို သေအောင်မလုပ်ဘဲ သေချိန်တန်လျှင်သေလိမ့်မည်ဟု အချိန် ကိုစောင့်ကြသည်။

(၂) သေဆုံးမှုကိုလည်း မလိုလားပါ၊ အသက်ရှင်မှုကိုလည်း မလိုလားပါ။

(၃) သေမည့်အချိန် ဒုက္ခအဆုံးသတ်မည့်နေ့ကို ရောက်လာမှာပဲဆိုသော အသိဖြင့် စောင့်ကြသည်။

## မေးခွန်း (၁၇) ဓမ္မသန္တိပညာ

**ပြန်လည်မွေးဖွားသူ၏ ဓမ္မသဘာဝဖြစ်စဉ်**

- လူတစ်ယောက်သေပြီးနောက် မွေးဖွားလာလျှင် ပြန်မွေးဖွားသူသည် ထိုသေပြီးသူလည်း မဟုတ် **(န စ သော)**
- နောက်တစ်ယောက် သီးခြားသူလည်း မဟုတ်ပါ **(န စ အညော)**

**ဓမ္မသဘာဝဖြစ်စဉ်အရ**

(၁) ရှေ့သဘာဝတရား တစ်ခု ချုပ်သွားသည်။

(၂) နောက်သဘာဝတရား တစ်ခု ဖြစ်လာသည်။

(၃) ရှေ့နောက် အဆက်မပြတ် ဆက်စပ်မိသည်။

(၄) သေသူလည်း မဟုတ်

(၅) သီးခြားသူလည်း မဟုတ်

(၆) ရှေ့ကိုအမှီပြု၍ နောက်ကဖြစ်ရသည်

**လူ့ဘဝ အစ ဖြစ်စဉ် (ကလလ)**

မြတ်စွာဘုရားရှင် ဟောကြားခဲ့သော လူသားတစ်ယောက် ဖွံ့ဖြိုးတိုးတက်ပုံအဆင့်

- ပထမရက်တစ်ပါတ် ကလလ
- နောက်တစ်ပတ် အမြှုပ်၊ အနှစ်၊ အတုံးအခဲ၊ ခက်မငါးဖြာ
- နောက်တွင်မှ ဆံပင်၊ ခြေသည်း၊ လက်သည်း စသည်

**ဥပမာများ**

(၁) ဆင်မီးတောက် မီးလျှံ

(၂) မြစ်ရေ

(၃) နို့၊ ထောပတ်

မိမိသည်ပင် ငယ်ရွယ်သူဖြစ်ခဲ့၊ မိမိသည်ပင် ကြီးလာသူဖြစ်သကဲ့သို့ပင် ထွန်းထားသော ဆီမီးခွက်တစ်ခုတွင် ရှေ့မီးတောက်ချုပ်လျှင် နောက်မီးတောက်ပေါ်လာကာ ဆက်မိသွားသကဲ့သို့ -- မြစ်ရေစီးသကဲ့သို့ စဉ်ဆက်မပြတ် တစ်ခုတည်းပမာ ဆက်စပ်နေကြပါသည်။

## မေးခွန်း (၂၄) နာမရူပ ပဋ္ဌိသန္ဓဟနပဥှာ (နာမ်၊ ရုပ် ပြန်မွေးဖွားခြင်း)

**(Batch-1 OQ No-7)**

**ပြန်မွေးဖွားရာ၌ နာမ်ရုပ် (၂)မျိုးစလုံး မွေးဖွားရခြင်း**

မိလိန္ဒပဥှာတွင် ရှင်နာဂသေန၏ ရုပ်/နာမ် အဖြေအရ

- သိသာထင်ရှားသည် က **ရုပ်**
- မသိမ်မွေ့၍ သိဖို့ခက်ခဲသည့်အရာ က **နာမ်** ဖြစ်သည်။

(၁) ရုပ်နာမ်ဆိုသည် အချင်းချင်းအပြန်အလှန်မှီပြီး ဖြစ်ကြသည်။

(၂) နာမ်တရားက ရုပ်ကိုမှီသည်။

(၃) ရုပ်တရားကလည်းနာမ်ကို အပြန်အလှန်မှီသည်။

(၄) အချင်းချင်း အပြန်အလှန်မှီတင်းပြီး အတူတကွ တစ်ခုထဲပေါင်းစပ် ဖြစ်လာကြသည်။

(၅) သေဆုံးပြီးနောက်ဘဝတွင် ရုပ်တစ်မျိုးထဲ /နာမ် တစ်မျိုးထဲ မမွေးပဲ၊ နာမ်ရုပ် ၂ မျိုးပေါင်းပြီး မွေးဖွားရခြင်း ဖြစ်သည်။

**ကြက်မကြက်ဥ ဥပမာ**

ကြက်မတွင်ရှိသောကြက်ဥသည် ဥဖြစ်ဖို့ရာ အရည်ကြည်အနှစ်ကလေး(ကလလ) မရှိပဲ မဖြစ်နိုင်ပါ။ အတွင်းအနှစ်ရည်ရယ်၊ အပြင်အခွံရယ်သည် အပြန်အလှန်မှီခိုပြီး အတူတကွ တစ်ပေါင်းတည်း ဖြစ်ပါသည်။

## မေးခွန်း (၂၂) နာမရူပ ကေတ္တနာနတ္တ ပဥှာ

**သေပြီးနောက်ဘဝပြန်မွေးရာ၌ နာမ်ရုပ်သည် ယခင်နှင့်တစ်ခုထဲလား**

**(Batch-1 OQ No-6)**

- ယခုဘဝတွင် သေဆုံးပြီး နောင်ဘဝတွင် ပြန်လည်မွေးဖြင်းဆိုသည် နာမ်ရုပ်ပြန်မွေးခြင်း ဖြစ်သည်။
- ယခုလက်ရှိ ဘဝတွင်ရှိသော နာမ်ရုပ်က ပြန်မွေးခြင်းမဟုတ်၊ **တစ်ခုထဲ** မဟုတ်ပါ။
- ယခင်ဘဝ နာမ်ရုပ်နှင့် ကုသိုလ်/အကုသိုလ် လုပ်ခဲ့သည်။
- ထိုလုပ်သောကံအစွမ်းကြောင့် **သီးခြားနာမ်ရုပ်** ပြန်မွေးပါသည်။
- ယခုရုပ်နာမ်ပြန်မမွေးလျှင် သူပြုလုပ်ခဲ့သော အကုသိုလ်မှ လွတ်သွားနိုင်သော်လည်း ရှေ့ဘဝ နာမ်ရုပ်နှင့် ပြုခဲ့သော အကုသိုလ်ကံကြောင့် နောက်ဘဝ အခြားနာမ်ရုပ်ဖြင့် ပြန်မွေးသောကြောင့် အကုသိုလ်ကံမှ မလွန်နိုင်ပါ။

**သရက်ပင်နှင့်သရက်သီး ဥပမာ**

- လူတစ်ယောက်စိုက်သော သရက်ပင်မှ အခြားလူတစ်ယောက်က သရက်သီးခိုးသည်။
- ထိုခိုးသူကို မိ၍ ပိုင်ရှင်က တရားစွဲသောအခါ ခိုးသူက သူစိုက်သည့်သရက်သီးက တခြား၊ သူခိုးသော သရက်သီးက တစ်ခြားဖြစ်၍ အပြစ်ဒဏ် မထိုက်ပါဟု ချေပပါသည်။
- ခိုးသူက ထိုသို့ပြောသော်လည်း ပထမစိုက်သော သရက်သီးမပါပဲ နောက်သရက်သီးဆိုတာ မဖြစ်နိုင် ပါ။သူစိုက်သော သရက်သီးကို အကြောင်းပြု၍ပေါက်သော သရက်ပင်က သီးခြင်းဖြစ်၍ ပြစ်ဒဏ် ထိုက်ပါသည်။
- ထိုကဲ့သို့ပင် သတ္တဝါတို့သည် ယခုလက်ရှိ ရုပ်နာမ်နှင့် မကောင်းမှုအကုသိုလ်များ ပြုလုပ်၍ ထိုကံကြောင့် တခြားနာမ်ရုပ်များ ပြန်ပြီး မွေးလာရ၍ မကောင်းမှုအကုသိုလ်မှ မလွတ်ကင်းနိုင်ပါ။

**(မီးဥပမာ/ ပုခက်တွင်းမိန်းကလေးဥပမာ)**

## မေးခွန်း (၅၆) အညကာယသင်္ကမနပဥှာ

**ယခုဘဝလက်ရှိခန္ဓာကြီးပျက်စီးသွားလျှင် အခြားကာယတစ်ခုသို့ ပြောင်းသွားသော သတ္တဝါများရှိပါသလား?**

- ယခုဘဝလက်ရှိ ခန္ဓာကြီးပျက်စီးသွားပြီး နောက်ထပ်အခြားခန္ဓာတစ်ခုကို ပြောင်းရွှေ့သွားသော (အတ္တ၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ်ကောင်) သတ္တဝါဆိုသည် မရှိပါ။
- သေပြီးဘဝ နှင့်နောက်ဘဝ ကြောင်းကျိုးဆက်စပ်မှုရှိ၍ သေပြီးရှေ့ဘဝက ပြုခဲ့သော အကုသိုလ်ကံ ၏ အကျိုးကို နောက်ဘဝသစ်၌ ခံစားရပါမည်။

**ဥပမာ**

သရက်ပင်နှင့် သရက်သီး

**တိဗက်ဗုဒ္ဓဘာသာ**

- မြတ်စွာဘုရားရှင်ကို ကိုးကွယ်သော်လည်း
- တိဗက်ဗုဒ္ဓဘာသာတို့သည် reincarnation ကိုလက်ခံသည်
- ရုပ်ခန္ဓာကြီး ပျက်စီးသွားလျှင် နောက်ရုပ်ခန္ဓာတစ်ခုတွင် ဝင်စားသည်ဟု ယုံကြည်သည်။
- လူတစ်ယောက်သည် သေဆုံးသွားပြီးသည့် နောက်တွင် ၄၉ ရက်တိတိ နောက်ခန္ဓာအသစ် ရှာနေသော အချိန်ပိုင်းဟု ဆိုလိုပါသည်။

## မေးခွန်း (၅၄) အသက်မနပဋိသန္ဓာနပစ္စာ

**ဘဝကူးခြင်း**

(၁)	ယခုဘဝမှ နောင်ဘဝသို့ ကူးပြောင်းသွားသည်မှာ ဘာတစ်ခုမျှမရှိပါ။

(၂)	ယခုဘဝနာမ်ရုပ်ကို အကြောင်းပြု၍ ပြုမိသော ကံများကြောင့် နောင်ဘဝတွင် အကျိုး(နာမ်ရုပ်)တရားများ ပြန်လည်ဆက်စပ်မိခြင်းသာ ဖြစ်ပါသည်။ အကြောင်းအကျိုးအနေနှင့် ဆက်စပ်နေခြင်းသာ ဖြစ်ပါသည်။

**ဥပမာ** – ဆီမီးကူးခြင်း၊ ကဗျာသင်ခြင်း

# အပိုင်း (၅)

# ဗုဒ္ဓဆိုင်ရာ သိမှတ်စရာ မေးခွန်းများ

## မေးခွန်း (၅၀) ဗုဒ္ဓသသအတ္ထိနတ္ထိဘာဝပဥှာ

**ကိုယ်တိုင်လည်း မမြင်ခဲ့၊ ဆရာတွေလည်း မမြင်ခဲ့ဘူးဆိုလျှင် ဗုဒ္ဓရှိခဲ့/မရှိခဲ့ သိနိုင်ပါသလား?**

- ဗုဒ္ဓကို ရှင်နာဂသေနရော၊ ဆရာများပါမြင်ဖူးခဲ့ခြင်းမရှိပါ။
- မမြင်ခဲ့ဖူးသော်လည်း ဗုဒ္ဓထင်ရှားရှိခဲ့ကြောင်း ပွင့်တော်မူခဲ့ကြောင်း သမိုင်းအထောက်အထား များစွာရှိပါသည်။
- အသောကမင်းကြီး၏ သံဝေဇနိယ (ဖွား၊ ပွင့်၊ ဟော၊ စံ) ၄ ဌာနတွင် စိုက်ထူခဲ့သော အထိမ်း အမှတ်ကျောက်စာတိုင်များ အရလည်း သိရှိနိုင်ပါသည်။

**ဥပမာ** – ဟိမဝန္တာတွင်ရှိသော ဥဳဟာမြစ်ကြီးကို မိလိန္ဒမင်းကြီး မမြင်ဖူး၊ သူ့ခမည်းတော်လည်း မမြင်ဖူးသော်လည်း၊ ဥဳဟာမြစ်အကြောင်းရေးသားပြောဆိုချက်များ ရှိသဖြင့် ရှိကြောင်း သိရပါသည်။

ရှိခြင်း/မရှိခြင်းသည် မြင်ဖူးခြင်း/မမြင်ဖူးခြင်းနှင့် မသက်ဆိုင်ပါ။

## မေးခွန်း (၅၁) ဗုဒ္ဓသသ အနုတ္တရဘာဝ ပဥှာ

**ဗုဒ္ဓသည်အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်း**

- ဗုဒ္ဓထက် သာလွန်မြင့်မြတ်သူမရှိ၊ ဗုဒ္ဓသည် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်။
- ဗုဒ္ဓကို မမြင်ခဲ့ဖူးသော်လည်း ဘုန်းတန်ခိုးကြီးမားသည့် မြတ်ဗုဒ္ဓ၏ တပည့်များ၏ မြင့်မြတ်မှု ကိုကြည့်ပြီး ဆရာဖြစ်သူမြတ်ဗုဒ္ဓ၏ ကြီးကျယ်မြင့်မြတ်မှုကို သိနိုင်ပါသည်။

**ဥပမာ** – ပင်လယ်၊ သမုဒ္ဒရာများကို မမြင်ဖူးသောပုဂ္ဂိုလ်များသည် ပင်လယ်သမုဒ္ဒရာကြီး အလွန် ကြီးမားနက်ရှိုင်းသည်ကိုငင်း၊ ထိုပင်လယ်ပြင်ကြီးထဲသို့ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်များစွာ က ရေများအားလုံး စီးဝင်သွားသော်လည်း ပြည့်လျှံခြင်း၊ လျော့သွားခြင်း မရှိသည်ကို သိ နိုင်သကဲ့သို့ပင် ဖြစ်ပါသည်။

## မေးခွန်း (၅၁) ဗုဒ္ဓသာ အနုတ္တရဘာဝ ဇာနနပဉာ

**ဗုဒ္ဓသည် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း သိနိုင်သောနည်းလမ်း**

"ယော ဓမ္မံ ပဿတိ၊ သော ဘဂဝန္တံ ပဿတိ" ဆိုသည့်အတိုင်း ခက်ခဲနက်နဲပြီး စစ်မှန်သော တရားတော်များကိုကြည့်ပြီး ဟောကြားခဲ့သော ဗုဒ္ဓသည် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အတူ သာသနာတွင် ရေးသားပြုစုခဲ့သော ကျမ်းစာများကို ကြည့်၍လည်း တိသာမထေရ်ကြီး ရှင်မဟာဗုဒ္ဓဃောသ၊ ရှင်အာနန္ဒ၊ ရှင်ဓမ္မပါလ စသော ကျမ်းပြုဆရာတော်များကို သိနိုင်ပါသည်။

## မေးခွန်း (၅၉) ဗုဒ္ဓနိဒဿန ပဉာ (နိဒဿန = မြင်ခြင်း)

**ဗုဒ္ဓရှိရာအရပ်ကို ညွှန်ပြနိုင်ပါသလား**

- ဗုဒ္ဓ၏ ရူပကာယတော်၊ နာမကာယတော် တို့သည် ခန္ဓာအကြွင်းအကျန်လုံးဝမရှိတော့ပဲ အဆုံးစွန် ပရိနိဗ္ဗာန်စံမှု ဖြစ်သော **အနုပါဒိသေသ** အငြိမ်းဘဝချုပ်ငြိမ်းသွားပြီဖြစ်သည်။
- မြတ်ဗုဒ္ဓကို မည်သည့်နေရာ၌ရှိသည်ဟု ညွှန်ပြ၍ မရနိုင်ပါ။
- သို့သော် ဘုရားရှင်ဟောကြားထားခဲ့သော တရားတော်များ တရားဓမ္မ(ဓမ္မကာယ) အဖြစ် ညွှန်ပြနိုင်ပါသည်။

**ဥပမာ** – မီးပုံကြီးတစ်ခု၏ မီးလျှံငြိမ်းသွားခြင်း

**သဉပါဒိသေသ နိဗ္ဗာန် နှင့် အနုပါဒိသေသနိဗ္ဗာန်**

- ကံနှင့် ကိလေသာများက ထုတ်လုပ်ထားသည့် ခန္ဓာ(ခန္ဓာငါးပါး)ကို **"ဥပါဒိ"** ဟုခေါ်သည်။
  ထို **"ဥပါဒိ"** သည် **"သေသ"** ကြွင်းကျန်နေသေးသည်။
- ကံနှင့် ကိလေသာများက ကုန်သွားပြီ။
  သို့သော် ခန္ဓာကြီးကျန်နေသေးလျှင် **"သဉပါဒိသေသ နိဗ္ဗာန်"** ဟုခေါ်ပါသည်။
- အနုပါဒိသေသ ဆိုသည်မှာ "န + ဥပါဒိသေသ" ကြွင်းကျန်သည့်ခန္ဓာ မရှိတော့၊ ဘာမှ မရှိတော့ပါ။
  အကြောင်းများက အရင်းကုန်သွားသည်။
  ထို့နောက် အကျိုးများပါ မရှိတော့ပါ။
- ခန္ဓာအကြွင်းအကျန် ဘာတစ်ခုမှ မကျန်သည့် အငြိမ်းဓာတ်ဖြင့် ချုပ်ငြိမ်းသွားခြင်းကို **"အနုပါဒိသေသ နိဗ္ဗာန်"** ဟု ခေါ်ပါသည်။

## မေးခွန်း (၆၁) သဗ္ဗညုဘာဝ ပဥှာ

**ဗုဒ္ဓသည် အရာခပ်သိမ်းသိသော်လည်း သိက္ခာပုဒ်ကို တစ်ခါတည်း ပညတ်ခြင်း မရှိသည့်အကြောင်း**

- ဗုဒ္ဓသည် "သဗ္ဗညု" အရာခပ်သိမ်းကို သိသည်မြင်သည် ဆိုသော်လည်း အပြစ်ကျူးလွန်သည့် အခါမှသာ သိက္ခာပုဒ်ကို ပညတ်ပါသည်။
- ကြိုတင်ပြီး ပညတ်ချက်များ မထုတ်ထားပါ။
- ဆေးပညာကျွမ်းကျင်သော သမားတော်ကြီးကဲ့သို့ပင် နေမကောင်းသည့်လူနာကို ရောဂါဖြစ်မှသာ ဆေးကုသမှုပေးပါသည်။

## မေးခွန်း (၆၂) မဟာပုရိသလက္ခဏာပဥှာ

**မြတ်စွာဘုရားရှင်၏ ရူပကာယတော်သည် မိဘများနှင့် မတူရခြင်း**

မြတ်စွာဘုရားရှင်၏ ရူပကာယတော်တွင်

- (၃၂) ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်
- (၈၀) သော လက္ခဏာတော်ငယ်တို့ဖြင့်
- အသားအရောင်မှာလည်း ရွှေရောင်အဆင်း
- တစ်လံ ပမာဏ ရောင်ခြင်ဝန်းတို့ဖြင့် အလွန်တင့်တယ် သပ္ပါယ်လှပါသည်။
- လောကယုံကြည်ချက်အရ သားသမီးသည် မိဘများနှင့်တူရမည် ဖြစ်သော်လည်း မြတ်စွာဘုရားရှင်၏ ခမည်းတော်၊ မယ်တော်များတွင်မူ (ပါရမီဖြည့်ရာကာလ၊ ပါရမီဖြည့်ကျင့်ပုံများ မတူနိုင်သဖြင့်) လက္ခဏာကြီး/ငယ် များ၊ ရွှေရောင်အသားရောင်နှင့် ရောင်ခြည်ဝန်းများ မပါရှိကြပါ။

**ဥပမာ** – ရွှံ့နွံထဲတွင်ပေါက်သော ပွင့်ဖတ် ၁၀၀ ရှိသာ ပဒုမ္မာကြာ၏ အရောင်အဆင်းသည် ရွှံ့ညွန် အရောင်နှင့် မတူသကဲ့သို့

## မေးခွန်း (၆၃) ဘဂဝတော ပြဟ္မစာရီပဥ္စာ

**ဗုဒ္ဓသည် ပြဟ္မစာရီ ဖြစ်/မဖြစ်**

- ဗုဒ္ဓသည် (ပြဟ္မစာရီ) မြတ်သောအကျင့်ကို ကျင့်သူဖြစ်ပါသည်။
- ပြဟ္မ၏နောက်လိုက်တပည့်မဟုတ်ပါ။
- ပြဟ္မာကြီးများသည် ဗုဒ္ဓိက (အသိဉာဏ်ရှိသူ) ဗုဒ္ဓကို ကိုးကွယ်သူများ ဖြစ်ကြပါသည်။
- ထို့ကြောင့် ပြဟ္မာများသည် ဘုရား၏တပည့်များ များသောအားဖြင့် ဖြစ်ကြပါသည်။

**ဥပမာ** - နန်းတော်ရှိဆင်ကြီးသည် ရုံဖန်ရုံခါ ကြိုးကြာကဲ့သို့ အသံဖြင့် အော်တတ်သော်လည်း ကြိုးကြာ၏ တပည့် မဟုတ်သကဲ့သို့

# အပိုင်း (၆)

# ရဟန်းဆိုင်ရာ သိမှတ်စရာများ

**မေးခွန်း(၅) ပဗ္ဗဇ္ဇပဉှာ**

**ရဟန်းပြုရခြင်း ရည်ရွယ်ချက်**

မြတ်စွာဘုရားရှင်၏ အဆုံးအမအရဆိုလျှင် သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုရခြင်း ဆိုသည်မှာ

(၁) လက်ရှိရထားသော ဆင်းရဲဒုက္ခများ မည်သည့်နည်းနှင့်ရပ်တန့်နိုင်ရန်

(၂) နောက်ထပ်ဒုက္ခတစ်ခု မရတော့အောင် မည်သို့လုပ်ရမည်ကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

**အမြင့်ဆုံးရည်မှန်းချက်**

အနုပါဒါ ပရိနိဗ္ဗာန် ဟူသော စွဲလမ်းမှုများက လွတ်မြောက်သွားပြီး ထာဝရငြိမ်းသော အငြိမ်းဓာတ် (နိဗ္ဗာန်) ရရှိရန် အမြင့်ဆုံးမျှော်မှန်းပါသည်။

Remark ; မေးခွန်း(၆)မှ ရဟန်းပြုရခြင်းရည်ရွယ်ချက်/အမြင့်ဆုံးရည်မှန်းချက်များ နှင့်တူ

**နားလည်မှုဆိုင်ရာမေးခွန်း**

ဗုဒ္ဓဘာသာတွင် လူပုဂ္ဂိုလ်များ ဘာသာတရားလိုက်နာကျင့်သုံးရခြင်း ရည်ရွယ်ချက် နှင့် အမြင့်ဆုံး ရည်မှန်းချက် ကို ဖော်ပြပါ။

**သာမန်လူများသိသော ဒုက္ခ**

(၁) အိုခြင်း (၂) နာခြင်း (၃) သေခြင်း

(၄) ချစ်ခင်နှစ်သက်သူနှင့်ခွဲနေရခြင်း

(၅) မချစ်မနှစ်သက်သူ/မုန်းသူနှင့်အတူနေရခြင်း

(၆) လိုချင်တာ မရခြင်း

**သာမန်လူများ မသိသော ဒုက္ခ**

ဇာတိ ပဋိသန္ဓေ နေရခြင်း ၊ ခန္ဓာငါးပါးရလာခြင်း

**ခန္ဓာငါးပါးရလာခြင်းကို အဘယ်ကြောင့်ဒုက္ခဟု သတ်မှတ်နိုင်ပါသလဲ**

(၁) ဖြစ်ပြီး ပျက်နေ၍ (အနိစ္စ)

(၂) ထာဝရပြောင်းလဲနေသောအရာဖြစ်ခြင်း (အနတ္တ)

(၃) ဖြစ်ပျက်မှုများက အမြဲတမ်းနှိပ်စက်နေခြင်း (ဒုက္ခ) တို့ကြောင့် ဖြစ်ပါသည်။

## မေးခွန်း(၅၃) ဓမ္မဒိဋ္ဌပဥှာ (ဓမ္မ=တရား ၊ ဒိဋ္ဌ =ကိုယ်တိုင်)

**အရှင်ဘုရား တရားကို ကိုယ်တိုင်မြင်ပြီးပြီလား**

ရှင်နာဂသေန က ကိုယ်တိုင် တရားကို သိတယ်၊ မသိဘူး ဟု မဖြေပါ။

မြတ်စွာဘုရားရှင်၏ ဦးဆောင်မှုသိစေမှုဖြင့် တပည့်သာဝကများသည် တစ်သက်လုံး တရားအတိုင်း လိုက်နာကျင့်သုံးနေကြခြင်း ဖြစ်ပါသည်ဟုသာ ဖြေပါသည်။

မေးခွန်း(၆၀) ကာယ ပိယာယနပဥှာ ( ကာယ= ကိုယ်ခန္ဓာ ၊ ပိယာယန= ဂရုစိုက်/ချစ်မြတ်နိုး)

**ရဟန်းတော်များသည် ကိုယ်ကာယကို မြတ်နိုးခင်တွယ်မှု ရှိကြပါသလား**

ရှင်နာဂသေန၏အဖြေမှာ - ရဟန်းတော်တို့သည် ခန္ဓာကိုယ်ကြီးကို ချစ်ခင်မြတ်နိုးခြင်း၊ တွယ်တာခြင်း မရှိကြသော်လည်း ကိုယ်ကာယကို ရေချိုးပေးခြင်း၊ သန့်ရှင်းရေး လုပ်ပေးရခြင်း၊ အစားစားပေးခြင်းများ ပြုလုပ်ရပါသည်။

ဥပမာ စစ်ပွဲတစ်ပွဲဆင်နွှဲနေစဉ် ရန်သူပစ်လိုက်၍ မြားမှန်သောဒဏ်ရာရခဲ့လျှင် ဒဏ်ရာကြီးကို ဆီလိမ်းပေးခြင်း ၊ဆေးထည့်ပေးခြင်း၊ အပေါ်ကနေပတ်တီးစီးပေးခြင်းတို့ လုပ်ရသကဲ့သို့ပင်

ရဟန်းတော်တို့သည်လည်း ခန္ဓာကိုယ်ကြီးကိုချစ်မြတ်နိုးခြင်းမရှိသော်လည်း ကိုယ်ကာယကြီးတည်တံ့နေသောအချိန်တွင် ခန္ဓာကိုယ်ကြီးကို အသုံးချပြီး မြတ်သောအကျင့်ကိုကျင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့်သာ ပြုလုပ်ကြခြင်း ဖြစ်ပါသည်။

# အပိုင်း (၇)
# ဗဟုသုတဆိုင်ရာ
# မေးခွန်းများ

# ဗဟုသုတဆိုင်ရာ မေးခွန်းများ

## မေးခွန်း (၃) ဝိမံသနပဥှာ (Batch-1 OQ No-2)

**ဥဏ်ရည်ဥဏ်သွေး ရှိ-မရှိ စမ်းသပ်ခြင်း** (ပညာရှိတို့ ဆွေးနွေးနည်း/မင်းစိုးရာဇာတို့ ဆွေးနွေးချက်)

**ပညာရှိတို့၏ဆွေးနွေးနည်း**

- ပြစ်တင်စရာရှိလျှင် အပြစ်တင်မည်။
- ထောက်ပြစရာရှိလျှင်လည်း မညှာမတာထောက်ပြမည်။
- ဖြေရှင်းစရာရှိလျှင်လည်း ဖြေရှင်းမည်။
- နှိပ်ကွပ်ပြီး ပြောတန်လျှင်ပြောမည်။
- ကုစားဖို့ နည်းလမ်းပေးပြီး ပြောဆိုမည်။
- တရင်းတနှီးပြောဆိုမှုလည်း လုပ်မည်။
- တုန့်ပြန်ပြီး ရင်နှီးသည့်စကားပြောလျှင်လည်း ပြောမည်။

ထိုသို့ပြောဆိုသောကြောင့် စိတ်ဆိုးတာမျိုး မပြုလုပ်ကြပေ။

*** မင်းစိုးရာဇာတို့၏ ဆွေးနွေးမှု**

မင်းစိုးရာဇာတို့သည် ဆွေးနွေးပွဲ၌ တစ်စုံတစ်ခုကိုဝန်ခံပြီး ပြန်လှန်ငြင်းမည်ဆိုလျှင် မင်းစိုးရာဇာများက အာဏာနှင့် ပြစ်ဒဏ်ချမှတ်တတ်သည်။ 'ခုနတုန်းက တစ်မျိုး၊ အခုတစ်မျိုး၊ သည်လူ့ကို အပြစ်ပေးလိုက်ကြစမ်း' ဟု အနိုင်ယူပြီး အပြစ်ပေးတတ်သည်။

## မေးခွန်း (၄) အနန္တကာယပဥှာ

**အနန္တကာယအမတ်ကြီး၏ မေးခွန်း (နာမသေန – ထွက်သက်၊ ဝင်သက်လေလား?)**

- လူတို့သည် အသက်ရှူသွင်း၊ ရှိုက်ထုတ်လိုက်ဖြင့် ၂၄-နာရီ **မရပ်မနား** ပြုလုပ်ကြသည်၊ **ရပ်သွားလျှင်** – ရှူသွင်းလိုက်သည့် လေသည် ပြန်မထွက်တော့ပေ။ ရှိုက်ထုတ်လိုက်သည့် လေလည်း ပြန်မဝင်တော့ဘူးဆိုလျှင် – **သေပြီဟု ပြောကြသည်။**
- ဤသို့ဆိုလျှင် "ခရုသင်း၊ ကျွဲချို၊ ပုလွေမှုတ်လိုက်သောအခါ လေသည်ပြန်မဝင်၊ သို့သော် လူမသေပါ။
- **ထွက်လေ၊ ဝင်လေ**သည် –

(၁) လူ့အသက် မဟုတ်၊ **ဝါယောဓာတ်**သာ ဖြစ်သည်။

(၂) ကာယနှင့် ဆက်စပ်ပြီး ဖြစ်ပေါ်နေသော လှုပ်ရှားမှုတစ်ခုဖြစ်၍ **ကာယသင်္ခါရ**ဟု ခေါ်သည်။

(၃) လူ့အသက်ရှင်ဖို့အတွက် အထောက်အကူဖြစ်နေသောကြောင့် – **ထွက်သက်၊ ဝင်သက်** ဟု ဆိုသည်။

* ထွက်လေ၊ ဝင်လေကို – တစ်သက်လုံး အသက်ဟု ထင်လာသည့် အနန္တကာယအမတ်ကြီး သဘောကျသွားပြီး ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာသည်။

## မေးခွန်း (၈၁) ပဿသနိရောဓ ပဥှာ

**ထွက်လေ၊ ဝင်လေ ရပ်တန့်ချုပ်ငြိမ်းရန်၊ ပြုလုပ်နိုင်ခြင်း အကြောင်း။**

*ထွက်လေ၊ ဝင်လေ = စိတ္တဇဝါယော (စိတ်ကြောင့်ဖြစ်သော ရှုရှိုက်မှု)*

*အသက်ရှူသံ၊ ဟောက်သံ = စိတ္တဇသဒ္ဒ (စိတ်ကြောင့် ဖြစ်သော အသံ)*

**သာမန်လူတစ်ယောက်**

(၁) ကာယ၊ စိတ္တ၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပတ်သက်ပြီး အလေ့အကျင့် ပြုလုပ်ထားခြင်းမရှိသော်လည်း - ကိုယ်ကာယအနေအထားတစ်ခု ပြောင်းလိုက်လျှင် ဟောက်သံ ပျောက်၊ ရပ်သွား နိုင်သည်။

(၂) မောပန်းစွာ ပြေးလာ၍ဖြစ်စေ၊ စိတ်လှုပ်ရှားနေ၍ဖြစ်စေ အသက်ရှူသံသည် အလွန်ပြင်းထန်နေတတ်သည်၊ အပန်းဖြေ နားလိုက်လျှင်ဖြစ်စေ၊ စိတ်ငြိမ်သက်အေးချမ်းသွားလျှင်ဖြစ်စေ အသက်ရှူသံ မကြားရလောက်အောင် သိမ်မွေ့သွားနိုင်သည်။

**စတုတ္ထစျာန်ဝင်စားနိုင်အောင်လေ့ကျင့်ထားသူတစ်ဦး**

(၁) **ဘာဝိတကာယ၊ ဘာဝိတစိတ္တ၊ ဘာဝိတသီလ၊ ဘာဝိတသမာဓိ၊ ဘာဝိတပညာ** ဟု ဆိုအပ်သော စနစ်တကျ ပွားများလေ့ကျင့်ထားသည့် ကိုယ်အနေအထား၊ စိတ်အနေအထား၊ သီလ၊ သမာဓိ၊ ပညာများရှိ၍ -
စတုတ္ထစျာန်တိုင်အောင် ရရှိဝင်စားနိုင်သူတစ်ဦး၏ စိတ်သည် သမာဓိစွမ်းအားကြောင့် အလွန် ငြိမ်သက် နူးညံ့သွားသည်။

(၂) လေဖြစ်နိုင်လောက်အောင် စိတ်က မထင်ရှားတော့သဖြင့် ထွက်လေ၊ ဝင်လေနှင့် အသက်ရှူသံတို့ ရပ်တန့်ချုပ်သွားသည်။

## မေးခွန်း (၂၅) အဒ္ဓါန ပဉှာ

**အချိန်ကာလ (အဒ္ဓါ)ဆိုင်ရာ ရှည်ကြာသော အချိန်ကာလ (အဒ္ဓါ) ၃-မျိုး**

(၁) **အတီတော အဒ္ဓါ** = ကုန်သွားပြီး အချိန်၊ (အတိတ်)

(၂) **အနာဂတော အဒ္ဓါ** = မရောက်လာသေးသောအချိန်၊ (အနာဂတ်)

(၃) **ပစ္စုပ္ပန္နော အဒ္ဓါ** = အတိတ်နှင့် အနာဂတ်တို့၏ အလယ်လက်ရှိ ရောက်ဆဲအချိန်၊ (ပစ္စုပ္ပန်)

**အချိန်ကာလ ရှိသောတရားများ (တေကာလိက)**

**တရား**

(၁) နောက်ဘဝ ပဋိသန္ဓေအကျိုးကို ပေးမည့် အကြောင်းတရားများ။(လောကီကုသိုလ်၊ အကု)

(၂) ဝိပါကမမ္မဓမ္မ - အကျိုးပေးနိုင်သည့် အ ကြောင်းတရားများ (ကု ၊ အကု)

(၃) ဝိပါကဓမ္မ - ရင့်ကျက်ပြီး အနေ အထား ရှိသည့် အကျိုးတရားများ

(၄) အကြောင်းတရားများကို စွဲမှီပြီး ဖြစ်သော သင်္ခါရတရားများ။ (စိတ်၊ စေတသိက်၊ ရုပ်)

- ဖြစ်ခဲ့ပြီး၊ ဖြစ်နေဆဲ၊ ဖြစ်လတ္တံ့ အချိန် ကာလ နှင့်ဆိုနိုင်သည်။

**ပုဂ္ဂိုလ်**

- သေပြီးနောက် ဘဝများ ရရှိဦးမည့်ပုဂ္ဂိုလ် (ပုထုဇဉ်၊သောတာပန်၊သကဒါဂါမ်၊အနာဂါမ်)
- သေပြီးဘဝ(အတိတ်) ၊ နောက်ဘဝဖြစ် (အနာဂတ်)၊ ဖြစ်ဆဲဘဝ (ပစ္စုပ္ပန်)

**အချိန်ကာလမရှိသော တရားများ (ကာလဝိမုတ္တ)**

**တရား**

(၁) ကုန်ဆုံးပြီး အချိန်ကာလများ (ပြန်ယူ၍ မရတော့သောကြောင့် မရှိတော့။)

(၂) ဖြစ် - ပျက်ပြီးသွားသော သင်္ခါရတရား များ။ (စိတ်၊ စေတသိက်၊ ရုပ်)

(၃) ကာလဝိမုတ်ဖြစ်သော-(နိဗ္ဗာန်၊ ပညတ်)

**ပုဂ္ဂိုလ်**

- သေပြီး ဘဝပြတ်သော ပုဂ္ဂိုလ်။ (ရဟန္တာ)
- ကိလေသာ၊ အာသဝေါများ ကုန်သွား၍ နောက်ဘဝများ မဖြစ်တော့ပါ။
  ရုပ်နာမ် ခန္ဓာငြိမ်းသွား၍- အချိန်ကာလ လည်း မရှိတော့ပါ။

## မေးခွန်း (၆၈) သံသာရပဥှာ (သံသာရ= သံသရာ)

**သံသရာ (သံသာရ)** - အဖန်ဖန်အထပ်ထပ် လှည့်လည်တတ် သည်။

**ရှင်နာဂသေန - သမ္မုတိရှုထောင့်မှ အဖြေ)**

* **ယခုဘဝမှာ** မွေးပြီး → ယခုဘဝမှာ **သေသည်။**
* ယခုဘဝမှာ သေပြီး → **နောက်**ဘဝမှာ မွေးမည်။
* **နောက်ဘဝမှာ** မွေးပြီး → နောက်ဘဝမှာ **သေမည်။**
* နောက်ဘဝမှာ သေပြီး → တခြားဘဝမှာ မွေးရဦးမည်။

ဤသို့နည်းဖြင့် - သံသရာဆိုသည်မှာ ဖြစ်နေရသည်။

**ဥပမာ** - သရက်သီးအမှည့်စား - အစေ့စိုက် - အပင်ပေါက် - - - - (သရက်ပင်တို့၏ အစကို မသိနိုင်သကဲ့သို့)

**သံသရာ (သံသာရ) DEF:**

**သတ္တဝါတစ်ဦးတည်းမှာ - ဘဝပေါင်းများစွာ** မွေးလိုက်- သေလိုက်၊ သေလိုက်- ပြန်မွေးလိုက် စသည်ဖြင့် **စဉ်ဆက် မပြတ် ဖြစ်ပေါ်နေခြင်း**သည် **သံသရာပင်** ဖြစ်သည်။

[သံသရာ = ကိလေသာနှင့် ကံ အကြောင်းတရားများ မပြတ်သေးသရွေ့ **ခန္ဓာ၊ အာယတန၊ ဓာတ်များ မပြတ်မစဲ ဆက်လက် ဖြစ်ပေါ်နေခြင်း။**]

## မေးခွန်း (၄၁) နာဂသေန ပဥှာ

**ရှင်နာဂသေနက မိလိန္ဒမင်းကြီး၏ ဉာဏ်ရည်ဉာဏ်သွေး စမ်းသပ်သည့် မေးခွန်း**

**ဆားခဲ (လောဏံ) ကို စက္ခုဝိညာဏ်စိတ်ဖြင့် သိရပါသလား**

ရသ(အငန်ဓာတ်) နှင့် ရသဝတ္ထု(အငန်ဓာတ်ရှိသော အရာ) မှာ ခွဲမရပဲ တွဲနေပါသည်။

- အငန်ဓာတ်ဆိုသည် လျှာနှင့်မှ သိနိုင်ပါသည်။ မျက်စိနှင့်မမြင်နိုင်ပါ။
- (လောဏံ)ဆားခဲသည် မျက်စိနှင့်မြင်နိုင်ပါသည်။ အလေးအပေါ့ကို ကာယဝိညာဏ်စိတ်ဖြင့် ၊ အရသာကို ဇိဝှါဝိညာဏ်စိတ်ဖြင့် ၊ အနံ့ကို ဃာနဝိညာဏ်စိတ်ဖြင့် သိနိုင်ပါသည်။

## မေးခွန်း (၄၅) နေရယိကဂ္ဂ ဥဇ္ဇာဘာဝ ပဉ္စာ (နေရယိက= ငရဲ၊ အဂ္ဂိ = မီး၊ ဥဇ္ဇာ = အပူ၊ ဘာဝ=အဖြစ်)

**ပကတိမီးထက် ငရဲမီးအပူ ပိုမို ပြင်းထန်သော်လည်း ငရဲသားသတ္တဝါများ နှစ်ပေါင်းများစွာ မီးဖုတ်ခံရစေကာမူ ကြေမွပျက်စီးမသွားရခြင်း အကြောင်း မှာ** အကုသိုလ်ကံအစွမ်းကြောင့် ကံမကုန်သေးသမျှ မသေကြခြင်း ဖြစ်ပါသည်။

**ဥပမာ** – ရေထဲမှ – မိကျောင်းမ၊ လိပ်မ၊ ကုန်းပေါ်မှ – ဒေါင်းမ၊ ခိုမ စသော သတ္တဝါများသည်

ကျောက်ခဲလေးများမျိုချမိ၍ ကြေမွ သွားသော်လည်း ဝမ်းတွင်း သန္ဓေသားလောင်း မှာ ကံအစွမ်းကြောင့် မကြေမွ သွားနိုင်ပါ။

ထို့နည်းတူ – ခြင်္သေ့၊ ကျား၊ စသည့် သတ္တဝါများတွင်လည်း စားသည့်အရိုးများကြေသွား သော်လည်း သန္ဓေသား မကြေသွားပါ။

## မေးခွန်း (၄၆) ပထဝီသန္ဓာရကပဉ္စာ (ပထဝီ= မြေကြီး၊ သန္ဓာရက= တည်ဆွဲထား)

**(Batch-1 OQ No-10)**

မိလိန္ဒမင်းကြီးက မြေကြီးသည် ရေပေါ်တွင် တည်နေသည်။ ရေသည် လေပေါ်တွင် တည်နေသည်။ လေထုကြီးမှာ အာကာသတွင် တည်နေခြင်းကို လက်မခံနိုင်ပါဟု ပြောသောအခါ

ရှင်နာဂသေနက ဓမ္မကရိုဏ်(ရေစစ်)ကို ရေထဲနှစ်ပြီး အပေါ်ကိုမလိုက်သောအခါ လေဆွဲအား၊ ပင့်တင်အားကြောင့် ရေစစ်ထဲမှရေ အောက်ကိုကျမသွားခြင်း ဖြင့် ရှင်းပြခဲ့ပါသည်။

**ပါဠိစာပေတွင်လည်း**

အကြောင်းတစ်ခုခုကြောင့် ငလျင်လှုပ်ပြီဆိုသည့်အခါ လေထုကြီးစလှုပ်ပါသည်။ လေထုလှုပ်သော အခါ ရေထုကလှုပ်သည်။ ရေထုလှုပ်သောအခါ မြေကြီးထုက လှုပ်သည်ဟု ဆိုပါသည်။

## မေးခွန်း (၅၈) ဥပ္ပဇ္ဇတိဇာနန ပဉ္စာ (ဥပ္ပဇ္ဇတိ = ဖြစ်၊ ဇာနန = သိ)

**ဖြစ်သူကိုယ်တိုင်က ဘာဖြစ်လိမ့်မည် – ဆိုတာ ကြိုတင်ပြီး သိနိုင်ပါသည်။**

**ဥပမာ** – လယ်သမားတစ်ဦးသည် ရာသီဥတုကောင်းမွန်၊ သေချာထွန်ယက်၊ စပါးစိုက်ပျိုး၊ စပါးပင်များ ရှင်သန်နေလျှင် စပါးအများကြီး ရမည်ဟု ကြိုတင်သိနိုင်သကဲ့သို့ပင် ဖြစ်သည်။

## မေးခွန်း (၆၅) အသုပေဘေသဇ္ဇ အဘေသဇ္ဇ ပဥှာ (အသု = မျက်ရည်၊ ဘေသဇ္ဇ = ဆေး၊ အဘေသဇ္ဇ = ဆေးမဖြစ်)

**ဆေးဖြစ်စေမည့် မျက်ရည် ဆေးမဖြစ်စေမည့် မျက်ရည်**

ဥပမာ - မိဘ၊ ဆွေမျိုး၊ ဥစ္စာ ပျက်စီးသေဆုံး သောကြောင့် ကျသော မျက်ရည် သည် ရာဂ၊ ဒေါသ၊ မောဟကိလေသာကြောင့် (ပူလောင်ညစ်ထေး) နေသဖြင့် ဆေးမဖြစ်ပါ။

- တရားထူး/ မြတ်ရ သောကြောင့် ကျသော မျက်ရည်သည် ရာဂ၊ ဒေါသ၊ မောဟကင်းစင်၊ ပြီး တရားဓမ္မကြောင့် ကျခြင်း ဖြစ်သဖြင့် (အေးမြသန့်ရှင်း) နေသဖြင့် ဆေးဖြစ်ပါသည်။

ရောဂါကို ပျောက်ကင်းစေတတ်သော ဆေးဖြစ်ခြင်း ၊မဖြစ်ခြင်းနှင့်မူ မသက်ဆိုင်ပါ။

## မေးခွန်း(၆၆) သရာဂ ဝီတရာဂ နာနာကရဏပဥှာ (သရာဂ= ရာဂနှင့် တကွ၊ ဝီတရာဂ= ရာဂမရှိ၊ နာနာ = ကွဲပြား၊ ကရဏ =

**ရာဂရှိသူနှင့် ရာဂကင်းသူတို့၏ ကွဲပြားခြားနားချက်**

**ရာဂရှိသူ**

ရာဂတဏှာ လွှမ်းမိုးမှုကြောင့် ကောင်းသောအာရုံ၏ အရသာ ကိုလည်း ခံစားသည်။
ကောင်းသောအာရုံ၏ အရသာပေါ်မှာလည်း တွယ်တာ တပ်မက်သည်။
(အရသာကလည်း - လွှမ်းမိုး၊ အရသာပေါ် တပ်မက်သည့်တဏှာ - လွှမ်းမိုး)

**ရာဂကင်းပြတ် (ရဟန္တာ)**

ကောင်းသော အာရုံ၏ အရသာကို သိသည်။ တွယ်တာ တပ်မက်မှု မရှိ။
အရသာပေါ် တပ်မက်သည့် တဏှာ လွှမ်းမိုးခြင်း မရှိ။

## မေးခွန်း (၇၄) ဗြဟ္မလောကပဥှာ (ဗြဟ္မလောက = ဗြဟ္မာ့ပြည် ၊ ဂမန=သွားခြင်းခရီး)

**လူ့ပြည်မှ ဗြဟ္မာပြည် အကွာအဝေး**

အိမ်၏ အထွတ်ကြီးလောက် ကြီးသည့် ကျောက်တုံးကြီးတစ်ခုကို ဗြဟ္မာ့ပြည်မှ ပစ်ချလိုက်သော် တစ်နေ့တစ်နေ့ **ယူဇနာပေါင်း၄၈၀၀၀** (မိုင်၃၈၄၀၀၀) နှုန်းဖြင့် အောက်သို့ ကျနေသော ကျောက်တုံးကြီးသည် ၄-လ ကြာမှ မြေပြင် (လူ့ပြည်)သို့ ရောက်နိုင်မည်။

**ကာယဂမန** - ကိုယ်ဖြင့်သွားလျှင် - ဖြည်းဖြည်းပဲ သွားနိုင်။
**စိတ္တဂမန** - စိတ်ဖြင့်သွားလျှင် - ဖြုတ်ကနဲ ရောက်နိုင်။

## မေးခွန်း (၇၅) ဒွိန္နလောကုပ္ပန္နာနံ (ဒွိန္န = ၂ခု၊ လောကု = လောက၊ ဥပ္ပန္နာနံ = ဖြစ်)

**ဘုံချင်း အကွာအဝေး မတူသော်လည်း လူ့ဘုံနှင့် ဗြဟ္မာ့ဘုံနှစ်ခုမှာ ဖြစ်ကြသည့် သတ္တဝါတို့၏ အချိန် တူညီရခြင်း။**

**လူ့ဘုံမှ သေပြီး** – **ဗြဟ္မာ့ပြည်**မှာ ဖြစ်ရသည့်သတ္တဝါ၊

**လူ့ဘုံမှ သေပြီး** – **လူ့ပြည်**မှာ ဖြစ်ရသည့်သတ္တဝါ၊

– **ဖြစ်ရသည့်အချိန်ချင်း မကွာခြားဘဲ တူညီ။**

**အဘိဓမ္မာသဘောအရ** –

(၁) **လူတစ်ဦးသေဆုံးသွားပြီး ဗြဟ္မာ့ဘုံ (ဘဝ)၌ ဖြစ်မည်ဆိုလျှင်** လူ့ဘဝမှာ သေသည်နှင့် တစ်ပြိုင်နက် – ကာလမခြားဘဲ ဖြစ်ရမည့်ဘဝ၌ ချက်ချင်းဖြစ်သွားသည်။

(၂) **လူ့ဘဝမှ သေဆုံးပြီး – လူဖြစ်မည်ဆိုလျှင်**

– ရုပ်အနေနှင့် ချက်ချင်းအကောင်အထည် မပေါ်သေးသော်လည်း

– သေဆုံးသည့် စုတိစိတ်ချုပ်ပြီးနောက် – ပဋိသန္ဓေစိတ် ဆက်တိုက်ဖြစ်၏။

– စုတိနှင့် ပဋိသန္ဓေကြားမှာ မည်သည့်စိတ်မှ ခြားကွယ်မှုမရှိ၊ အချိန်ချင်းလည်း ခြားကွယ်မှု မရှိ ဘယ်နေရာ (ဘုံဌာန) ၌ ပဋိသန္ဓေနေရစေကာမူ – တူညီသော အချိန်အပိုင်းအခြား ရှိ၏။

## မေးခွန်း (၇၆) ဥတ္တရကုရုကာဒိ ဂမနပဉှာ (ဥတ္တရ = မြောက်၊ ကုရု = ကျွန်း၊ ကာဒိ = အစ၊ ဂမန = ခရီး)

**မဟာဘူတကာယ (ဤခန္ဓာကိုယ်ကြီး)နှင့် ဥတ္တရကုရု – စသော လေးလံသည့်ဒေသသို့ သွားရောက် ခြင်းနှင့် ပတ်သက်သောအကြောင်း**

– စိတ်ကို ပိုင်နိုင်သော တန်ခိုးရှင်တစ်ဦးသည် သူ၏ ခန္ဓာကိုယ်ကြီးကို စိတ်ထဲ ထည့်လိုက်ပြီး စိတ်စွမ်းအားနှင့် ကောင်းကင်သို့ ပျံတက်ကာ ဥတ္တရကုရု (မြောက်ကျွန်း) သို့ဖြစ်စေ၊ တခြားကျွန်း ဒေသသို့ ဖြစ်စေ၊ ဗြဟ္မာ့ပြည်သို့ ဖြစ်စေ သွားရောက်နိုင်ပါသည်။

ဤမဟာဘူတကာယ (ခန္ဓာကိုယ်ကြီး)ကို အမြင့် ၈–တောင် လောက်ထိအောင် စိတ်စွမ်းအားဖြင့် ခုန်နိုင်ရန် ငယ်စဉ်က ပြုလုပ်ခဲ့ပုံ (သာဓက)

(၁) မည်မျှအမြင့်ထိအောင် ခုန်မည်ဆိုပြီး စိတ်ကို အားသွင်းလိုက်သည်။

(၂) ၎င်းနောက် – ထိုအမြင့်ရောက်အောင် ခုန်မည်ဆိုသည့် စိတ်နှင့် ခုန်လိုက်သည်။

(၃) စိတ်ဆန္ဒ ရည်မှန်းချက်အတိုင်း – ခန္ဓာကိုယ်ကြီးက ပေါ့ပါးမြောက်တတ်သွားသည်။

(၄) ခုန်ပျံတောမည်ဆိုလျှင် –

စိတ်စွမ်းအားဖြင့် ပထဝီနှင့် အာပေါဓာတ်ကို လျော့ချပြီး တေဇောနှင့် ဝါယောဓာတ်ကို မြှင့် တင်ပေးလိုက်သောအခါ လူ၏ ခန္ဓာကိုယ်သည် ပေါ့သွားပြီးနောက် ခုန်ပျံ၍ ရသွားဖူးလေ သည်။

**မေးခွန်း (၈၀) ဒီဃင်္ဂပညာ (ဒီဃ = ရှည်၊ အင်္ဂ = အရိုး)**

**သတ္တဝါတို့၏ အရိုးရှည်ခြင်းနှင့် ပတ်သက် သောအကြောင်း**

**သစ်ပင်တို့တွင် ယူဇနာ (၁၀၀) ရှည်သော သစ်ပင်မရှိဘဲနှင့် သတ္တဝါတို့၏ အရိုးသည် ယူဇနာ (၁၀၀) မက အဘယ့်ကြောင့် ရှည်နိုင်ပါ့မလဲ?**

**သမုဒ္ဒရာထဲမှာ - ယူဇနာ (၅၀၀) အလျားရှိသော ငါးကြီးများရှိ၍** ၎င်းငါးကြီးတို့၏ အရိုးများသည်လည်း သတ္တဝါကြီးသလောက် ရှည်နိုင်မည် ဖြစ်သည်။

**မေးခွန်း(၈၂)သမုဒ္ဒပညာ (ပင်လယ်ရေကို အဘယ်ကြောင့် သမုဒ္ဒဟု ခေါ်ရခြင်း အကြောင်း)**

**သမုဒ္ဒ ဟု ခေါ်ရခြင်းအကြောင်း**

(၁) ရေရှိသမျှ - အငန် ရှိသည်။

(၂) အငန်ရှိသမျှ - ရေ ရှိသည်။

(၃) ရေနှင့်အမျှ - အငန်ဓာတ်များရှိခြင်းကြောင့် သမုဒ္ဒ ဟု ခေါ်ရသည်။

**"သမုဒ္ဒ" ဝေါဟာရအဓိပ္ပာယ်** - ရေနှင့်အမျှ အငန်ဓာတ်ရှိသောကြောင့် သမုဒ္ဒ မည်၏။

**အဘိဓာနပ္ပဒီပိကာဋီကာကျမ်း၌ ဖွင့်ဆိုချက်** - လထွက်သည့်အခါ ရေတိုးသည့်နေရာဖြစ်၍ သမုဒ္ဒ မည်၏။

**သမုဒ္ဒ (သမုဒ္ဒရာ)ထဲ၌ လထွက်သည့်အခါ ရေတိုး(ဒီရေတက်)ရခြင်း**

**ပါဠိစာပေ၊ သံယုတ္တနိကာယ၊ ဥပယန္တိသုတ်အဖွင့်ဋီကာ၌**

(၁) ပင်လယ်ထဲ၌ ကျောက်ဆောင်ကြီးများ ရှိသည်။ ၎င်းကျောက်ဆောင်ကြီးများတွင် - လရောင်နှင့်တွေ့လျှင် ရေများ အန်ထွက်တတ်သည့် "စန္ဒာကန္တကျောက်" များရှိသည်။

(၂) တခြားအချိန်များတွင် - ကျောက်ဆောင်ထဲမှာ ရေဝပ်နေသော်လည်း လထွက်လာ၍ လရောင်နှင့်တွေ့သော် ၎င်းကျောက်များမှ ရေများ အန်ထွက်လာပြီး ရေတိုးရခြင်း (ဒီရေတက်ရခြင်း) ဖြစ်သည်။

**ယခုခေတ် အဖြေထုတ်ပုံ**

(၁) လဆွဲအားကြောင့် ဒီရေတက်သည်။

(၂) လဆန်းရက်မှစပြီး ဒီရေတက်လေ့ရှိသည်။

(၃) လပြည့်နေ့ရောက်လျှင် - အမြင့်ဆုံးတက်သည်။

## မေးခွန်း (၈၃) သမုဒ္ဒ ကေရသပဉှာ (သမုဒ္ဒ=သမုဒ္ဒရာ၊ ကေ=တခုထဲ၊ ရသ = အရသာ)

**သမုဒ္ဒရာရေများ အငန်ဓာတ်တစ်မျိုးတည်း ရှိရခြင်း**

**ရှင်နာဂသေန** – ရေများသည် နှစ်သန်းပေါင်းများစွာ သမုဒ္ဒရာ (ပင်လယ်ထဲ၌) တည်ရှိနေကြသော ကြောင့် ငန်သောအရသာ (အငန်ဓာတ်) တစ်မျိုးတည်း ရှိရခြင်းဖြစ်သည်။

**ယခုခေတ် အဖြေထုတ်ပုံ**

(၁) မိုးရွာချလိုက်သည့်အခါ ကျောက်ဆောင်များနှင့် မြေပေါ်တွင် ရှိသော အငန်ဓာတ်များသည် မိုးရေနှင့်အတူ ပါသွားပြီး ပင်လယ်သမုဒ္ဒရာထဲ ရောက်သွားသည်။

(၂) နှစ်သန်းပေါင်းများစွာ ကြာသောအခါ ၎င်းအငန်ဓာတ်များ စုမိလာသည်။

(၃) အပေါ်မှ ရေများ အခိုးဖြစ်ပြီး ပျောက်သွားသော်လည်း အငန်ဓာတ်များ အောက်မှာ ကျန်ရစ်သည်။

(၄) နှစ်သန်းပေါင်းများစွာ အငန်ဓာတ်များ စုမိပြီး ဆားငန်ရေအတိ ဖြစ်သွားရသည်။

# လက္ခဏာများ

| | လက္ခဏာ အမည် | အဓိပ္ပါယ် | ဥပမာများ |
|---|---|---|---|
| ဖဿ | ဖုဿန | – ထိတွေ့ခြင်း | – သိုးနှစ်ကောင် |
| ဝေဒနာ | ဝေဒယိတ<br>အနုဘဝန | – အာရုံကို ခံစားခြင်း<br>– အာရုံ၏အရသာကို သိခြင်း | – ဘုရင်ကျေးဇူးပြုခံရသူ<br>– *ဘုရင့်စားတော်ကဲ* |
| သညာ | သဉ္ဇာနန | – မှတ်သားခြင်း၊ အမှတ်အသားဖြင့် သိခြင်း | – ဘုရင့်ဘဏ္ဍာ တော်ထိန်း (အရောင်)<br>– *လက်သမားဆရာ (အမှတ်အသား)* |
| စေတနာ | စေတယိတ<br>အဘိသန်ဓာန | – စေ့ဆော်/ဆော်သြ/ တိုက်တွန်းခြင်း<br>– အကျိုးတရားများဖြစ်အောင် ပြင်ဆင် ဆောင်ရွက်ခြင်း | –ကုသိုလ်/အကုသိုလ်စေတနာ<br>– *လယ်ပိုင်ရှင် စေခိုင်းခြင်း* |
| ဝိတက္က | အပ္ပနာ<br>*အဘိနိရောပန* | – စိတ်ကို အာရုံတွင် ထည့်သွင်းခြင်း<br>– *စိတ်ကို အာရုံပေါ်တွင် တင်ပေး (ဆုံပေး)ခြင်း* | – လက်သမားဆရာ<br>– *ဘုရင့်နန်းတော် မရောက်ဘူးသူ* |
| ဝိစာရ | အနုမဇ္ဇန | – အာရုံအပေါ်တွင် အဖန်ဖန် အထပ်ထပ် ကြံစည် သုံးသပ်ခြင်း | – ကြေးစည်/ကြေးမောင်း<br>– *ဝိတုန်း ကြာပန်းနားရစ်ဝဲ* |
| ဝိညာဏ | ဝိဇာနန | – စိတ်တွင် ဝင်လာသမျှ အာရုံကို သိခြင်း | – မြို့စောင့်ပုဂ္ဂိုလ် |

# လက္ခဏာများ

| | | | |
|---|---|---|---|
| သီလ | ပတိဋ္ဌာန | - တည်ရာအဖြစ်ကို ဆောင်ရွက်ခြင်း | - မျိုးစေ့ ၊ အပင် ၊ မြေကြီး |
| သဒ္ဓါ | သမ္ပသာဒန<br><br>သမ္ပက္ခန္ဒန | - စိတ်အစဉ်ကို ကြည်လင်သန့်ရှင်း သွား အောင်လုပ်ခြင်း<br>- အာရုံတစ်ခုကို လွတ်လွတ်ကျွတ်ကျွတ် ထိုးဖောက် ဝင်ရောက်နိုင်ခြင်း / ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်၊ ဖြတ်ကူးနိုင် | - စကြဝတေးမင်းကြီး၏ ပတ္တမြားရတနာ<br><br>- သံသရာဝဋ်မှ လွတ်အောင် ကူးနိုင်သူ |
| ဝီရိယ | ဥပတ္ထမ္ဘန | - အထောက်အကူပြုသော /ထောက်ပံ့ ကူညီသော | - သစ်သားအိမ် ကျားကန် |
| သတိ | အပိလာပန<br>ဥပဂ္ဂဏှန | - မြုပ်နေလျှင် ပေါ်လာစေခြင်း/ အမှတ်ရစေခြင်း<br>- ချီးမြှင့်ပေးခြင်း | - ဘုရင့်ဘဏ္ဍာစိုး စာရင်းအင်း<br>- စကြဝတေးမင်းကြီး၏ သားကြီးရတနာ |
| သမာဓိ | ပမုခ | - အခြေအနေကောင်းများကို ဦးဆောင် ကြီးမှူးသော | - ဘုရင်ဦးဆောင်တိုက်ပွဲ |
| ပညာ | ဆေဒန<br>သြဘာသန | - ဆုံးဖြတ်ခြင်း၊ ဖြတ်တောက်ပေးခြင်း<br>- အလင်းရောင်ပေးခြင်း | - ပြတင်းပေါက်ပိတ်ထား၍ မှောင်နေ သော အိမ်<br>- |
| မနသိကာရ | ဦဟန | - စဉ်းစားခြင်း ၊စိတ်ကူးကြံစည် တွေးတောခြင်း | - ဂျုံရိုက်ခြင်း |